# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

[Book.134(2163-2177)

သွေးပြန်လည်မွေးဖွားခြင်းအဆင့်

.May Be:

၂၁၆၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၁၆၃ - ကောင်းကင်ကလန်၏ အပြစ်သား

ယန်ယွဲ့ သည် အတော်လေးကို အံ့အားသင့်သွားသည်။

သို့သော် သူသည် ချုန်းချီ ပြောသည့်အတိုင်းသာ လုပ်ဆောင်လိုက်သည်။ မူလစေတီထဲ ကို ချက်ချင်းပြန်ဝင်လာခဲ့သည်။

မူလစေတီ ထဲကို ရောက်လာသော်လည်း
အပြင်လောကရှိ ဖြစ်ပျက်နေသမျှကို
အာရုံခံစားနိုင်တုန်းပါ။

ကြက်သွေးရောင်လွင်ပြင်၏အဆုံးတွင်
မြင့်မားသောတောင်တန်းကြီးတစ်ခုတည်
ရှိခဲ့သည်။ ကောင်းကင်သို့တိုင်
ပြန့်ကျဲသွားကာ
အမြင်အာရုံတစ်ဆုံးထိပင်

တောင်ထိပ်ကို မမြင်နိုင်ပေ။

၎င်းသည် အလယ်စကြာဝဠာ နှင့်

လောကသုံးပါး ကို ချိတ်ဆက်ထားသော

ကောင်းကင်တိုင်တောင်တန်းကြီးပါ။

ဤအခိုက်အတန့်တွင်

ရောမနဂါးနက်ကြီးတစ်ကောင်ဟာ

တောင်တန်းပတ်ပတ်လည်ကို

ရစ်ခွေထားလေသည်။ ထိုသို့ဖြစ်နေရာ

နဂါးနက်ကြီး၏ အရွယ်အစားက ယန်ယဲ့ ထင်ထားသည်ထက်ပင် ကျော်လွန်နေခဲ့သည်။ နဂါးခေါင်းပိုင်းက တောင်ကြီးတစ်လုံးအရွယ်အစားပါ။

တစ်နည်းပြောရလျှင် ထိုနဂါးနက်ကြီးက ယန်ယဲ့မြင်ဖူးသမျှ အကြီးဆုံး သတ္တဝါတစ်ကောင်ပါ။

နဂါးနက်ကြီး သည်

ကောင်းကင်တိုင်တောင်တန်း၏

ပတ်ပတ်လည်ကို ရစ်ပတ်ထားသည်။

ယန်ယဲ့ သည် အောက်ခြေကစ၍

တောင်တန်း၏အဆုံးဆီသို့ ဖြန့်နေသော

နဂါးအမြီးကို

ရှင်းရှင်းလင်းလင်းမြင်နေရသည်။

နဂါးနက်ကြီးက ပတ်ဝန်းကျင်ကို
အေးစက်စွာ စိုက်ကြည့်နေလေရာ
လူတိုင်း ကြောက်ရွံ့ထိတ်လန့်နေခဲ့သည်။

ဤအခိုက်အတန့်တွင်
ကောင်းကင်တိုင်တောင်တန်းနှင့်
ကြက်သွေးရောင်လွင်ပြင်သည်
လုံးဝတိတ်ဆိတ်သွားသည်။

အသက်ရှူချိန်

အနည်းငယ်ကြာပြီးနောက်တွင်

နဂါးနက်ကြီး၏

ရောမျက်လုံးကြီးထဲကနေ

အလိုမကျသည့်အမူအရာများ

ပေါ်လာသည်။

အချိန်အကြာကြီးမကြာလိုက်ဘဲ

ပတ်ဝန်းကျင်ကို

ပြန်ပြီးစိုက်ကြည့်နေသည်။

၎င်း၏အကြည့်များက တစ်စုံတစ်ခုကို ရှာဖွေနေပုံပါ။ ဖြည်းညှင်းစွာ ကြည့်ငုံ့ကြည့်နေခဲ့သည်။

အချိန်အနည်းငယ်ကြာပြီးနောက်တွင် နဂါးနက်ကြီး၏ မျက်လုံးများက တဖြည်းဖြည်း မျက်မှောင်ကြုတ်လာသည်။ ခဏအကြာတွင် ခေါင်းယမ်းပြီးနောက် တောင်ထိပ်သို့ပျံတက်သွားသည်။

ထို့နောက် သိပ်မကြာလိုက်ဘဲ

လူတိုင်း၏မျက်စိရှေ့မှာပင်

ပျောက်ကွယ်သွားတော့သည်။

ရှူး....

ဤအခိုက်အတန့်တွင်

ကောင်းကင်တိုင်တောင်တန်း နှင့်

ကြက်သွေးရောင်လွင်ပြင်တစ်လျှောက်မှ

သက်ပြင်းချသံများ ပွဲတင်ထပ်နေသည်။

မူလစေတီတွင်.... ။

ဟိုချင်က ယန်ယဲ့ ကို စိုက်ကြည့်နေသည်။

ထိုအချိန်တွင် ချုန်းချီက

ရုတ်တရက်ပြောလိုက်သည် "အဲဒီနဂါးက

မင်းကို ရှာနေတာထင်တယ်"

ဟိုချင် က ချုန်းချီ ကို ရုတ်တရက် စိုက်ကြည့်ကာ "ဒီသူငယ်ကို ဘာလို့ရှာနေတာလဲ"

ချုန်းချီ က သူ့ကို တစ်ချက်ကြည့်လိုက်ပြီး "ဘာလို့ ဒီကိုဆင်းလာတာလဲ သိလား"

ဟိုချင် က သူ့ခေါင်းကို ခါလိုက်ပြီး "ငါ မသိဘူး။ ဒါပေမဲ့ သူက ကြီးကြီးမားမား

အမှားလုပ်ခဲ့တယ်လို့တော့

ငါကြားပါတယ်"

“အဲဒါက အစမဖော်လို့တောင်မရဘူး”

ချုန်းချီက ဆက်ပြောလိုက်သည် “ဒါဟာ

လုံးဝကို ကြောက်စရာကောင်းတဲ့

အပြစ်တစ်ခုကြောင့်။ တကယ်လို့

ကောင်းကင်ကမ္ဘာအတွက် တစ်ချိန်လုံး

ကောင်းတဲ့အရာတွေသာ မလုပ်ပေးခဲ့ရင်

ဒီပြစ်မှုနဲ့ခေါင်းဖြတ်ခံနေရလောက်ပြီ"

ဟိုချင် က အတော်လေး သိချင်နေပုံပါ

"သူ ဘာလုပ်လိုက်တာလဲ"

ချုန်းချီ က ခေါင်းခါလိုက်ပြီး

"အဲဒီနဂါးက လုံးဝကို မိုက်မဲတယ်။ သူက ကောင်းကင်အင်ပါယာအရှင်ရဲ့ သမီးတော်နဲ့ပေါင်းပြီး အဲဒီလူရဲ့ရတနာကို ခိုးယူခဲ့တယ်”

ဟိုချင် က အံ့သြသွားပြီး “ဘယ်လို၊ ဒီမူလစေတီရဲ့ အရင်ပိုင်ရှင်လား”

တာအိုဝတ်ရုံအဘိုးအို ။

ချုန်းချီက ခေါင်းညိတ်လိုက်သည်။

"သောက်ကျိုးနည်းတာပေါ့" ဟိုချင် က ခေါင်းခါလိုက်သည်

"ဘယ်လောက်တောင်

သတ္တိရှိလိုက်သလဲ"

"သူက ဦးနှောက်မရှိလို့" ချုန်းချီ က

အေးစက်စက်ပြောလိုက်သည်

"မင်းသိလား... ဒါဟာ ကောင်းကင်ကလန်

ကို ကပ်ဘေးကျမတတ်ပဲ။ ဒါ့အပြင်

ကောင်းကင်သမီးတော်ပါ

အပြစ်ပေးလုနီးပါး။ကောင်းကင်အင်ပါ

ယာရှင်က ဒေါသအရမ်းထွက်နေတော့

အဲဒီနဂါးရဲ့ခေါင်းကို ဖြတ်ခါနီးနေပြီ။ ကောင်းကင်ကလန်ထဲက အများစုက အသနားခံပေးလို့သက်သာသွားတာ။ မဟုတ်ရင် ဒီအချိန်မှာ ပုပ်သိုးနေတဲ့အလောင်းကောင်ဖြစ်နေလောက်ပြီ”

ဟိုချင် က "အဲဒီလူက ဒီကိစ္စကို မလိုက်ဘူးလား"

ချုန်းချီ က သူ့ခေါင်းကို ခါလိုက်ပြီး

"သူက ဘယ်လိုလုပ်မလဲ။

ကောင်းကင်ကလန်

ကိုတိုက်ခိုက်မှုပဲရမယ်။ ဒါက

ဖြစ်နိုင်မလား။

ဒါ့အပြင် သူက ကောင်းကင်သမီးတော်

ကို အတော်လေးနှစ်သက်တယ်။

ဒါကြောင့် ခွင့်လွှတ်လိုက်တာပဲ”

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ က

ရုတ်တရက် မေးလိုက်သည်

"အဲဒီမိန်းကလေးက ရှောင်ချီ လား"

ချုန်းချီ က ခေါင်းညိတ်ပြီး

ပြောလိုက်သည် "ဟုတ်တယ်၊

ကောင်းကင်ကလန် ရဲ့ နံပါတ်တစ်

နတ်ဆိုးလေးပဲ"

ယန်ယဲ့ သည်

စကားမပြောနိုင်လောက်အောင်

ခံစားလိုက်ရသည်။

တစ်ချိန်တည်းတွင် ချုန်းချီ က

ဆက်ပြောသည် “သူ ဒီကိစ္စကို

မလိုက်ခဲ့ပေမဲ့

ကောင်းကင်အင်ပါယာအရှင် က

ဘယ်လိုလုပ်ငြိမ်နေနိုင်မှာလဲ။ ဒါဟာ

ကောင်းကင်ကလန်အတွက်

ကပ်ဘေးကျလုနီးပါးပဲလေ။

ကောင်းကင်အင်ပါယာအရှင် က

ဒီနဂါးကို မသတ်ရင်တောင်

အပြစ်ဒဏ်ကတော့ရှောင်လို့မရဘူး။

ဒါကြောင့်

ကောင်းကင်တိုင်တောင်တန်းကို

ထာဝရစောင့်ကြပ်ဖို့

နယ်နှင်ဒဏ်ပေးလိုက်တယ်”

ဤအချိန်တွင် ယန်ယဲ့ သည် ရုတ်တရက် နားလည်လာသည်။

ထိုနဂါးနက်ကြီးက နံပါတ် ၇ မင်းသမီး ရှောင်ချီ၏ အပေါင်းအပါဖြစ်သည်။

၎င်းက ရှောင်ချီ ကို ကူညီပြီး မူလစေတီအား ခိုးယူခဲ့သည်။

ထို့နောက်တွင် ရှောင်ချီ

ထွက်ပြေးသွားသောကြောင့်

နဂါးနက်ကြီး

ဟာ

အကြီးအကျယ်ဒုက္ခရောက်သွားလေ

တော့သည်။

ထိုအချိန်တွင် ယန်ယဲ့ က တစ်ခုခုကို

တွေးနေပုံရသည်။ သူက “ခဏနေပါဦး။

တာအိုဝတ်ရုံအဘိုးအို က

အရမ်းသန်မာတယ်လေ။ ဒီကောင်ကြီးက

သူ့ဆီကနေ ခိုးယူဖို့ဆိုတာ မဖြစ်နိုင်ဘူး

မဟုတ်လား”

ချုန်းချီ က ခေါင်းခါလိုက်ပြီး “သူက

ဒီရတနာကို ဘေးနားမှာ

ထားတာမဟုတ်ဘူး။ အဲဒီအစား

ဆေးလုံးခန်းမ မှာသိမ်းထားလိုက်တာ။

အဲဒီကလေးမလေးက သူ့ရဲ့

ဆေးလုံးခန်းမ မှာ

အမြဲတမ်းလာကစားနေကြလေ။

ဒီမိုက်မဲတဲ့နဂါးက ကလေးမလေးရဲ့

အငွေ့အသက်ကို

ဖုံးကွယ်ပေးပြီးတော့ဆေးလုံးခန်းမထဲကို

ခိုးဝင်ခဲ့တယ်။အတိုချုပ်ပြောရရင်

သူ့အတွက်မဟုတ်ရင်

အဲဒီကလေးမလေးက ဒီရတနာကို

လုံးဝခိုးယူနိုင်မှာမဟုတ်ဘူး”

ယန်ယဲ့ က "ဒီနဂါးက မင်းအရင်တုန်းက ပြောခဲ့တဲ့ မူလမီးလျှံနဂါးလား"ဟုမေးလိုက်သည်။

ချုန်းချီ က "အခုလောလောဆယ်မှာ ဒီငတုံးနဂါးကို လွတ်မြောက်ဖို့အတွက်ဆို နည်းလမ်းတစ်ခုပဲရှိတော့တယ်။ ရှောင်ချီ ကိုရှာဖို့ပဲ။ ရှောင်ချီ ကပဲ ဒီမိုက်မဲတဲ့နဂါးကို

သက်ညှာပေးဖို့
ကောင်းကင်အင်ပါယာအရှင်ကို
တောင်းဆိုနိုင်မှာပါ"

ယန်ယဲ့၏ မျက်လုံးများ
တောက်ပလာသည် " ရှောင်ချီ က
ငါနဲ့အတူရှိနေတယ်။ ရှောင်ချီ ကို
ဒီနဂါးဆီခေါ်သွားလိုက်ရင်

ကောင်းကင်တိုင်တောင်တန်းက

ဒီလူယုတ်မာတွေအားလုံးကို သတ်ဖို့

တောင်းဆိုနိုင်မယ်ထင်တယ်”

စကားပြောပြောပြီးနောက် ယန်ယဲ့ သည်

မူလစေတီထဲမှ ထွက်သွားရန်

ပြင်လိုက်၏။ သို့သော်လည်း ချူန်းချီ က

ရုတ်တရက်တားလိုက်သည်

"မင်းသေချင်ရင် သူ့ဆီသွားလိုက်ပါ"

ယန်ယဲ့ က နောက်လှည့်ကာ ချုန်းချီ ကို စိုက်ကြည့်ရင်း "မင်း ဘာကိုဆိုလိုတာလဲ"ဟုမေးလိုက်သည်။

ချုန်းချီ က "ကလေး၊ ရှောင်ချီ က အခု သတိလစ်နေတယ်ဆိုတာ မင်းသဘောပေါက်သင့်တယ်။ ရှောင်ချီ သတိမေ့သွားအောင် မင်းလုပ်လိုက်တာလို့ သူထင်ရင် ဘာဆက်လုပ်မလဲ။ ဒါ့အပြင် မူလစေတီ

ရှိသေးတယ်။ ဒါဆို ဒီနဂါးက မင်းကို အသာတကြည်နဲ့လက်ခံစကားပြောပါ့မလား။ တွေးကြည့်လိုက်…”

ယန်ယဲ့ သည် ချုန်းချီပြောသည့် စကားကြောင့် ဘယ်လိုပြောရမှန်းတောင်မသိတော့ပေ။

ချုန်းချီ က ဆက်ပြောသည် “ဒါ့အပြင် တခြားသူတွေကို

အမြဲသတိထားရမယ်။မူလစေတီ

အတွက်နဲ့ မင်းအပေါ်

မကောင်းကြံလာရင် ဘယ်သူမှ

ကယ်နိုင်မှာမဟုတ်ဘူး။ငါ မင်းကို

မကြောက်ကြောက်အောင်

ဖြဲခြောက်နေတာလည်းမဟုတ်ဘူးနော်။

ဒီမူလစေတီက ဘယ်လောက်

အဖိုးတန်တယ်ဆိုတာ

မင်းမသိလောက်သေးဘူး။

လောကသုံးပါး မှာ

ဒါကိုမလိုချင်တဲ့သူရယ်လို့မရှိဘူး။

ဒါကြောင့် ရှောင်ချီ မနိုးမချင်း

အဲဒီမိုက်မဲတဲ့နဂါးဆီကို မသွားဘဲ

ဝေးဝေးမှာနေတာ အကောင်းဆုံးပဲ”

ယန်ယဲ့ က ခဏာမျှစဉ်းစားပြီး

ခေါင်းညိတ်လိုက်သည်။ ချူန်းချီ

ပြောသည်က အမှန်ပင်။ သူသည်

လူတိုင်းကို သတိထားရပါမည်။

နဂါးနက်ကြီးသာ မကောင်းကြံလိုပါက

သူသည်

အသတ်ခံရဖို့သေချာသလောက်ပင်။

အခိကကတော့ သူတို့ဟာ

အဆင့်တူများမဟုတ်ကြလို့ပါ။

ထိုအရာက သူ့ယုံကြည်မှုကို

ထိခိုက်စေသော်လည်း

အမှန်တရားတစ်ခုပင်။

ထိုအချိန်တွင် ယန်ယဲ့က ချန်းချီကို စိုက်ကြည့်ရင်း "သူနဲ့ မင်းရဲ့ဆက်ဆံရေးက ဘယ်လိုလဲ"

"မစဉ်းစားနဲ့တော့" ချန်းချီ က ခပ်ပြတ်ပြတ်ပြောလိုက်သည် "ငါက သူနဲ့ မရင်းနှီးဘူး"

ယန်ယဲ့ က ဘာဆက်ပြောရမှန်းမသိပေ။

ချုန်းချီ က ထပ်ပြောပါသည် "ကလေး၊ ဒီမိုက်မဲတဲ့နဂါးက တစ်ခုခုကို သေချာပေါက် ခံစားမိတာဖြစ်မယ်။ အဲ့ဒါကြောင့် ကိုယ်ထင်ပြတာပဲ။ ဒါဆို မင်းသတိထားရမယ်။ မဟုတ်ရင် အသက်ဘယ်အပေါက်ကထွက်သွားမှန်း တောင်သိမှာမဟုတ်ဘူး"

ယန်ယဲ့ က ရုတ်တရက် မေးလိုက်သည်

"ရှောင်ချီ က မူလစေတီထဲမှာ

ရှိနေတာဆိုတော့ ဒီနဂါးက

မသိနိုင်လောက်ပါဘူး...

ဟုတ်တယ်မလား"

ချုန်းချီက ခေါင်းခါလိုက်ပြီး

"ငါပြောတာမမှားဘူးဆိုရင် အဲဒီနဂါးက

မင်းကိုယ်ပေါ်မှာ

ရှောင်ချီ ရဲ့ အငွေ့အသက်ကို

အာရုံခံမိတာဖြစ်ရမယ်။

ဘာလို့လဲဆိုတော့ မင်းက သူမနဲ့

မကြာခဏ ထိတွေ့ဆက်ဆံတယ်။

ဒါကြောင့် မူလစေတီထဲက

ပြန်ထွက်သွားရင်

ကိုယ့်ကိုယ်ကိုဖုံးကွယ်ထားပါ”

"ကောင်းပြီ" ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့ သည် ချန်းချီ၊ ဟိုချင် တို့နှင့်

ခဏကြာ စကားပြောဆိုပြီးနောက်

မူလစေတီထဲမှ ထွက်သွားရန်

ပြင်လိုက်သည်။ ဤအခိုက်အတန့်တွင်

သူသည် ချန်းချီ နှင့် ဟိုချင်

တို့၏ပြောစကားများအရ လောကသုံးပါး

အကြောင်းကို

အကြမ်းဖျင်းနားလည်လိုက်သည်။

သို့သော် တာအိုဝတ်ရုံအဘိုးအို

အကြောင်း မေးရာတွင်တော့
နှစ်ယောက်စလုံး စကားတစ်ခွန်းမှ
မပြောခဲ့ကြပေ။

ထိုအခြေအနေက ယန်ယဲ့အား
အတော်လေး စိတ်ဓာတ်ကျစေသည်။

၂ နာရီခန့်အကြာတွင် ယန်ယဲ့ သည်
မူလစေတီထဲမှ ထွက်သွားရန်
ဆုံးဖြတ်လိုက်သည်။ ဤအတောအတွင်း

သူသည် တစ်ခုခုကို တွေးမိလိုက်ပုံရပြီး

ဟိုချင် ကို စူးစိုက်ကြည့်ကာ

"အကြီးအကဲဟို၊

မင်းသိတယ်မဟုတ်လား။

သစ်သားဓားကို ချိတ်ပိတ်ထားတယ်၊

အဲဒါကို မင်းဖြုတ်လို့ရမလား"

ချိတ်ပိတ်ထားသည့်တိုင်အောင်

သစ်သားဓားက

အတော်လေးကြောက်စရာကောင်းလှသ
ည်။

ဟိုချင် က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
"မင်းဒီလိုမလုပ်ရင် အကောင်းဆုံးပဲ"

ယန်ယဲ့ က အံ့သြသွားပြီး "ဘာလို့လဲ"

ဟိုချင် က “ချိတ်ပိတ်စည်းကို

ဖယ်လိုက်တာနဲ့

မင်းသုံးနိုင်မှာမဟုတ်ဘူး။ နားလည်လား"

ဟုတ်လား ။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။

ထို့နောက် စကားတစ်ခွန်းမှ မပြောဘဲ

မူလစေတီထဲမှ ထွက်လာခဲ့သည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
ကောင်းကင်တိုင်တောင်တန်းကို
စိုက်ကြည့်လိုက်သည်။ သူသည်
တောင်တန်းနှင့်
အလွန်ဝေးနေသေးသော်လည်း ၎င်းကို
မြင်နိုင်သေး၏။အကြောင်းကတော့
တောင်တန်းကြီးက

မိုးကောင်းကင်ထိတိုင်
မြင့်မားနေသောကြောင့်ပင်။

ကောင်းကင်တိုင်တောင်တန်း၏
အဆုံးတွင်တော့ လောကသုံးပါး
ရှိနေခဲ့သည်။

၎င်းသည် သူသွားရမည့်နေရာပင်။

ယန်ယဲ့ သည် အချိန်အတော်ကြာ

တိတ်ဆိတ်နေပြီးမှ ထွက်သွားရန်

ပြင်လိုက်သည်။ သို့သော်လည်း

ညာဖက်ကို ရုတ်တရက်

လှမ်းကြည့်လိုက်သည်။

သူ့ပါးစပ်ထောင့်မှ

အေးစက်စက်အပြုံးတစ်ခု ပေါ်လာသည်

"မင်းတို့လည်း ဒီမှာရှိဖို့

မမျှော်လင့်ထားဘူး"

စကားပြောပြီးနောက် နေရာမှာတင်
ပျောက်သွားသည်။

အဘိုးကြီးနှစ်ယောက်က အဝေးကနေ
ဖြတ်လျှောက်သွားသည်ကို
လှမ်းမြင်လိုက်လို့ပါ။

ထိုအဘိုးကြီးနှစ်ယောက်ဟာ ထိုနေ့က
ယင်ကလန်မှ လွတ်မြောက်သွားသော

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ

နှစ်ယောက်ပါ။

ဆံပင်ဖြူအဘိုးကြီးယင်ခေး နှင့်

ဟန်ရိုးရာဝတ်စုံဝတ်အဘိုးကြီး ။

......

ယင်ခေး၏ နံဘေးမှ အဘိုးကြီးက

"ယင်ခေး၊ ဘိုးဘေးယင်ဂျင်းဒီ ရဲ့

မူလခန္ဓာကိုယ်က အလယ်စကြာဝဠာမှာ ရှိနေတုန်းပဲမဟုတ်ဘူးလား။ ဘာကြောင့် သူမရဲ့ အစိက ခန္ဓာကိုယ်ကို အသုံးမပြုတာလဲ။ တကယ်လို့ သူမရဲ့ မူလခန္ဓာကိုယ်နဲ့ဆိုရင် ယန်ယဲ့ နဲ့ တခြားလူတွေကို သတ်ပစ်ဖို့ လုံးဝ လွယ်မှာမဟုတ်ဘူးလား"

ယင်ခေး က ခေါင်းခါလိုက်ပြီး

"ဘိုးဘေးယင်ဂျင်း မှာ သေချာပေါက်

အကြောင်းပြချက် ရှိတယ်"

ယင်ခေး၏ နံဘေးမှ အဘိုးကြီးက

ထပ်ပြောလိုက်သည် “ ယန်ယဲ့က

ကောင်းကင်တိုင်တောင်တန်းမှာ

ရှိတယ်လို့ ငါကြားတယ် ”

ယင်ခေး က အေးစက်စွာ ရယ်မောရင်း "သူက ကိုယ့်သေတွင်းကိုတူးလိုက်တာ။ သူရောက်နေတာကို ဖော်ထုတ်ပြီးတာနဲ့ သူ့အဖေယန်ဝုဒီ ကိုယ်ထင်ပြရင်တောင် သူ့ကို ကယ်တင်နိုင်မှာ မဟုတ်ဘူး"

ယင်ခေး၏ နံဘေးမှ အဘိုးကြီးက ခေါင်းခါလိုက်သည် "ဒါတွေအားလုံးက ယင်ချင်း နဲ့ ယင်ယု ရဲ့ သောက်အသုံးမကျတဲ့အတွေးတွေကြော

င့်ပဲ။ သူတို့က ငါတို့ယင်ကလန်ကို

ကိုယ်ပိုင် အကျိုးစီးပွားအတွက်နဲ့ ဒီလို

အနေအထားမျိုး ကျရောက်စေခဲ့တယ်။

သူတို့က ယင်ကလန်ရဲ့ အပြစ်သားတွေ

ပဲ"

ယင်ခေး က စကားတစ်ခွန်းမှ မပြောဘဲ

အဘိုးကြီးကို ခေါင်းညိတ်ပြလိုက်သည်။

ယင်ကလန် ပျက်သုဉ်းသွားခြင်းဟာ

ယင်ချင်း၏ဆုံးဖြတ်ချက်မှားယွင်းမှု

ကြောင့်ပင်။ ယင်ချင်း က ယန်ယွဲ့ နှင့်

ရန်သူဖြစ်လာဖို့ ရွေးချယ်ခဲ့လို့ပါ။

ထိုအရာသည် အဓိကမကျပေ။

အကယ်၍ ယင်ချင်း သာ

ယန်ယွဲ့ကိုသတ်နိုင်ရတော့

ပြဿနာဖြစ်မည်မဟုတ်ပါ။ သို့သော်

ယန်ယွဲ့ကို မသတ်နိုင်ခဲ့ပေ။

ယင်ခေး က

ခဏာမျှငြိမ်သက်သွားပြီးနောက်

ခေါင်းယမ်းလိုက်သည်

“နောက်ထပ်ပြောစရာအကြောင်းမရှိပါ

ဘူး။ ငါတို့က

နတ်ဘုရားနယ်မြေမြို့တော်ကို

အမြန်ဆုံးရောက်အောင် လုပ်ရမယ်”

ဤအခိုက်အတန့်တွင်

သူ၏မျက်လုံးများက

လှူသတ်လိုစိတ်အပြည့်ပါ။

သူက အေးစက်စက်ပြောလိုက်သည်

"ယန်ယဲ့ကို ကူညီပေးတဲ့

အမျိုးသမီးအုပ်စုက ငရဲခန်းမ လို့ခေါ်တဲ့

အင်အားစုကလို့ငါသတင်းရထားတယ်။

ဒါ့အပြင် အခုလက်ရှိမှာ သူတို့က

ကောင်းကင်တိုင်တန်းတောင်တန်းအော

က်ခြေက နတ်ဘုရားနယ်မြေမြို့တော်မှာ
ရှိနေတယ်”

ယင်ခေး၏ နံဘေးမှ အဘိုးကြီးက
“အဲဒီအမျိုးသမီးတွေက
မူလနတ်ဘုရားအဆင့် ၁ ပဲရှိပေမယ်လို့
အတော်လေးထူးခြားတဲ့ခွန်အားတွေရှိကြ
တယ်။ ငါတို့က သူတို့ကို ကိုင်တွယ်လို့
မရနိုင်ဘူး”

ယင်ခေး က အေးစက်စွာ ရယ်မောရင်း

“ဒီတစ်ခါတော့ အကုန်သေကြမှာပါ”

အဘိုးကြီးက “ဘာလို့လဲ” ဟု

မေးလိုက်သည်။

ယင်ခေး က "ဘာလို့လဲဆိုတော့ သူတို့က

ယန်ယွဲ့ နဲ့ အဆက်အသွယ်ရှိလို့။ ယန်ယွဲ့

နဲ့ဆက်စပ်နေတဲ့ ဘယ်သူမဆို

ကောင်းကင်တိုင်တောင်တန်းက

ရှေးဟောင်းကျင့်ကြံသူတွေရဲ့

အဓိကပစ်မှတ်ပဲ။ ဘာလို့လဲဆိုတော့

ဒါဟာ ယန်ယွဲ့ သူ့ကိုယ်သူပြသဖို့

တွန်းအားပေးနိုင်လို့။ ဒါ့အပြင်

အဲဒီအမျိုးသမီး တွေကို

ဖမ်းဆီးဖို့အတွက်

နတ်ဘုရားနယ်မြေမြို့တော်ရဲ့

အစီအရင်ကိုတောင်

အသက်သွင်းလိုက်ပြီလို့ ငါကြားတယ်။

လောလောဆယ်မှာ

နတ်ဘုရားနယ်မြေမြို့တော်ရဲ့

ဝင်ပေါက်တစ်ခုကိုပဲ

ဝင်ခွင့်ပြုထားတယ်”

စကားပြောနေရင်းဖြင့် ယင်ခေး၏

မျက်နှာက တဖြည်းဖြည်း

ပြင်းထန်လာသည် "သူတို့အတွက်သာ

မဟုတ်ရင် ယန်ယဲ့ နဲ့ ယန်လျန်ရှမ်း က

ငါ့ယင်ကလန်ကို ဘယ်တော့မှ

ဖျက်ဆီးနိုင်မှာ မဟုတ်ဘူး။ သူတို့

ငါ့လက်ထဲ ရောက်လာရင် သူတို့အတွက်

သေတာထက် ပိုဆိုးအောင်

ငါလုပ်ပေးမယ်”

ထိုအချိန်တွင် သူတို့နှစ်ယောက် နှင့်

မနီးမဝေး၌

အနက်ရောင်ဝတ်ရုံဝတ်လူတစ်ဦး

ရုတ်တရက် ပေါ်လာသည်ကို

သတိထားမိလိုက်ကြသည်။

ယင်ခေး က မျက်မှောင်ကြုတ်သွားသည်

“မင်းက ဘယ်သူလဲ”

အနက်ရောင်ဝတ်ရုံဝတ်လူက “ငါလား၊ ငါက မင်းအဖေပဲ” ဟုသာ ပြန်ဖြေသည်။

ရုတ်တရက် ကျိန်ဆဲခံရသဖြင့် ယင်ခေး က ချက်ချင်း စကားပြန်မပြောနိုင်ပေ။

ခဏကြာသည်အထိ

ကြောင်အမ်းအမ်းဖြစ်နေခဲ့သည်

May Be:

၂၁၆၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၆၄ - ငါ့မှာ လက်သီးရှိတယ်။

လိုချင်ရင်လာကြ

အနက်ရောင်ဝတ်စုံဝတ်အမျိုးသား က

အခြားသူမဟုတ်ပေ၊ ယန်ယဲ့ ပါ။

ယင်ခေး နှင့်

ဟန်ရိုးရာဝတ်စုံဝတ်အဘိုးကြီးကို

သတိပြုမိသောအခါ ယန်ယဲ့ သည်

တံ့ဆိုင်းမနေဘဲ နောက်ကနေ

ချက်ချင်းလိုက်လာခဲ့သည်။

သဘာဝအတိုင်း ထိုလူနှစ်ယောက်ကို

အသက်ရှင်လျက်လွှတ်ပေးထားဖို့

မရည်ရွယ်ခဲ့ပေ။

သူ့အမြင်အရတော့

ယင်ကလန်၏အဖွဲ့ဝင်များ

အသက်ရှင်နေသရွေ့

အနာဂတ်ပြဿနာများ

ဖြစ်လာနိုင်ချေများပါသည်။

ထို့အပြင် သူတို့က

သာမန်အတိုင်းပုန်းအောင်းနေမည်မဟုတ်

ပေ။ အခွင့်အရေး ရသည်နှင့် ယန်ကလန်

ကို ပစ်မှတ်ထားနေပါလိမ့်မည်။

သို့သော်လည်း ယင်ကလန်၏အဖွဲ့ဝင်များ

ပုန်းအောင်းနေရာကို

မသိနိုင်သောကြောင့်

ဘာမှမတတ်နိုင်ပေ။ အခုတော့

မမျှော်လင့်ဘဲ

ကောင်းကင်တိုင်တောင်တန်းမှာ

ပြန်တွေ့ရလေသည်။

တွေ့ပြီဆိုတော့ သတ်ပေးရတာပေါ့ ။

အဓိကကတော့ သဘာဝအတိုင်း

ပေါင်းပင်၊ မြက်ပင်များကို အမြစ်မှ

ဖယ်ရှားရလို့ပါ။

ငရဲကေရီ နှင့် အခြားခန်းမသခင်များကို ပစ်မှတ်ထားနေသောကြောင့်တော့မဟုတ်ပေ။

ယင်ကလန်၏အဖွဲ့ဝင်များဖြစ်နေသရွေ့ သေသင့်သည်။

ယန်ယဲ့ ပြောလိုက်သည့် စကားကြောင့် ယင်ခေး နှင့် အခြားအဘိုးကြီး၏ အမူအရာမ်ားက အေးစက်သွားသည်။ ယင်ခေး က လူသတ်ချင်စိတ်အပြည့်နှင့်

အော်ငေါက်လိုက်သည် "မင်း

ဘယ္လ္လာတာလဲ။ ခွေးကောင်၊

ငရဲဆိုတာဘာလဲသိလား။ မင်း.

ယန်ယဲ့ သည် စကားထပ်မပြောဘဲ

နေရာမှာပင်ဖျတ်ခနဲပျောက်သွား၏။

ထို့နောက် ယင်ခေး ရှေ့တွင် ပေါ်လာပြီး

လက်သီးဖြင့်

ထိုးလိုက်သည်။

"ဘယ်လောက်ရယ်စရာကောင်းလိုက်သလဲ"  ယင်ခေး၏ ပါးစပ်ထောင့်မှ လှောင်ပြောင်သရော်မှုတစ်ခု ပေါ်လာကာ သူ့ညာလက်ကို ဝှေ့ယမ်းလိုက်သည်။ သူ၏ညာလက်ဝါးမှ အားပြင်းသော စွမ်းအင် ကြိုးတစ်ချောင်း ထွက်လာသည်။

ယင်ခေး၏ မျက်နှာကတော့ သိပ်ပြီးဂရုမစိုက်ပေ။

လှောင်ပြောင်ရိပ်အပြည့်ပါ။ သူ့ရှေ့မှ အနက်ဝတ်လူက မူလနတ်ဘုရားအဆင့် ၂ ကျင့်ကြံသူသာ မဟုတ်ပါလား။

ထိုအဆင့် ပုရွက်ဆိတ်တစ်ကောင်ဟာ သူ့အတွက်တော့ ပြဿနာမရှိပေ။

သို့သော်လည်း သူသည် ပြိုင်ဖက်ကို လျှော့မတွက်ဘဲ ခွန်အား ၇၀ ရာခိုင်နှုန်းအထိ ထုတ်ဖော်လိုက်သည်။

နောက်ဆုံးတွင်
ကောင်းကင်တိုင်တောင်တန်းဟာ
အလယ်စကြာဝဠာ၏ ညာဏ်ကြီးရှင်များ
စုစည်းရာပင်မဟုတ်လား။

ယင်ခေးက ညာဖက္လက္ကို
ငှေ့ယမ်းလိုက်သည်နှင့်
ယန်ယဲ့၏လက်သီးချက်က
ပြန်ရုတ်သွားသည်။ တစ်ချိန်တည်းတွင်

သူ့လက်ထဲ၌ သစ်သားဓားတစ်ချောင်း ပေါ်လာသည်။

သစ်သားဓားကို တွေ့သောအခါ ယင်ခေး နှင့် အခြားအဘိုးကြီး ဟာ ကျောရိုးတစ်လျှောက် တုန်တက်သွားလေသည်။

ယန်ယဲ့ ။

ဤအခိုက်အတန့်တွင်
သူတို့နှစ်ယောက်၏ စိတ်ထဲကနေ
တူညီသောအမည်တစ်ခု ပေါ်လာသည်။

ယင်ခေး၏ တုံ့ပြန်မှုက မနှေးကွေးဘဲ
လုံးဝကို မြန်ဆန်သည်။ သစ္စာဖောက်
သူ့ရှေ့ရောက်လာသည့်တိုင်
သူ၏တိုက်ခိုက်မှုကို ရပ်တန့်ရန်
မကြိုးစားခဲ့ပေ။ သို့သော်

ယန်ယဲ့၏အရှိန်က ရုတ်တရက်

အနည်းဆုံး ၁၀

ဆ တိုးသွားသည် ။

မဟာပေါ်တယ်နည်းစနစ် ။

ယန်ယဲ့ သည် မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူ ၂ ယောက် နှင့်

ရင်ဆိုင်ရသောအခါတွင် ဘာကိုမှ

ထိန်ချန်မထားရဲပေ။ သူ၏

အဆုံးအစွန်သော တိုက်ခိုက်မှုကိုသာ

တန်းပြီးထုတ်ဖော်လိုက်သည်။

ယန်ယဲ့၏အရှိန် ရုတ်ချည်းတိုးလာသဖြင့်

ယင်ခေးက

အကြီးအကျယ်ထိတ်လန့်သွားသည်။

သူသည် ကမန်းကတန်းတိုက်ခိုက်ရန်

ပြင်လိုက်သော်လည်း

တုံ့ပြန်နိုင်စွမ်းမရှိခဲ့ပေ။

ဆူး....

ယင်ခေး၏ နဖူးမှ သွေးများ

စီးကျလာသည်။

သေပြီလား ..

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူတစ်ယောက်က

ချက်ချင်းအသတ်ခံလိုက်ရတယ် ။

ထိုအတောအတွင်း အခြားအဘိုးကြီးက

ယင်ခေးကို လျစ်လျူရှုကာ

နောက်လှည့်ပြီး ထွက်ပြေးသွားသည်။

သို့သော်လည်း ယန်ယဲ့ သည်

အလျှင်မလိုပေ။

သူ့ညာခြေကိုတစ်ချက်ဆောင့်ကာ

နေမှာပင် ပျောက်သွားခဲ့သည်။

သူသည် ဒုတိယဓားခ်က္ကို
မဟာပေါ်တယ်နည်းစနစ် ဖြင့် ထပ္မံ
ပေါင်းစပ်ထားခဲ့သည်။

ဆူး....

ယန်ယဲ့ ပျောက်ကွယ်သွားသည်နှင့်
ကီလိုမီတာ ၃၀ ကျော်အကွာရှိ
အဘိုးကြီး၏ နဖူးမွ သွေးများ
ရုတ်တရက်စီးကျလာခဲ့သည်။

အဘိုးကြီး၏ ခန္ဓာကိုယ်သည်လည်း
နေရာတွင် တောင့်တင်းသွားသည်။

ခဏအကြာတော့ ယန်ယဲ့၏ပုံရိပ်က
အဘိုးကြီးရှေ့တွင် ပေါ်လာသည်။
သို့သော် သူ၏ခန္ဓာကိုယ်က
မြေပြင်ပေါ်သို့ လဲကျသွားသည်။

အားကုန်သွားတာပါ။

ဒုတိယစားချက် ကို

ထုတ်ဖော်လိုက်သောကြောင့်တော့မဟုတ်

ပါ။ မဟာပေါ်တယ်နည်းစနစ် ပါ

ထပ်ပေါင်းထားလိုက်လို့ပါ။

သို့သော် လက်ရှိအဆင့်ဖြင့်ပင်

ဒုတိယစားခ်က္ကို နှစ်ကြိမ်လောက်သာ

ထုတ်ဖော်နိုင်၏။

ဤအခိုက်အတန့်တွင် သူ၏

ဆန်းကြယ်ချီစွမ်းအင်များ

ကုန်ဆုံးသွားရုံမျှမကဘဲ တစ်ကိုယ်လုံးပင်

ပင်ပန်းနွမ်းနယ်နေခဲ့သည်။

အခုလက်ရှိ သူက ထာဝရတန်ခိုးရှင်

ကိုပင် အနိုင်ယူနိုင်မည်မဟုတ်ပေ။

ခဏမှ် အနားယူနေပြီးနောက် ယန်ယဲ့
သည် စွမ်းအင်ပုလဲနှစ်လုံးကို အချမန္တတ္တာ
ချက်ချင်း မျိုချလိုက်သည်။

ခဏအကြာတွင်တော့ သန့်စင်သော
မူလခရမ်းရောင်စွမ်းအင်များက
သူ့ခန္ဓာကိုယ်အနှံ့ ဖြန့်ကျက်သွားသည်။

မူလေစတီ၏ ပြန်လည်ကုသပေးမှုဖြင့်
ယန်ယဲ့၏ ခန္ဓာကိုယ်သည် တဖြည်းဖြည်း
ပြန်လည်ကောင်းမွန်လာသည်။

၂ နာရီခန့်အကြာတွင် ယန်ယဲ့ သည်
မ်က္လံုးမ်ားကို
ဖြည်းညှင်းစွာဖွင့်လိုက်သည်။

၅၂အခိုက်အတန့်တွင် ယန်ယဲ့ သည်
အပြည့်အဝ ပြန်ကောင်းလာပါပြီ။

ယန်ယဲ့ သည် သူ့ရှေ့မှ

လူသေအလောင်းများကို စိုက်ကြည့်ရင်း

ခဏမျှတိတ်ဆိတ်သွားပြီး ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။ သူက

အလောင်းနှစ်လောင်းကို မူလစေတီထဲသို့

ဆွဲယူလိုက်သည်။ ထို့နောက်

သူကိုယ်တိုင်ပါ အထဲကို

လိုက်ပါဝင်လာခဲ့သည်။

တတိယမြောက်အထပ် ။

ယန်ယဲ့ သည် သူ့ရှေ့မှ အလောင်း

နှစ်လောင်းကို စိုက်ကြည့်နေသည်။

ထို့နောက် သူ၏ ညာဏ်အလင်းပွင့်

ဓားစိတ်ဆန္ဒ ကို ထုတ်ဖော်ကာ

အလောင်းကိုယ်ထဲသို့

ပို့လွှတ်လိုက်သည်။

သူက ဆားအေစခံ

ဖန်တီးဖို့ရည်ရွယ်နေတာပါ။

သာမန်ရုပ်သေးများက သူ့အတွက်

အသုံးမဝင်တော့ပေ။ ၎က

အချိန်တော်တော်ကြာအထိ

ဆားအေစခံမ်ား

မသန့်စင်ရသည့်အကြောင်းအရင်းပါ။

လက်ရှိတွင်တော့ သူ့ရှေ့မှာ

မူလနတ်ဘုရားအဆင့် ၆

အလောင်းနှစ်လောင်းရှိနေပါပြီ။

အောင်မြင်မည်ဟုတော့

တစ်ထစ်ချမပြောနိုင်ပေ။ သို့သော်လည်း

ယန်ယွဲ့ သည် ဓားအစေခံအဖြစ်

သန့်စင်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

အကြောင်းကတော့ သူ၏ဓားစိတ်ဆန္ဒ က

ဉာဏ်အလင်းပွင့် အဆင့်ရောက်နေလို့ပါ။

လက်တွေ့တွင်မူ ယန်ယဲ့ သည် မအောင်မြင်ခဲ့ပေ။ သို့တိုင် သူက လက်မလျှော့ခဲ့ပေ။

အကြိမ်ကြိမ် ကျရှုံးပြီးနောက် နောက်ဆုံး ၃ ရက်မြောက်နေ့တွင်တော့ ဓားအစေခံတစ်ဦးကို အောင်မြင်စွာသန့်စင်နိုင်လိုက်၏။

သို့သော်လည်း ဓားအစေခံ၏ခွန်အားက မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူကို မယှဉ်နိုင်မှန်း သတိထားမိလိုက်သည်။

ယန်ယဲ့ သည် အတော်လေး စိတ်ပျက်သွားသည်။

ထိုအခြေအနေက ပုံမှန်ပါ။ တကယ်တမ်းကျ အလောင်းတစ်လောင်းသာဖြစ်နေသည်မဟုတ်ပါလား။

နောက် ၁ ရက်အကြာတွင်

အခြားအလောင်းကိုပါ ဓားအစေခံအဖြစ်

ပြုပြင်နိုင်လိုက်၏။

ထို့နောက်တွင် ယန်ယဲ့ သည်

ခဏာမျှအနားယူပြီး မူလေစတီထဲမှ

ထွက်လာလိုက်သည်။

သူသည် နတ်ဘုရားနယ်မြေမြို့ ဆီသို့ ဦးတည်လိုက်သည်။

.......

နတ်ဘုရားနယ်မြေမြို့တော် ။

မြို့သည် ကောင်းကင်တိုင်အောက်ခြေမှာ တည်ရှိခဲ့သည်။ သို့သော်

၎င်းတစ်မြို့တည်းတော့ မဟုတ်ပေ။
မြို့ကြီး ၄ မြို့အနက်မှ တစ်ခုပါ။

ဤအခိုက်အတန့်တွင်
မြို့အထက်လေထုထဲ၌ မှိန်ဖျော့ဖျော့
အလင်းလွှာတစ်ခုရှိနေကာ တစ်မြို့လုံးကို
လွှမ်းခြုံထားသည်။

၎င်းသည် နတ်ဘုရားနယ်မြေမြို့တော်၏
နာမည်ကျော်

ကောင်းကင်ပိတ်လှောင်ခြင်း အစီအရင်ပါ။ သာမန် မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူများက အားကုန်သုံးလျှင်ပင် ၎င်းကို ချိုးဖျက်နိုင်မည်မဟုတ်ပေ။

ဤအခိုက်အတန့်တွင် မြို့အဝင်ဝ၌ အပြာရောင်အလင်းစက်ဝိုင်းတစ်ခု ရှိနေသည်။

မြို့ထဲသို့ ပေါ်တယ်စနစ်ဖြင့်သာ ဝင်ခွင့်ပြုထား၏။

မြို့အလယ်ခေါင်မှ ကောင်းကင်ဘုံခန်းမ ဟုအမည်ရသော အဆောက်အဦး ။

ဤအချိန်တွင် လူပေါင်း ၂၀၀ ကျော် စုဝေးနေကြ၏။

အားလုံးက မူလနတ်ဘုရားအဆင့် ၅

ကျင့်ကြံသူများချည်းသာ။

သို့သော်လည်း တိုက်ခိုက်ရေးစွမ်းအားက

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများကို အနည်းနဲ့အများ

ယှဉ်နိုင်ကြသည်။

ထိုလူအုပ်အပြင် အမှောင်ရိပ်ထဲမှာ

ပုန်းအောင်းနေသော အချား

အဆင့်မြင့်ကျင့်ကြံသူများပါ

ရှိနေသေး၏။ သို့သော်

လူလုံးထွက်မပြကြသေးချေ။

လူ့အုပ္ပ ကောင်းကင်ဘုံခန်းမ ကို

ပိုင်းရုံထားသည့် အကြောင်းအရင်းမှာ

အထဲတွင် ငရဲခန်းမ၏ ခန်းမသခင်များ

ရှိနေသောကြောင့်ပင်။

မှန်သည်၊ အဓိကကေတော့ ယန်ယွဲ့

ကြောင့်ပါ။

လူတိုင်းက ကောင်းကင်တိုင်တွင် ယန်ယဲ့

ရောက်နေကြောင်း

သတင်းရထားကြလို့ပါ။

သို့သော်လည်း

အပြင်ထွက်မလာသေးပေ။

ဤအတောအတွင်း ယန်ယဲ့ နှင့်

ငရဲခန်းမ၏ ဆက်ဆံရေးအကြောင်း

သတင်းများထွက်လာခဲ့သည်။

သို့သော်

ချက်ချင်းမတိုက်ခိုက်ကြသေးပေ။

အကြောင်းမှာ ခန်းမအပြင်ဖက်၌

အလောင်း ၄ လောင်းရှိနေလို့ပါ။

အားလုံးက မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများပင်။

ကောင်းကင်ဘုံခန်းမ ထဲမှာရှိတဲ့

ဒီအမျိုးသမီးတွေက သာမန္မဟုတ္ဘူး ။

လူတိုင်း တွေးတောနေကြသည်။

ဤအချိန်တွင်

အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီးတစ်

ယောက်က တံခါးဝသို့

လျှောက်လာသည်။

ခဏအကြာတွင်တော့ အဘိုးကြီးရှေ့တွင်

အမျိုးသမီးတစ်ယောက် ပေါ်လာသည်။ အမျိုးသမီးက အခြားမဟုတ်ဘဲ ငရဲကေရီ ပါ။

အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီး က ငရဲကေရီ ကို စိုက်ကြည့်လိုက်ပြီး "မင်းနဲ့ မင်းရဲ့အဖော်တွေကို ငါတို့က ပြဿနာရှာလိုတဲ့ ရည်ရွယ်ချက်မရှိဘူး။ ငါတို့က ယန်ယဲ့ကိုပဲ တွေ့ချင်တယ်။ ယန်ယဲ့ ဘယ်မှာရှိတယ်ဆိုတာ

မင်းပြောပြရင်

ငါတို့ချက်ချင်းထွက်သွားမှာပါ"

ငရဲကောရီက ဂရုမစိုက်ဘဲ

လူအုပ်ကိုစိုက်ကြည့်ကာ "ငါမသိဘူး။

သိချင်ရင် ကိုယ့်ဘာသာကို လိုက်ရှာကြ"

ထိုစကားကြားသောအခါ

လူတိုင်းမျက်နှာပျက်သွားသည်။

ဤအတောအတွင်း အဘိုးကြီး က ထပ်ပြောလိုက်သည် မင်းဟာ မူလနတ်ဘုရားအဆင့် ၁ ဒါမှမဟုတ် အဆင့် ၂ ပဲ ဆိုပေမယ်လို့ မူလနတ်ဘုရားအဆင့် ၆ ခွန်အား ပိုင်ဆိုင်ထားတာ ငါသိပါတယ်။ ဒါပေမဲ့ မင်းရဲ့ ပတ်ဝန်းကျင်ကို ကောင်းကောင်းကြည့်သင့်တယ်။ မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူတွေ

ဘယ်လောက်ရှိနေပြီလဲဆိုတာ

သေချာလေးတော့ကြည့်လိုက်"

ငရဲကေရီ က ထပ်ပြီး ခေါင်းခါလိုက်ရုံသာ

"သူဘယ်မှာလဲဆိုတာ ငါတကယ်မသိဘူး"

အဘိုးကြီး၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားကာ "ဒီလိုဆို

မင်းတို့ငရဲခန်းမက

ကောင်းကင်တိုင်တောင်တန်းရဲ့

ကျင့်ကြံသူတွေနဲ့ ရန်သူဖြစ်လာဖို့
ရည်ရွယ်ထားသလား"

ငရဲကေရီ က
မျက်နှာပျက်သွားသော်လည်း
ခေါင်းသာထပ်ခါလိုက်သည်
"ငါပြောပြီးပြီ။ ငါမသိဘူး"

အဘိုးကြီးက ငရဲကေရီ ကို
အချိန်အကြာကြီး စိုက်ကြည့်ပြီးနောက်

သူ့နောက်ရှိ လူအုပ်ကို လှည့်ကြည့်ကာ ပြောလိုက်သည် "ကဲ သူတို့က ယန်ယဲ့ ဘယ်မှာရှိတယ်ဆိုတာ

ဘယ်တော့မှ ထုတ်ပြောမှာမဟုတ်ဘူး၊ ဒါကို မင်းတို့အားလုံးမြင်ကြမှာပါ။ ဒါကြောင့် အချင်းချင်းပူးပေါင်းပြီးတော့ သူတို့ကို ဖမ်းဖို့ အကြံပြုချင်တယ်။ ဖမ်းပြီးတာနဲ့ အမှန်အတိုင်း မပြောရဲမှာကို စိတ်ပူရမှာလား"

ထိုစကားကိုကြားသောအခါ လူတိုင်းက ငရဲကေရီ ကို စိုက်ကြည့်နေကြသည်။

အဘိုးကြီး၏ ပါးစပ်ထောင့်မှ အပြုံးတစ်ခု ပေါ်လာသည်။ ငရဲကေရီ ကို နောက်တစ်ကြိမ်စိုက်ကြည့်ရင်း မင်းကို နောက်ဆုံးအခွင့်အရေးတစ်ခု ပေးမယ်။ မင်း ငါတို့ကို ပြောပြမှာလား ဒါမှမဟုတ် ဆက်ပြီးငြင်းနေဦးမှာလား

ငရဲကေရိုက အဘိုးကြီးကို

ခဏကြာစိုက်ကြည့်ပြီးနောက်

ခန်းမအတွင်းပိုင်းသို့ လှည့်ကြည့်ကာ

"ဒုတိယအစ္စ၊ ဒါကိုဘယ်လိုထင်လဲ"

စကားဆုံးသည်နှင့်

အနီရောင်အလင်းတန်းတစ်ခု

လင်းလက်လာသည်။

တစ်ချိန်တည်းမှာပင် အဘိုးကြီး၏

အမူအရာက သိသိသာသာ

ပြောင်းလဲသွားသည်။ သူ့ညာလက်ကို

ရှေ့သို့ ပုတ်လိုက်သည်နှင့်

ကြောက်မက်ဖွယ်ရာ စွမ်းအင်လှိုင်းများ

ပေါက်ကွဲထွက်သွားသည်။

ဆူး....

သို့သော်လည်း အနီရောင်အလင်းတန်းက သူ၏ စွမ်းအင်လှိုင်းများကို တစ်စစီ ဖောက်ခွဲပစ်လိုက်သည်။

အုန်း...

ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက် အဘိုးကြီးက ၃ ကီလိုမီတာအကြာကို လွင့်ထွက်သွားခဲ့သည်။

ထိုအချိန်တွင် သွေးညှိနှံ့များ ရုတ်တရက် ထွက်ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် ငရဲကေရီ၏ ဘေးနား၌ သွေးနီရောင်ဝတ်စုံဝတ် အမျိုးသမီးတစ်ဦး ပေါ်လာသည်။

သွေးကေရီ ။

ငရဲခန်းမ၏ ဒုတိယမြောက်ခန်းမသခင် ။

သွေးကေရီ က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်
ရက်စက်ကြမ်းကြုတ်သော
အမူအရာအပြည့်နှင့်
အေးစက်စက်ပြောလိုက်သည် "ငါ့မှာ
ယန်ယွဲ့တော့ မရှိဘူး။ လက်သီးပဲရှိတယ်။
လိုချင်ရင် ရှေ့တက်လာခဲ့"

ဤအချိန်တွင် အဝေးမှ

အနက်ရောင်အလင်းတန်းတစ်ခု

လင်းလက်လာကာ သွေးကေရီ ရှေ့သို့

ချက်ချင်းရောက်လာသည်။

ဘုန်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

သွေးကေရီ က ၁ ကီလိုမီတာအထိ

ဆုတ်သွားခဲ့သည်။

ငရဲကေရီ၏ မျက်နှာပေါ်တွင်
လေးနက်သောအမူအရာတစ်ခု
ချက်ချင်းပေါ်လာသည်။

"ဟားဟား" ရယ်မောသံ ရုတ်တရက်
ထွက်ပေါ်လာပြီး "ယန်ယဲ့၊ ဒီနေ့
မင်းကိုယ်ကို မပြဘူးဆိုရင် ငါ
သူမရဲ့အဝတ်တွေကို ဆုတ်ဖြဲပြီး
မြို့ရိုးအပြင်မှာ ဆွဲထားမယ်"

လူတိုင်း အသံလာရာဆီကို

လှည့်ကြည့်လိုက်သည်။

ရယ်မောနေသူကို မြင်သောအခါ

လူတစ်ယောက်က

အံ့အားသင့်စွာအော်လိုက်သည် " ဒါသူပဲ။

ဟီးဟီး၊ သူ့လိုလူတောင် ဒီသစ်သားဓားနဲ့

သွေးဆောင်ခံရမယ်လို့

မမျှော်လင့်ထားဘူး"

May Be:

၂၁၆၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန် သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၆၅ -

အရာအားလုံးကိုချိုးဖျက်နိုင်စွမ်း

လူအုပ် နှင့် သိပ်မဝေးသောနေရာတွင်

သင်လတ်ပိုင်းအမျိုးသားတစ်ဦး

ပေါ်လာသည်။

၎င်းက

ဟာန်ရိုးရာဝတ်စုံကိုဝတ်ဆင်ထားသည်။

ပခုံးထက်ထိ

ကျဆင်းနေသောဆံပင်များနှင့်တွဲလျက်

တစ်ကိုယ်လုံးမှ

အနက်ရောင်စွမ်းအင်လှိုင်းများ ထွက်ပေါ်လာသည်။

"ဒါ... ဒါက ရီမို..." တစ်စုံတစ်ယောက်က အော်လိုက်သည်။

မရေမတွက်နိုင်သော လူများ၏ အမူအရာများသည် ချက်ချင်းပြောင်းလဲသွားသည်။

ရီမို ။

ကောင်းကင်တိုင်ရှိ လူတိုင်း

သိနေသောနာမည်တစ်ခုပါ။

အကြောင်းကတော့ ရီမို ဟူသော

အမျိုးသားက မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူ ၃ ယောက်ကို

တစ်ခါတည်းသတ်ပစ်လိုက်လို့ပါ။

အဓိကကတော့ အသာအယာပင် သတ်ဖြတ်ပစ်ခဲ့သည်။

ထိုတိုက်ပွဲအပြီး ရီမို ဟူသောနာမည်က ကောင်းကင်တိုင်တောင်တန်းတစ်လျှောက် လှုပ်ခါသွားခဲ့သည်။

ထို့အပြင် အရေးကြီးဆုံးကတော့ ထိုလူရီမိုဟာ အမှောင်ခန်းမ၏ အဖွဲ့ဝင်တစ်ယောက်ပါ။ အမှောင်ခန်းမ

သည့် ကောင်းကင်တိုင်ရှိ
လျှို့ဝှက်အဆန်းကြယ်ဆုံး
အဖွဲ့အစည်းတစ်ခုမျှသာမဟုတ်ပေ၊
အလွန်ကြောက်စရာကောင်းလှသည်။
အကြောင်းမှာ အဖွဲ့ဝင်တိုင်းက
ရက်စက်ကြမ်းကြုတ်လို့ပါ။

အမှောင်ခန်းမ၏ ရီမို ရောက်လာသဖြင့်

သိနေသော လူအများအပြားက
ချက်ချင်းထွက်သွားဖို့
ရွေးချယ်လိုက်ကြသည်။

သူတို့က ရီမို ကို မကြောက်သော်လည်း
၎င်းတစ်ယောက်တည်းမဟုတ်ချေ။
ရီမိုနောက်ကွယ်မှ အဖွဲ့အစည်းက
အမှောင်ခန်းမ ပါ။ ကောင်းကင်တိုင်၏
ကြောက်စရာအကောင်းဆုံး
အင်အားစုကြီးများအနက်မှတစ်ခုပင်။

ရီမို က သွေးကေရီ ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာရင်း ပြောခဲ့သည် “မင်းမှာ ရွေးချယ်စရာ နှစ်ခုရှိတယ်။ ပထမတစ်ချက်က ယန်ယွဲ့ကို ငါ့ဆီ ခေါ်လာဖို့ပဲ။ ဟုတ်ပါတယ်၊ သူ့ဓားလည်း ပါတယ်။ ဒုတိယက ငါ့ကို တိုက်ခိုက်ဖို့ပါ။ ဒါပေမဲ့ အဲဒါရဲ့အကျိုးဆက်က မင်းလိုချင်တဲ့အရာမဟုတ်ဘူးဆိုတာ တော့ ကြိုပြီးသတိပေးခွင့်ပြုပါ"

သွေးကေရီ က စကားပြန်မပြောဘဲ ရီမိုကို

မော့ကြည့်လိုက်သည်။ ထို့နောက်

သူမ၏ခန္ဓာကိုယ်ထဲမှ သိပ်သည်းသော

ငွေးစွမ်းအင်လှိုင်းများ ထွက်လာသည်။

ထိုခဏလေးမှာပဲ

သွေးစွမ်းအင်လှိုင်းများက ရီမိုကို

တစ်ကိုယ်လုံး လွှမ်းခြုံသွားသည် ။

ထိုအချိန်တွင်

သွေးစွမ်းအင်လှိုင်းများကြားမှ

အနက်ရောင်အလင်းတန်းတစ်ခု

ရုတ်တရက် ထိုးဖောက်ထွက်လာသည်။

ဘမ်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်
ရီမို၏ပုံရိပ်က မီတာ ၃၀၀
ကျော်အကွာသို့ လွင့်ထွက်လာခဲ့သည်။

ဤအခိုက်အတန့်တွင် လူတိုင်း
သွေးကေရီ ကို စိုက်ကြည့်နေကြသည်။

ဤအချိန်မှာ သူတို့ က
သွေးနီရောင်ဝတ်စုံဝတ်အမျိုးသမီးကို

လျှော့တွက်မိကြောင်း

သဘောပေါက်သွားသည်။

ရီမိုက သူ့ရင်ဘတ်ကို

ငုံ့ကြည့်လိုက်သည်။

သူ့ရင်ဘတ်အလယ်က

သွေးလက်ဝါးရာတစ်ခုရှိနေသည်။

ခဏမျှတိတ်ဆိတ်သွားပြီးနောက်

သွေးဧကရီ ကို မော့ကြည့်ရင်း

ပြောလိုက်သည်

"ငါမင်းကိုလျှော့တွက်ခဲ့တာ

ငါဝန်ခံရမယ်။ မင်းက

တော်တော်သန်မာတယ်။ လာပါ၊

မင်းတကယ် ဘယ်လောက်

သန်မာလဲဆိုတာ ကြည့်ရအောင်”

ထိုစကားပြောပြီးသည်နှင့်

သူ့ညာလက်ကို ဆန့်ထုတ်လိုက်သည်။

ထိုခဏလေးမှာပဲ

သူ၏လက်ဝါးအလယ်မှ

အနက်ရောင်စွမ်းအင်လှိုင်းတစ်ခု

ပေါ်လာတယ်။ ထို့နောက်

ကြောက်မက်ဖွယ်ရာစုပ်ယူအားတစ်ခု

ပေါ်လာပြီး

သွေးကြေရီ၏အနီးပတ်လည်ရှိ

အာကာသပြင်ကိုဆွဲယူသွားသည်။

တစ်ချိန်တည်းမှာပင်

အပ်ချောင်းများကဲ့သို့

သေးငယ်သောအနက်ရောင်စွမ်းအင်ကြိုး

မြောက်များစွာ ဖြာထွက်လာကာ
သွေးကြောရှိ ကို ဖုံးလွှမ်းသွားခဲ့သည်။

သွေးကြောရှိက တုန်လှုပ်ဟန်မပြပေ။
သူမ၏ လက်သီးများကို ဖြည်းညှင်းစွာ
ဆုပ်လိုက်သည်။ ခဏအကြာတွင်
လက်သီးကို ဖြန့်လိုက်သည်။
ထို့နောက်သူမ၏လက်ဝါးမှ သဲများကဲ့သို့

သွေးနီရောင်အလင်းတန်းနှစ်ခု

ထွက်ပေါ်လာသည်။

ဘမ်း....

ကျယ်လောင်သော ပေါက်ကွဲသံများ

ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်ရှိ

လူအုပ်ဟာ ချက်ချင်း

နောက်ပြန်လွင့်သွားကြသည်။

သို့သော် စွမ်းအင်လှိုင်းများ ခန်းမရှေ့ကို

ရောက်လာသည်နှင့်

အပြာရောင်အလင်းတန်းတစ်ခု

ရုတ်တရက်ပေါ်လာသည်။

အပြာရောင်အလင်းတန်းနှင့်

ထိတွေ့လိုက်သောအခါ

စွမ်းအင်လှိုင်းများအားလုံး ချက်ချင်းပင်

ဝါးမျိုသွားတော့သည်။

သို့သော်လည်း

သွေးနီရောင်အလင်းတန်းများ နှင့်

အနက်ရောင်အလင်းတန်းများ

အဆက်မပြတ် ဖြာထွက်နေ၏။

အုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး

သွေးနီရောင်အလင်းတန်းတစ်ခု နှင့်

အနက်ရောင် အလင်းတန်းတစ်ခု

လွင့်စင်လာသည်။

ထို့နောက်တွင်တော့ နှစ်ယောက်စလုံး

နောက်ပြန်ဆုတ်သွားခဲ့သည်။ မီတာ ၃၀

လောက်အထိ

ဆက်တိုက်ဆုတ်သွားပြီးမှသာ

ရပ်တန့်သွားသည်။

ရပ်လိုက်သည်နှင့် သွေးကြောရှိက

အနည်းငယ်မျက်နှာပျက်သွား၏။

အကြောင်းကတော့ အခုလက်ရှိ

အခြေအနေက ငရဲခန်းမ၏

ခန်းမသခင်များအတွက် တော်တော်ကို

ဆိုးရွားနေလို့ပါ။

အမှောင်ရိပ်ထဲမှ

ကျင့်ကြံသူအများအပြားကိုပါ

သတိထားမိလိုက်သောကြောင့်ပင်။ အားလုံးက ယန်ယဲ့၏ တည်နေရာကို မသိရမချင်း ထွက်သွားမည်မဟုတ်ကြောင်းသိသာနေ၏။

"မင်းငါ့ကို တော်တော်စိတ်ဆိုးအောင်လုပ်လိုက်တာပဲ" ထိုအချိန်တွင် ရီမိုက သွေးကေရီဆီသို့ လျှောက်လာခဲ့သည်။ ခြေတစ်လှမ်း

လှမ်းလိုက်တိုင်း သူ့အောက်ကမြေပြင်မှာ

အနက်ရောင်ခြေရာတစ်ခု ပေါ်လာသည်။

တစ်ချိန်တည်းမှာပဲ သူ့ကိုယ်ပေါ်မှာ

မြွေတစ်ကောင်လို ထင်ရသော

နတ်ဆိုးသားရဲတစ်ကောင်

ထွက်ပေါ်လာသည်။ သားရဲက

ရီမို၏ခန္ဓာကိုယ်ကို ရစ်ပတ်ထားသည်။

၎င်း၏မျက်လုံးများက

သွေးဆာရက်စက်ဟန်အပြည့်နှင့်
လူများကို မျိုချချင်နေပုံပါ။

သွေးဧကရီ က ရီမိုကို
မော့ကြည့်လိုက်သည်။ ထိုအချိန်တွင် ရီမို
က အသံတစ်ချက်မထွက်ဘဲ ရုတ်တရက်
ပျောက်ကွယ်သွားခဲ့သည်။

ဘုန်း....

ထိုခဏလေးမှာပဲ ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီး သွေးကောရီ က ၃
ကီလိုမီတာအကွာသို့
လွင့်ထွက်သွားသည်။ လူတိုင်း
ထိုမြင်ကွင်းအား မြင်သောအခါ
အနည်းငယ်တော့ အံ့ဩသွားကြသည်။

အခြားတစ်ဖက်တွင်မူ ငရဲကောရီ က
ချက်ချင်း မျက်နှာပျက်သွားသည်။

သွေးကေရီ က ရပ်တန့်လိုက်ပြီးနောက် ရီမိုကို မော့ကြည့်လိုက်သည်။
အတိအကျဆိုလျှင် သူမ၏အကြည့်က မြေပုံစံသားရဲကိုကြည့်နေတာပါ
"လောကသုံးပါး က ထွက်ပြေးလာတဲ့ သားရဲရဲ့ဝိညာဉ်"

ရီမို က ခေါင်းညိတ်ရင်း ပြောလိုက်သည်

“ဟုတ်တယ်၊ ဒါဟာ လောကသုံးပါး က

မျိုးကွဲ

ရှေးဟောင်းကောင်းကင်စပါးအုံးပဲ။

သူ့ခွန်အားက

ဘယ်လောက်မာကြောတဲ့အရာဖြစ်ဖြစ်

အားလုံးကို ချိုးဖျက်နိုင်တယ်။ ငါက

သူ့ရဲ့ဝိညာဉ်နဲ့ ပေါင်းစပ်ပြီးပြီ။ ဒီတော့

ငါ့ခွန်အားက သူနဲ့အတူတူပဲ"

ထိုစကားပြောပြီးသည်နှင့် နေရာတွင်ပင်
ပျောက်ကွယ်သွားသည်။

ထို့နောက် သေွးကေရိ ရှေ့မှာ
ပေါ်လာပြီးနောက်
သူ၏ညာဖက်လက်သီးဖြင့်
ထိုးလိုက်သည်။ လက်သီးထိပ်မှ
စပါးအုံးမြွေကြီး ပေါ်လာသည်။
တစ်ချိန်တည်းမှာပင် လက်သီးချက်မှ
ပြင်းထန်သောဖိအားကြောင့် လူတိုင်း

အသက်ရှူကြပ်သွားမတတ်ခံစားလိုက်ရ
သည်။

သွေးကေရီက လက်သီးချက်မှ
စွမ်းအားကို ခံစားမိသောအခါ
မျက်နှာပေါ်တွင်
လေးနက်သောအမူအရာတစ်ခု
ပေါ်လာသည်။ ပေါ့ပေါ့ဆဆ မလုပ်ရဲဘဲ
သူမ၏ညာဖက်လက်ဝါးကို ညင်သာစွာ
လိမ်လိုက်သည်။

သူမ၏ညာလက်ဝါးကနေ

သွေးနီရောင်အလင်းတန်းများ

တလက်လက်တောက်ပလာကာ

ဆတ်ခနဲဆိုသလိုရှေ့သို့ပုတ်လိုက်သည်။

သွေးဧကရီ ရှေ့ရှိ အာကာသပြင်က

ချက်ချင်းပင်

သွေးနီရောင်ပြောင်းသွားသည်။

ဘုန်း....

တိုက်ခိုက်မှုနှစ်ခု

ထိပ်တိုက်တွေ့သွားလေပြီ။

တစ်ချိန်တည်းမှာပင် နှစ်ယောက်စလုံး

နောက်ပြန်လွင့်ထွက်လာကြသည်။

သွေးဇကေရီ က ၆ ကီလိုမီတာအကွာထိပင်

ဆုတ်သွားခဲ့သည်။ ရီမို ကတော့ ၁

ကီလိုမီတာအကွာလောက်သာ

ပြန်ဆုတ်သွားရသည်။

ရီမို၏ ပါးစပ်ထောင့်က ပြင်းထန်သော အပြုံးတစ်ခုနှင့် "လာပါ။ မင်း လက်သီးဘယ်လောက်ထိုးနိုင်လဲ ကြည့်ပါရစေ"

ထိုစကားပြောပြီးသည်နှင့် နေရာမှာတင် ပျောက်သွားသည်။

ထိုအချိန်တွင် အာကာသပြင်သည်
ပွင့်ထွက်လာသည်။ ထို့အပြင်
အာကာသပြင်အနှံ့ ပင့်ကူမျှင်များကဲ့သို့
အက်ကွဲကြောင်းများပင်
ပြန့်နှံ့လာပါတော့သည်။

သွေးကေရီ၏ မျက်လုံးထဲမှ
ရက်စက်သောအရိပ်အယောင်တစ်ခု
ပေါ်လာသည်။
သူမ၏လက်သီးနှစ်ဖက်ကို

ဆုပ်လိုက်ပြီးနောက် ခန္ဓာကိုယ်ထဲမှ

သွေးနီရောင်လှိုင်းများ

အဆက်မပြတ်ထွက်လာသည်။

ထိုခဏလေးမှာပဲ

သွေးကေရီ၏ခန္ဓာကိုယ်က

သွေးစွမ်းအင်လှိုင်းများ

ဖုံးလွှမ်းသွားသည်။

သို့သော် ခဏအကြာမှာပဲ ရုတ်တရက်

ပေါက်ကွဲထွက်လာသည်။

ဘုန်း...

ကြောက်မက်ဖွယ်ရာ ဖိအားလှိုင်းကြီး

ထွက်လာသည်။ ရီမို

ထုတ်လွှတ်လိုက်သော

စွမ်းအင်လှိုင်းများထံ

တည့်တည့်ပြေးဝင်သွားသည်။

ထို့နောက်တွင် ဇင်းပတ်လည်းရှိ

အာကာသပြင် သည် ပြင်းထန်စွာ

တုန်ခါသွားသည်။

ခလွပ်....

အာကာသပြင် သည် အက်ကွဲသွားသည်။

ပင့်ကူမျှင်များကဲ့သို့

အက်ကြောင်းများက ပတ်ဝန်းကျင်ဆီသို့

လျှင်မြန်စွာ ပြန့်နှံ့လာသည် ။

ပတ်ဝန်းကျင်ရှိ မြင်ကွင်းကို

ပြောရရင်တော့ အတော်ကို ရှုပ်ထွေး

နေခဲ့သည်။

အုန်း…

ပေါက်ကွဲသံတစ်ချက် ရုတ်တရက်

ထွက်ပေါ်လာပြီးနောက်

သွေးကြေရှီ၏ပုံရိပ်က ၃

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ရှီမိုက

သွေးကေရှီဖက်သို့ ခုန်လိုက်သွားသည်။

ထိုမြင်ကွင်းအား မြင်သောအခါ ငရဲကေရှီ

သည် ချက်ချင်းမျက်နှာပျက်သွားသည်။

သွေးကေရှီ ကို လက်ဝှားရန် ပြင်လိုက်၏။

ထိုအချိန်မှာပဲ ကောင်းကင်ယံအထက်မှ

အနက်ရောင်အရိပ်တစ်ခု

ထိုးဆင်းလာကာ သွေးကေရှီရှေ့တွင်

ပေါ်လာသည်။ ထို့နောက်တွင်တော့ အနက်ရောင်အရိပ်က လက်သီးတစ်ချက် ရှေ့ကို လှမ်းထိုးလိုက်သည်။

အုန်း…

အနက်ရောင်ဝတ်လူ၏ လက်သီးချက်မှ ကြောက်မက်ဖွယ်စွမ်းအင်လှိုင်းကြီး ပေါက်ကွဲထွက်လာသည်။ တစ်ချိန်တည်းတွင် အနက်ရောင်ဝတ်လူ

နှင့် ရီမို ဟာ ၃ ကီလိုမီတာအကွာသို့
အသီးသီးပြန်ဆုတ်သွားခဲ့သည်။

အားလုံးက အနက်ရောင်ဝတ်လူကို
စိုက်ကြည့်နေကြသည်။

သူကဘယ်သူလဲ။

လူတိုင်းသာ သိချင်နေကြသည်မဟုတ်ဘဲ
ငရဲဧကရီပင်လျှင် သိချင်နေခဲ့သည်။

သို့သော်လည်း ခဏအကြာတွင်တော့

ငရဲကောရီ၏ မျက်လုံးထဲမှ

သိချင်စိတ်ဟာ

ပျောက်ကွယ်သွားတော့သည်။

သူမက အနက်ရောင်ဝတ်လူကို

သိနေသောကြောင့်ပါ။

ဒါက ယန်ယွဲ့ လား။

မှန်သည်၊ အနက်ရောင်ဝတ်လူက

လူတိုင်းသတ်ချင်နေကြသော ယန်ယဲ့ ပါ။

ရှီမိုက ယန်ယဲ့ကို

အေးစက်စက်စိုက်ကြည့်ကာ

"ဒီအမှိုက်က

ဘယ်ကဘယ်လိုရောက်လာတာလဲ"

စကားပြောပြီးသည်နှင့်

သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်သည်။

သူ၏လက်မှ လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းများ ထွက်လာသည်။

ထို့နောက် ယန်ယွဲ့ရှေ့ကို

ချက်ချင်းရောက်လာသည်။

ထိုအချိန်တွင် ယန်ယွဲ့ သည် ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်သည်။

ဘုန်း...

သူ့ရှေ့တွင်

ကြောက်မက်ဖွယ်ကောင်းသော

သွေးနီရောင်အလင်းတန်းတစ်ခု

ပေါ်လာသည်။ လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်များနှင့် ထိတွေ့မိသည်နှင့်

တပြိုင်နက် နှစ်ဖက်စလုံး ချက်ချင်း

ကွဲထွက်သွားသည်။

ဤမြင်ကွင်းကြောင့် လူတိုင်း

အံ့ဩသွားကြသည်။

ဉာဏ်အလင်းပွင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ လား။

အကယ်၍ မူလအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

သာဖြစ်နေလျှင်တော့ လူတိုင်း

အံ့သြတုန်လှုပ်နေမည်မဟုတ်ချေ။

နောက်ဆုံးတွင် လူတိုင်းက

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူများချ

ည်းသာ။ မူလအဆင့် စိတ်ဆန္ဒ ဟာ

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူများအ

တွက် သာမန်အရာတစ်ခုပင်။

သို့သော်လည်း

မူလအထက်ဆင့်ဖြစ်သော

ဉာဏ်အလင်းပွင့် စိတ်ဆန္ဒ ကတော့

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူများအ

တွက် ခြိမ်းခြောက်မှုပါ။

ဤအတောအတွင်း ယန်ယဲ့ သည်

ပတ်ဝန်းကျင်မှလာသော အကြည့်များကို

လစ်လျူရှုကာ သွေးကေရီကို

လှည့်ကြည့်လိုက်သည်။ ထို့နောက်

စွမ်းအင်ပုလဲသုံးလုံးကို သူမထံသို့

ပစ်ပေးလိုက်သည်။

သွေးကေရီက

တစ်ချက်ငုံ့ကြည့်ပြီးနောက်

စကားတစ်ခွန်းမှ မပြောဘဲ တန်းပြီး

မျိုချလိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့သည်

နောက်ပြန်လှည့်ကာ ရီမိုကို

စိုက်ကြည့်လိုက်သည်။ သို့မဟုတ် ရီမို၏

လက်မောင်းပေါ်ရှိ

ရှေးဟောင်းစပါးအုံးဝိညာဉ်ကို

ကြည့်နေတာပါ။

အမှန်တော့ ရီမို၏ ခန္ဓာကိုယ်က

သူ့အတွက် မယှည်သာပေ။ သို့သော်

ရှေးဟောင်းစပါးအုံးဝိညာဉ်ကတော့

အတော်လေးအားကောင်းလှသည်။

ယန်ယဲ့၏ မျက်လုံးထဲမှ

အရောင်များတောက်ပလာကာ

သူ့ကိုယ်သူ တွေးလိုက်မိသည်။

အဲဒါက မဆိုးပါဘူး...

"ညာဏ်အလင်းပွင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ။

ငါတော်တော်ကို အံ့သြသွားတယ်”

ထိုအချိန်တွင် ရီမိုက ရုတ်တရက်

ပြောခဲ့သည် “ဒါပေမဲ့ မင်းက

အားနည်းလွန်းတယ်။

ဒီအဆင့်သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

အကုန်အစင်မထုတ်နိုင်ဘူး။

မင်းဘယ်သူလဲဆိုတာ ငါဂရုမစိုက်ဘူး။

မင်းဝင်ရောက်စွက်ဖက်တဲ့အတွက်

သေသင့်တယ်"

စကားပြောပြီးနောက်

ဖျတ်ခနဲပျောက်သွားခဲ့သည်။

ထိုခဏမှာပဲ ယန်ယွဲ့ရှေ့တွင် ပေါ်လာပြီး

သူ၏ညာလက်သီးဖြင့်

ယန်ယွဲ့၏ရင်ဘတ်ကို

လှမ်းထိုးလိုက်သည်။

ရီမို၏အရှိန် မြန်လွန်းသောကြောင့်
ယန်ယဲ့က ကမန်းကတန်း တုံ့ပြန်မည်ဟု
လူတိုင်းထင်နေကြသည်။ သို့သော်လည်း
ယန်ယဲ့ သည် ကျောက်ရုပ်အလား
နေရာမှာပင် ရပ်နေခဲ့သည်။
ရီမို၏လက်သီးချက်က သူ့ရင်ဘတ်ပေါ်
တည့်တည့်ကျရောက်လာသည်။

ဤနေရာရှိလူတိုင်း
အံ့အားသင့်သွားကြသည်။

သို့သော်လည်း ယန်ယဲ့၏

ပါးစပ်ထောင့်က အပြုံးတစ်ခု

ဖုံးလွှမ်းသွားသည်။

May Be:

၂၁၆၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၆၆ - ငါက ယန်ယဲ့

ဖူး....

ထိုအချိန်တွင် ယန်ယဲ့၏ပါးစပ်ထဲမှ

သွေးများ စီးကျလာသည်။

သို့သော်လည်း သူသည်

ရှီမို၏ညာဖက်လက်မောင်းကို

ဖမ်းဆွဲလိုက်သည်။ သို့မဟုတ်

အတိအကျပြောရင်တော့

ရှေးဟောင်းစပါးအုံးဝိညာဉ်ကို

ဖမ်းကိုင်လိုက်ခြင်းသာ။

ရီမို က အံ့အားသင့်သွားပြီး ယန်ယဲ့ကို
ထပ်မံတိုက်ခိုက်ရန် ပြင်လိုက်သည်။
သို့သော်လည်း ယန်ယဲ့၏ရင်ဘတ်ကနေ
ပြင်းထန်သော စုပ်ယူအားတစ်ခု
ရုတ်တရက် ထွက်ပေါ်လာသည်။
ထို့နောက် စပါးအုံးဝိညာဉ်က
ရီမို၏လက်မောင်းထက်ရစ်ခွေနေရာမှ
ချက်ချင်းပျောက်ကွယ်သွားသည်။

ခဏအကြာတွင် ယန်ယဲ့ သည် သူ၏

ဘယ်ဖက်လက်သီးကို ဆုပ်ထားပြီး

ရှေ့ကို လှမ်းထိုးလိုက်သည်။

ဘုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက် ရီမို

သည် မီတာ ၃၀၀ ကျော်အကွာထိ

လွင့်ထွက်သွားသည်။

ဤနေရာရှိလူတိုင်း အံ့သြသွားကြသည်။

အနက်ရောင်ဝတ်လူက ဘယ်သူလဲ။

ထိုအချိန်တွင် ရီမို၏မျက်နှာက

ရက်စက်သောအမူအရာရှိနေသည်။

သို့သော်လည်း သူ့စိတ်ထဲမှာတော့

ထိတ်လန့်သွားခဲ့သည်။ အကြောင်းမှာ

သူနှင့်

ရှေးဟောင်းစပါးအုံးဝိညာဉ်ကြားက

စိတ်ဝိညာဉ်ဆက်နွယ်မှု
ဖြတ်တောက်ခံလိုက်ရမှန်းသတိပြုမိလို
က်လို့ပါ။

ရှေးဟောင်းစပါးအုံးဝိညာဉ်က သူ၏
အစွမ်းထက်ဆုံး ဂုက်ဖဲပါ။

အခုတော့ ဆုံးရှုံးသွားရလေပြီ။

ရီမို က ယန်ယွဲ့ကို စူးစူးရဲရဲစိုက်ကြည့်ကာ
“ပြန်လွှဲပေးစမ်း”

ယန်ယွဲ့ သည် ရီမိုကို ငုံ့ကြည့်ကာ "ဒါဆို
ခဏစောင့်"

ထို့နောက် မျက်စိမှိတ်ကာ
သူ၏စိတ်အာရုံအသိကို မူလစေတီထဲ
နစ်မြှုပ်လိုက်သည်။

မူလစတေီထံ၌...

ရှေးဟောင်းစပါးအုံးဝိညာဉ် သည်

မူလစေတီထဲသို့ ဝင်လာပြီးနောက်တွင်

ပျောက်ဆုံးနေသော မျက်လုံးများဖြင့်

ပတ်ဝန်းကျင်ကို ကြည့်နေခဲ့သည်။

ခဏအကြာတွင်တော့

၎င်း၏မြွေမျက်လုံးများက

ဆိုးသွမ်းရက်စက်မှုများ

ပြည့်လာသည်။ရှေးဟောင်းစပါးအုံးက

ကောင်းကင်ပေါ်မော့လျက်

ဒေါသတကြီးနှာမှုတ်လိုက်သည်။

ထိုခဏလေးမှာပဲ ပတ်ဝန်းကျင်ရှိ

 အာကာသပြင်ဟာ

တဝုန်းဝုန်းတုန်ခါသွားပါတော့သည်။

ထိုအချိန်တွင် နှင်းပွင့် က သစ်သားဓားကို

ကိုင်ထားလျက်ဖြင့် ချုန်းချီ နှင့် ဟိုချင်

အနားမှာ ရပ်နေခဲ့သည်။

သူမက ရှေးဟောင်းစပါးအုံးမြွေကို

စိုက်ကြည့်ရင်း မျက်လုံးလေးများ

မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသည်။

ထို့နောက် ချုန်းချီ၏အတောင်ပံကို

သစ်သားဓား ဖြင့်

ညင်သာစွာခေါက်လိုက်လေသည်။

တစ်ဆက်တည်း

ရှေးဟောင်းစပါးအုံးဝိညာဉ်ကို

ညွှန်ပြလေသည်။ အစိပ္ပါယ်က

ထိုသတ္တဝါက

မည်သို့သောနတ်ဆိုးဖြစ်သနည်းဟု

မေးနေတာပါ။

ချုန်းချီ က နှင်းပွင့် ကို ကြည့်လိုက်ပြီး

ဖြေပါသည် "ကံဆိုးတဲ့

ခွေးမိုက်တစ်ကောင်"

နှင်းပွင့်က မျက်တောင်ခတ်ပြီး ဟိုချင် ကို လက်ညှိုးထိုးပြသည်။ သူမက ဟိုချင် နှင့်အတူတူလားဟု ထပ်မေးနေတာပါ။

ထိုမြင်ကွင်းအား မြင်သောအခါ ဟိုချင် က ပါးစပ်ထောင့်များပင် တုန်လှုပ်သွားသည်။

အဲဒီအကောင်ငယ်လေး....

အခြားတစ်ဖက်တွင်မူ ချုန်းချီ က လှောင်ပြောင်ရယ်မောနေလေသည်။

ထိုအတောအတွင်း ရှေးဟောင်းစပါးအုံးက ၎င်း၏အမြီးကို လေထဲသို့ မြှောက်ကာ ရိုက်ချလိုက်သည်။ မြွေအမြီးက သယ်ဆောင်လာသော စွမ်းအားကြောင့် အာကာသပြင်သည် အဆက်မပြတ် တုန်လှုပ်သွားခဲ့သည်။

သို့သော်လည်း ချုန်းချီ နှင့် ဟိုချင် သည် ရှေးဟောင်းစပါးအုံးကို သနားနေသောအမူအရာများဖြင့်သာ စိုက်ကြည့်နေခဲ့သည်

ထိုအချိန်တွင် နှင်းပွင့် က ရှေ့ကို ရုတ်တရက်တိုးသွားလေသည်။ ထို့နောက် သစ်သားဓားဖြင့် ရှေးဟောင်းစပါးအုံးကို

ချိန်၍ ကောင်းကင်ကို ညွှန်ပြကာ
စပါးအုံးမြွေကို ထပ်မံ ညွှန်ပြသည်။

သူမ၏စကားက သိသာပါသည်။
ရှေးဟောင်းစပါးအုံးကို
ငြိမ်ကုပ်နေဖို့ပြောနေတာပါ။
မဟုတ်ရင်တော့ သေလုမျောပါး
အရိုက်ခံရပါမည်။

သို့သော်လည်း ရှေးဟောင်းစပါးအုံးက ရက်စက်ကြမ်းကြုတ်မှုအပြည့် မျက်လုံးများဖြင့် နှင်းပွင့်ကို ရုတ်တရက် စိုက်ကြည့်လိုက်သည်။ ထို့နောက် ၎င်း၏ရောမပါးစပ်ကြီးကို ဟလျက် နှင်းပွင့်ကို ကိုက်ချဖို့ပြင်လေသည်။

နှင်းပွင့်၏ မျက်လုံးလေးများက ပြူးကျယ်လာပြီးနောက်

ချက်ချင်းဆိုသလိုပင် ချုန်းချီ၏
နောက်ကျောဖက်ကို ပြေးဝင်သွားသည်။

ရှေးဟောင်းစပါးအုံးက ချုန်းချီ ကို
သတိမထားမိဘဲ ၎င်း၏ပါးစပ်ကို
တရကြမ်းကိုက်ချလာသည်။

သို့သော်လည်း ချုန်းချီ က ဘာမှမလုပ်ဘဲ
အေးစက်စက်သာကြည့်နေခဲ့သည်။

ရှေးဟောင်းစပါးအုံးက မီတာ ၃၀၀ အကွာသို့ ရောက်လာချိန်တွင် ကောင်းကင်အထက်မှ လျှို့ဝှက်ဆန်းကြယ်သော စွမ်းအင်လှိုင်းတစ်ခု ဆင်းသက်လာပြီး ရိုက်ချခဲ့သည်။

အုန်း...

ရှေးဟောင်းစပါးအုံးကြီးက မြေပြင်ပေါ်
ပြုတ်ကျသွား၏။ ထိုအချိန်တွင်
နောက်ထပ် ဖိအားလှိုင်းတစ်ခု
ထပ်မံဆင်းသက်လာသဖြင့်
ရှေးဟောင်းစပါးအုံးကြီးဟာ
တုန်ယင်သွားလေသည်။

ဤအခိုက်အတန့်တွင်
၎င်း၏မျက်လုံးကြီးများက
ထိတ်လန့်မှုမျက်လုံးများ

ပြည့်နှက်လာသည်။

မျက်လုံးထဲတွင်လည်း ကြောက်လန့်မှုနှင့်

သက်ညှာပေးဖို့တောင်းပန်နေသော

အမူအရာများ

တဖြည်းဖြည်းပေါ်လာသည်။

...

တစ်ချိန်တည်းမှာပဲ အပြင်ပကမ္ဘာတွင်

ယန်ယွဲ့ သည် မျက်လုံးများကို

ဖြည်းညှင်းစွာဖွင့်ကာ ရီမိုကို
စူးစိုက်ကြည့်လိုက်သည်။ ရီမိုက "
ငါနောက်ဆုံးတစ်ခေါက်ထပ်ပြောမယ်။
အဲဒါကို ပြန်ပေးလိုက် ဒါမှမဟုတ်
မင်းနဲ့သိတဲ့လူတိုင်းကို ငါသတ်ပစ်မယ်"

ယန်ယဲ့ က တိုက်ခိုက်ရန်ပြင်လိုက်စဉ်
သွေးကေရီ က သူ့ရှေ့မှာ
ရုတ်တရက်ပေါ်လာသည်။ သူမက

ယန်ယဲ့ကို အချိန်အနည်းငယ်ကြာ

စိုက်ကြည့်ကာ "ငါလုပ်လိုက်ပါ့မယ်"

စကားပြောပြီးသည်နှင့်

တိုက်ခိုက်ရန်ပြင်လိုက်တော့သည်။

သို့သော်လည်း ယန်ယဲ့ သည်

သူမ၏လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး

ခေါင်းယမ်းပြသည် “ထားလိုက်ပါ။

အရင်ဆုံး ဒဏ်ရာတွေကုလိုက်ဦး”

ထို့နောက် သူသည် ရီမို ဆီသို့

ဖြည်းညှင်းစွာ လျှောက်လာခဲ့သည်။

ရီမိုက မျက်နှာပျက်သွားသည်။

ထိုအချိန်တွင် ယန်ယွဲ၏

ညာဖက်လက်မောင်းသည် အနည်းငယ်

တုန်ခါသွားသည်။ ထို့နောက်

သူ့ဝတ်ရုံအောက်ရှိ

ရွှေရောင်ခြသေ့်တံဆိပ်ကို
ဆွဲဖယ်လိုက်သည် ။

သူသည် ဓားမသုံးနိုင်သဖြင့် ရိုမိုကို
အနိုင်ယူဖို့မဖြစ်နိုင်ပေ။ နောက်ဆုံးတွင်
စစ်နတ်ဘုရား၏ညာဖက်လက်မောင်း
တော် ကို ထုတ်သုံးလိုက်ပါတော့သည်။

ရွှေရောင်ခြသေ့်တံဆိပ်ကို
ဖယ်ရှားလိုက်သည်နှင့် တပြိုင်နက်

ယန်ယဲ့ဟာညာလက်တစ်ဖက်လုံး

အကန့်အသတ်မဲ့ ခွန်အားများဖြင့်

ပြည့်နှက်နေသလို ခံစားရသည်။သို့သော်

သူ့မျက်နှာသည် ယခင်နှင့်မတူဘဲ

အလွန်ငြိမ်သက်နေပုံရသည်။

ဤအခိုက်အတန့်တွင် သူ၏ခွန်အားက

ယခင်ထက် နှစ်ဆတိုးသွားခဲ့သည်။

ထို့ကြောင့် စစ်န

တ်ဘုရား၏ညာဖက်လက်မောင်းတော်ကို

အတန့်အသင့်ထိန်းချုပ်ထားနိုင်သည်။

ယခုတိုင် ချိတ်ပိတ်ထားသည့်

အကြောင်းကတော့ သူသည်

စစ်နတ်ဘုရား၏ညာဖက်လက်မောင်း

တော် နှင့်

အပြည့်အဝပေါင်းစပ်နိုင်ခြင်းမရှိသေးလို့

ပါ။ တစ်နည်းအားဖြင့် သူသည်

တန်ပြန်ရိုက်ခတ်သည့်စွမ်းအားကို

တွေ့ကြုံလိုခြင်းမရှိပေ။

ထိုအတောအတွင်း ရီမိုက

အေးစက်စက်ပြောခဲ့သည်

“မင်းသေချင်နေတာဆိုတော့

မင်းရဲ့ဆန္ဒကို ငါဖြည့်ဆည်းပေးမယ်”

စကားပြောပြီးသည်နှင့်

ညာခြေကိုဆောင့်ကာ

အနက်ရောင်အလင်းတန်းအဖြစ်
ပြောင်းလဲသွားသည်။ သူ၏အရှိန်သည်
အလွန်မြန်ဆန်သည်။
အလင်းတစ်ချက်သာ မြင်လိုက်ရပြီး
ယန်ယွဲ့ရှေ့ကို
ချက်ချင်းရောက်လာသည်။

တစ်ချိန်တည်းမှာပင် ယန်ယွဲ့ သည်
ညာဖက်ခြေထောက်ကို ရုတ်တရက်
နောက်ပြန်လှမ်းကာ သူ၏လက်သီးကို

ဆုပ်ထားသည်။ ထို့နောက် သူ၏
ညာဖက်လက်သီးကို ရှေ့သို့
လှမ်းထိုးလိုက်သည်။

ဘုန်း....

ယန်ယဲ့၏ လက်သီးချက်မှ
ကြောက်မက်ဖွယ်အားလှိုင်းများ
ပေါက်ကွဲထွက်လာကာ

အနက်ရောင်အလင်းတန်းကို
ရိုက်ချလိုက်လေသည်။

ရှီမို၏ပုံရိပ်သည် ၁
ကီလိုမီတာအကွာထိပင်
လွင့်ထွက်သွားခဲ့သည်။

ဤမြင်ကွင်းကြောင့်
မရေမတွက်နိုင်သောလူများ
ထိတ်လန့်သွားကြသည်။

ဤအချိန်တွင် လူတိုင်းသည် ယန်ယွဲ့၏ပုံရိပ်မှန်ကို ပို၍ပင် သိချင်လာကြသည်။

ရီမိုကို လှမ်းထိုးလိုက်ပြီးနောက် ယန်ယွဲ့သည် မရပ်တန့်ပေ။ သူသည် ရီမို ထံခုန်ဝင်သွားပြီး နောက်ထပ် လက်သီးတစ်ချက် ပစ်သွင်းလိုက်သည်။

သာမန်ရိုးရှင်းသော လက်သီးတစ်ချက်

သာ။

သို့သော် လက်သီးချက်က

သယ်ဆောင်လာသော

အဖျက်စွမ်းအားသည်

အလွန်ကြောက်စရာကောင်းလှသည်။

လက်သီး ပြေးထွက်သွားရာ

အာကာသပြင်တစ်လျှောက်ဟာ

ပြင်းထန်စွာ တုန်လှုပ်သွားခဲ့သည်။

ထို့အပြင် ၎င်းပတ်ဝန်းကျင်ရှိ
အာကာသပြင်သည်
အက်ကွဲသွားခဲ့သည်။ အလွန်ကို
ထိတ်လန့်စရာ မြင်ကွင်းတစ်ခုပါပဲ။

ထိုအဖျက်စွမ်းအားကို ခံစားမိသောအခါ
ရီမို သည်
ချက်ချင်းမျက်နှာပျက်သွားသည်။
သူသည် မပေါ့ဆရဲဘဲ
ညာဖက်လက်ကိုရှေ့ဆန့်ထုတ်ကာ

ဆုပ်ကိုင်လိုက်သည်။ ထို့နောက်

သူ၏ခန္ဓာကိုယ်ထဲမှ

ဆန်းကြယ်ချီစွမ်းအင်များ

တဟုန်ထိုးထွက်ပေါ်လာပြီး

လက်သီးထဲကို အမြန်ပို့လွှတ်လိုက်သည်။

ထိုခဏတွင် သူ၏လက်သီးထိပ်မှ

အနက်ရောင်စွမ်းအင်လုံးကြီး

ပေါ်လာသည်။ ၎င်းပေါ်လာသည်နှင့်

ကြောက်မက်ဖွယ်အငွေ့အသက်များ

ပျံလွင့်လာသည်။လက်သီးတစ်ဝိုက်က

အာကာသပြင်ဟာ

တဝုန်းဝုန်းပေါက်ကွဲသွားသည်။

သိပ်တော့မကြာလိုက်ပါ၊

လက်သီးနှစ်လုံးက လေထဲ၌ပင်

ဆုံတွေ့သွားကြတော့သည်။

ဘမ်း....

ကျယ်လောင်သော ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာသည်။ ထို့နောက်တွင် နှစ်ယောက်လုံး နောက်ပြန်ဆုတ်သွားခဲ့သည်။

ရှိမိုက မီတာ ၃၀၀ လောက်အကွာသာ ပြန်ဆုတ်သွား၏။ ယန်ယဲ့ ကတော့ ၁ ကီလိုမီတာနီးပါးအကွာထိ ဆုတ်သွားခဲ့သည်။

သို့သော် သူရပ်တန့်လိုက်သည်နှင့် ယန်ယဲ့
သည် ညာခြေကိုတစ်ချက်ပုတ်ကာ
ရှေ့သို့ခုန်ထွက်လိုက်သည်။

ထိုအချိန်တွင် သူသည် ရီမိုရှေ့ကို
ရောက်လာပြီး လက်သီးဖြင့်
တိုက်ရိုက်ထိုးချလိုက်သည်။

သူ၏လက်သီးက မည်သည့်နည်းစနစ်မျှ

မသုံးထားပေ။ သာမန်ရိုးစင်းသော

လက်သီးချက်တစ်ချက်သာ။

သို့သော်လည်း

အလွန်ကိုကြောက်စရာကောင်းလှသည်။

နောက် ၁ နာရီအကြာ...

ရီမို က ဆက်ပြီးမတောင့်ခံနိုင်တော့ပေ။

တဖြည်းဖြည်း အရေးနိမ့်လာ၏။

ယန်ယဲ့၏ရုပ်ခန္ဓာခွန်အားနှင့်

ရက်စက်ကြမ်းကြုတ်သော

တိုက်ခိုက်မှုကြောင့် ရှီမို သည်

ဘယ်လိုမှကိုမထိန်းနိုင်တော့ပါ။

အုန်း....

ကျယ်လောင်သော ပေါက်ကွဲသံ နှင့်အတူ

နှစ်ယောက်လုံး

နောက်ပြန်လွင့်ထွက်လာသည်။

သို့သော်လည်း ယန်ယွဲ့ သည်

ချက်ချင်းဆိုသလို ရှိမှို ရှေ့တွင်

ပြန်ပေါ်လာ၏။

ထို့နောက် ယန်ယွဲ့၏

လက်သီးထိုးချက်များက

မိုးစက်မိုးပေါက်များအလား ရီမိုဆီသို့ ကျဆင်းလာသည်။

ဤအချိန်တွင် ရီမို က တန်ပြန်တိုက်ခိုက်ဖို့အခွင့်မသာဘဲ ဆက်တိုက်ပင် နောက်ပြန်ဆုတ်နေရသည်။

ဘမ်း...

ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက် ရီမို က

နောက်တစ်ကြိမ်လွင့်ထွက်သွားသည်။

သူ ရပ်တန့်လိုက်သည်နှင့် ယန်ယဲ့ ကို

စိုက်ကြည့်ကာ "မင်းက ယန်ယဲ့ ။

ဟုတ်တယ်မလား"

လူအုပ် က အံ့သြသွားခဲ့ကြသည်။

ခဏအကြာတွင် လူအုပ်က

ရန်လိုသောအကြည့်များဖြင့် ယန်ယဲ့အား
စိုက်ကြည့်ကြသည်။

ဤမြင်ကွင်းကြောင့် ငရဲကေရီ နှင့်
သွေးကေရီ လည်း
မျက်နှာပျက်သွားခဲ့သည်။
ယန်ယဲ့ မှန်း သိလိုက်သည်နှင့်
နောက်ဆက်တွဲ

ဖြစ်လာမည့်အခြေအနေသည်

လုံး၀ကိုကြောက်စရာကောင်းမှာပါ။

နောက်ဆုံးတွင် ဤနေရာသည်

နတ်ဘုရားနယ်မြေမြို့တော်ပါ။

ယန်ယွဲ့အား နေရာအနှံ့ လိုက်ရှာနေသူများ

မရေမတွက်နိုင်အောင်ပင်ရှိနေ၏။

သို့သော်လည်း ယန်ယွဲ့ သည်

လူအုပ်ကိုဂရုမစိုက်ခဲ့ပေ။

ခဏာမျှငြိမ်သက်နေပြီးနောက်

ရီမိုရှေ့တွင်ပေါ်လာပြီးလက်သီးဖြင့်လှမ်း

ထိုးလိုက်ပါသည်။

ဘုန်း…

ရီမို က တုံ့ပြန်နိုင်လိုက်ခြင်းမရှိပေ။

ပါးစပ်ထဲက သွေးများ အန်ထွက်လာပြီး

မီတာ ၃၀၀ ကျော်အကွာသို့

လွင့်ပျံထွက်သွားသည်။

ယန်ယဲ့ က

ထပ်ပြီးတိုက်ခိုက်ရန်ပြင်လိုက်စဉ် ရီမိုက

ရုတ်တရက် လက်ညှိုးထိုးပြကာ

“လူတိုင်း၊ သူက ယန်ယဲ့ ပဲ။ သူ့မှာ

ချိတ်ပိတ်စည်းကို ချိုးဖျက်နိုင်တဲ့

သစ်သားဓား ရှိနေတယ်”

ယန်ယဲ့ သည် ရီမိုကို လစ်လျူရှုကာ

တိုက်ခိုက်ရန်ပြင်လိုက်၏။

သို့သော်လည်း  အစွမ်းထက်အော်ရာ ဒါဇင်ချီက သူ့အပေါ်ကို  ရုတ်တရက် ဆင်းသက်လာခဲ့သည်။ယန်ယဲ့ သည် အနည်းငယ် မျက်နှာပျက်သွားခဲ့သည်။

ထိုအတောအတွင်း အဘိုးကြီးတစ်ယောက်က ယန်ယဲ့ကို ရုတ်တရက် စိုက်ကြည့်ကာ "မင်းက တကယ်ပဲ ယန်ယဲ့ လား"

ယန်ယဲ့ က ဘာမှ ဂရုမစိုက်ဘဲ

“မဟုတ်ဘူး”

"မဟုတ်ဘူးတဲ့လား" ရီမို က ရုတ်တရက်

ပြင်းထန်စွာ ရယ်မောလိုက်သည်

"ယန်ယဲ့၊ ငါ မင်းကို စုံစမ်းပြီးပြီ။ မင်းက

ဓားတာအို မှာတင်

ထူးချွန်တာမဟုတ်ဘူး။ မင်းရဲ့

ခန္ဓာကိုယ်က အရမ်းသန်မာတယ်။

ဒါ့အပြင် မင်းက သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကိုပါ နားလည်ထားသေးတယ်"

အားလုံးက ယန်ယွဲ့ကို စိုက်ကြည့်နေသည်။ လူတိုင်း သူ့ထံမှ ဘာအဖြေထွက်လာမလဲ သိချင်နေပုံပါ။

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့ က ပြန်ပြောလိုက်သည်

"ငါပြောတာမဟုတ်ဘူး။ ဒါဆို
ငါမဟုတ်ဘူး"

ရီမို က သူ့ညာလက်ကို
ရုတ်တရက်ဝှေ့ယမ်းလိုက်ရာ
ယန်ယဲ့ရှေ့တွင် ဓားတစ်ချောင်း
ပေါ်လာသည်။ ထို့နောက် သူက "ယန်ယဲ့၊
မင်းက ယန်ယဲ့မဟုတ်ဘူးဆိုရင်
ဒီဓားကိုကိုင်ရဲသလား"

လူအုပ်က အနည်းငယ်

ခေါင်းညိတ်ကြသည်။ ယန်ယွဲ့ သည်

အလယ်စကြာဝဠာ၏

ပြိုင်ဖက်ကင်းဓားကျင့်ကြံသူပါ။

ဓားတစ်ချောင်းကို ကိုင်လိုက်သည်နှင့်

ထိုလူက ယန်ယွဲ့ ဟုတ်မဟုတ်

သေချာပေါက် သိနိုင်ပေမည်။

ယန်ယဲ့ သည် စကားမပြောဘဲ သူ့ရှေ့မှာ
လွင့်မျောနေသော ဓားကို
တိတ်ဆိတ်စွာသာ စိုက်ကြည့်နေသည်။

ထိုအတောအတွင်း ရီမိုက အေးစက်စွာ
ရယ်မောလိုက်သည် “ဘာလဲ။
မင်းမလုပ်ဝံ့ဘူးလား"

ယန်ယဲ့ သည် ရီမိုကို မော့ကြည့်ပြီးနောက် ဓားကိုဆတ်ခနဲဖမ်းကိုင်ကာ ဖျတ်ခနဲ ပျောက်သွားခဲ့သည်။

မဟာပေါ်တယ်နည်းစနစ် နှင့် ဒုတိယဓားချက် ပေါင်းစပ်ထားသော တိုက်ခိုက်မှုပါ။

ထိုခဏလေးမှာပဲ ယန်ယဲ့ သည် ရီမို၏ နောက်ကွယ်မှ ပြန်ပေါ်လာသည်။ ရီမို၏

ခန္နာကိုယ်က

ရုတ်တရက်တောင့်တင်းသွားသည်။

ခဏာမျှ တိတ်ဆိတ်သွားပြီးနောက် ရီမို၏

နဖူးအလယ်မှ သွေးများ ဖျန်းခနဲ

ထွက်လာသည်။

ထိုအချိန်တွင် ယန်ယဲ့ သည်

သူ၏ကိုယ်ပေါ်မှ အနက်ရောင်ဝတ်ရုံကို

ဆွဲဖယ်လိုက်သည်။ ထို့နောက်

ပတ်ဝန်းကျင်ကို အေးစက်စွာ

ကြည့်လိုက်ကာ "ငါက ယန်ယဲ့ ပဲ

မင်းတတ်နိုင်ရင် ငါ့ကိုလာသတ်လှည့်"

May Be:

၂၁၆၇

[အဆုံးမဲ့ခါးကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၆၇ - ငါ အဲဒါကို

မလိုချင်တော့ဘူး

ယန်ယဲ့...

ပတ်ဝန်းကျင်တစ်ခုလုံး

တိတ်ဆိတ်သွားသည်။ လူတိုင်းက

ယန်ယဲ့ကို ကြည့်နေကြသည်။

နေရာအနှံ့ သူတို့လိုက်ရှာနေသော
ယန်ယဲ့က မျက်စိရှေ့မှာ ရှိနေခဲ့သည်။

သို့သော် ဤအခိုက်အတန့်တွင် မည်သူမျှ
မတိုက်ခိုက်ရဲတော့ပါ။
လူတိုင်း၏မျက်လုံးများက
အကြောက်တရားများ
ပြည့်နှက်နေသည်။

ယန်ယဲ့ သည် ရီမိုကို
ဓားတစ်ချက်တည်းဖြင့်
သတ်ပစ်လိုက်သည်။

ရီမို က
ဒဏ်ရာအပြင်းအထန်ရနေသည့်တိုင်
မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ
ဖြစ်နေတုန်းပါ။ ထို့အပြင် ရီမိုက
အဆင့်မြင့်မူလနတ်ဘုရားအဆင့် ၆
ကျင့်ကြံသူဖြစ်နေတာပါ။ သို့သော်

ထိုအဆင့်ကျင့်ကြံသူက

ချက်ချင်းအသတ်ခံခဲ့ရသည်။

တုံ့ပြန်နိုင်စွမ်းတောင်မှ မရှိခဲ့ချေ။

ရီမို အပြင် လူအုပ်ကလည်း ယန်ယဲ့၏

တိုက်ခိုက်မှုကို

ရှင်းရှင်းလင်းလင်းမမြင်လိုက်ကြပေ။

ထိုအချက်က လူတိုင်း

ကြောက်လန့်နေသည့်

အကြောင်းအရင်းပါ။

ယခင်ကတော့ လူတိုင်းအမြင်အရ

ယန်ယဲ့ဟာ ပုံမှန်လောက်သာ

သန်မာသည်ဟုယူဆကြသည်။

သို့သော်လည်း

လက်ရှိသူတို့ရှေ့မှမြင်ကွင်းဟာ

သာမန်မဟုတ်ဘဲ လုံးဝကို

ကြောက်စရာကောင်းနေမှန်း

သဘောပေါက်သွားစေသည်။

ဤအခိုက်အတန့်တွင်

လူအုပ်သည်တိတ်ဆိတ်သွားခဲ့သည်။

မည်သူမျှထွက်မသွားသေးသော်လည်း

တစ်ယောက်တစ်လေမှ

ရှေ့ထွက်မလာရဲကြပေ။အကြောင်းက

တော့ မည်သူမျှ

အရင်ဆုံးအသတ်မခံလိုသောကြောင့်ပါ။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ရှိ လူအုပ်ကို လစ်လျူရှုကာ သူ့ရှေ့မလှမ်းမကမ်းက အသက်မျော့မျော့ကျန်နေသော ရီမိုကို စူးစိုက်ကြည့်လိုက်သည်။ သူက မထူးခြားဘဲ ပြောလိုက်၏ "ငါ့ဓားကို မသုံးဖို့ အတင်းအကြပ်မလုပ်ရင်တော့ မင်းကို ငါ့လက်သီးတွေနဲ့ အနိုင်ယူနိုင်တုန်းပဲ။ ဒါပေမဲ့ ငါ မင်းကို သတ်နိုင်မှာ မဟုတ်ဘူး။

ကံမကောင်းစွာပဲ၊ မင်းလိုလူမိုက်က

ငါ့လက်ထဲကို

ဓားတစ်ချောင်းထည့်ပေးလိုက်တယ်။

ဒါဟာ ကိုယ့်သေတွင်းကိုတူးလိုက်တာပဲ"

ရီမို၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းလာပြီး နောက်ဆုံး

ထွက်သက်ကို ရှူလိုက်သည်နှင့်

တိခနဲငြိမ်ကျသွားတော့သည်။

ယန်ယဲ့ သည် သူ၏ညာလက်ကို

ဝှေ့ယမ်းကာ ရီမို၏အလောင်းကို

ဆွဲယူလိုက်သည်။

အမှန်တော့ သူ့ကိုယ်သူ

ထုတ်ဖော်မပြလိုခဲ့ပေ။ အတော်ကို

ပြဿနာများနိုင်လို့ပါ။ သို့ရာတွင်

လက်ရှိအခြေအနေက သူလည်း

မတတ်နိုင်တော့ပါ။

အတော်တော်များများဟာ

ယခင်ကတည်းကပင် သူ့ကို

သံသယဝင်နေခဲ့သည်မဟုတ်ပါလား။

သူကိုယ်တိုင် ဝန်ခံခြင်းမပြုရင်တောင်

လူအုပ်က

ထုတ်ဖော်ကြပေမည်။အကြောင်းကတော့

ဓားတစ်ချောင်းကို

ကောက်ကိုင်လိုက်သည်နှင့် ယန်ယွဲ့

ဟုတ်မဟုတ်သိနိုင်လို့ပါ။

နောက်ဆုံးတွင် သူသည် ဓားကျင့်ကြံသူ

ပါ။ ကိုယ့်ကိုယ်ကို

ဖုံးကွယ်ထားနိုင်သည့်တိုင်

ဓားတစ်ချောင်းကိုင်လိုက်တာနဲ့ လူတိုင်း

သိသွားကြမှာပါ။

ဖုံးကွယ်လို့ မရလေရာ ကိုယ်တိုင်

ဝန်ခံလိုက်သည်က ပိုကောင်းပေသည်။

ယန်ယဲ့ က ဓားကို ဖယ်လိုက်ပြီး
နတ်ဓားကို ပြောင်းကိုင်လိုက်သည်။
ထို့နောက် လူအုပ်ကို
တစ်ချက်ကြည့်လိုက်ပြီး
အေးစက်စက်ပြောလိုက်၏ "လာစမ်း၊
ဘယ်သူလဲ။ ဘယ်သူက ငါ့ကို
သတ်ဖို့ကြိုးစားမလဲ"

သူ့အသံက တိုးညှင်းကာ
ပျော့ပျောင်းသလိုထင်ရသည်။ သို့ရာတွင်

မမြင်နိုင်သောဖိအားတစ်ခုကို
သယ်ဆောင်သွားသည်။

ထိုအချိန်တွင်
အနက်ရောင်ဝတ်ရုံအဘိုးကြီးတစ်ယော
က် ရုတ်တရက် ရှေ့သို့
လှမ်းထွက်လာသည်။ သူသည် ယန်ယွဲ့ကို
စူးစိုက်ကြည့်ကာ ပြောလိုက်သည်
"ယန်ယွဲ့၊ ငါတို့ကြားမှာ တေရန်ငြိုးမှ
မရှိဘူး။ ငါတို့က မင်းနဲ့ရန်သူ

မဖြစ်ချင်ဘူး။ ဒါပေမယ်လို့

ဒီသစ်သားဓား က

ငါတို့အတွက်အရမ်းကိုအရေးပါတယ်။

မင်းလက်လွှဲပေးရင် ငါတို့ထွက်

သွားလိုက်မယ်"

သစ်သားဓားကို လက်လွှဲပေးလိုက် ။

ယန်ယွဲ့ သည် လုံးဝကိုသန်မာပါသည်။

သို့သော်လည်း သူတို့က

အားနည်းသူများလား။ မည်သူမျှ

သဘာဝအတိုင်း

ကြောက်လန့်နေမည်မဟုတ်ပေ။

အဓိကကတော့ သစ်သားဓား ပါ။

သစ်သားဓား က အတော်ကို

သွေးဆောင်နေသည်။

ယန်ယဲ့ သည် စကားပြန်မပြောဘဲ

အဘိုးကြီးကို

တည့်တည့်စိုက်ကြည့်နေသည်။

ထို့နောက်

အလင်းတန်းတစ်ခုသဖွယ်ပြောင်းလဲကာ

နေရာမှာပင်

ဖျတ်ခနဲပျောက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင်

အေးစက်စက်အလင်းတန်းတစ်ခုက

အဘိုးကြီး၏နဖူးရှေ့

လက်မဝက်ခန့်အနည်းငယ်အကွာမှာ
ရုတ်တရက်ပေါ်လာသည်။

ယန်ယဲ့၏ နတ်ဓား ပါ။

အနက်ရောင်ဝတ်ရုံအဘိုးကြီး၏
အမူအရာက သိသိသာသာ
ပြောင်းလဲသွားသည်။ကံကောင်းထောက်
မစွာ သူသည် အစွမ်းထက်
မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ

ဖြစ်လေရာ သူ၏တုံ့ပြန်မှုသည်

နှေးကွေးခြင်းမရှိပေ။ သူ့ခန္ဓာကိုယ်မှ

ကြောက်မက်ဖွယ်ကောင်းသော

စွမ်းအင်လှိုင်းများ လွင့်ထွက်သွားသည်။

သို့သော်လည်း သူ၏အရှိန်အဝါက

အပိုင်းပိုင်းကွဲထွက်သွားသည်။

တစ်ချိန်တည်းမှာပင် အဘိုးကြီးက

နောက်သို့ ပြန်ခုန်ထွက်သွားသည်။

ဤအခိုက်အတန့်တွင် အဘိုးကြီးက ၁ ကီလိုမီတာကျော်အကွာမှာ ရှိနေ၏။

သူ၏နဖူးအလယ်က အနီရောင်အကွက်တစ်ခုရှိနေလေသည်။ အမှန်တော့ သွေးတစ်စက်စက်စီးကျနေသော ဓားဒဏ်ရာအပေါက်တစ်ခုပါ။

အဘိုးကြီးက သူ၏နဖူးကို ညင်သာစွာ

ပွတ်သပ်ရင်း ထိတ်လန့်သွားသည်။

ယခုထက် အနည်းငယ်သာ နွေးနေခဲ့ရင်

ချက်ချင်းအသတ်ခံရမှာသေချာနေလို့ပါ။

ယန်ယဲ့၏အရှိန် က အလွန်မြန်ဆန်သလို

ဓားကလည်း

လျှပ်စီးတစ်ချက်လက်သွားသလိုပင်။

အဘိုးကြီးက ယန်ယဲ့ကို
အချိန်တော်တော်ကြာအောင်
စိုက်ကြည့်နေကာ "ဒီဓားကို
ငါမလိုချင်တော့ဘူး"ဟု
ရုတ်တရက်ပြောလိုက်သည်။

ထို့နောက် ချက်ချင်းပင်
အနက်ရောင်အလင်းတန်းတစ်ခုအဖြစ်
ပြောင်းလဲကာ အဝေးဆီသို့
ပျောက်ကွယ်သွားပါတော့သည်။

အမှန်ပါ၊ သူက သစ်သားဓားကို
လိုချင်စိတ်မရှိတော့ပေ။

သို့မဟုတ် တစ်နည်းပြောရလျှင် သူက
သစ်သားဓားကို ရယူဖို့
မကြိုးစားဝံ့တော့တာပါ။

အနက်ရောင်ဝတ်ရုံအဘိုးကြီးက
ထက်မြက်သူဖြစ်ရာ

ဆက်ပြီးတိုက်ခိုက်နေရင်
အသတ်ခံရတော့မည်ကို သိနေပေသည်။

ယန်ယဲ့ က သူ့အား ဥပမာအနေဖြင့်
သတ်ဖြတ်ပစ်နိုင်ချေများ၏။

အဘိုးကြီးက ထိုအချက်ကို
ကောင်းကောင်းသဘောပေါက်ကာ
ချက်ချင်း ထွက်သွားဖို့
ဆုံးဖြတ်လိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့ သည်

ထွက်ပြေးသွားသော

အနက်ရောင်ဝတ်ရုံအဘိုးကြီးကို

တစ်ချက်လှမ်းကြည့်ကာ

ဆက်ပြီးမလိုက်တော့ပေ။

အစိပ္ပါယ်မရှိလို့ပါ၊ အကယ်၍ သူ

ဆက်ပြီးတိုက်ခိုက်လိုပါက

မဟာပေါ်တယ်နည်းစနစ် နှင့်

ဒုတိယဓားချက် ကို ထပ်သုံးရပါမည်။

သို့သော် လက်ရှိမှာက သူ့အနေဖြင့်
ဒုတိယဗားချက် တစ်ကြိမ်သာ
ထုတ်သုံးနိုင်တော့သည်။

ဤအခိုက်အတန့်တွင် သူသည်
တတ်နိုင်သမျှ အားချန်ထားရပါမည်။

ယန်ယွဲ့ သည် စွမ်းအင်ပုလဲနှစ်လုံးကို
ထုတ်ယူကာ မျိုချလိုက်သည်။ ထို့နောက်

လူအုပ်ကို အေးစက်စွာ ကြည့်လိုက်ကာ ပြောလိုက်သည် "ငါ့ဓားကို တခြားတစ်ယောက်ယောက်ကများ လိုချင်သေးသလား"

လူတိုင်း ငြိမ်သွားကြသည်။

သူတို့က သဘာဝအတိုင်း လိုချင်ကြသည်။ သို့သော်လည်း ပြဿနာမှာ ရဖို့ မလွယ်မှုန်း

သိသာပါသည်။ ထို့အပြင် မည်သူမျှ

အရင်ဆုံး ရှေ့မထွက်လိုကြပေ။

ယန်ယဲ့ သည် လူအုပ်

တိတ်ဆိတ်နေသည်ကို မြင်သောအခါ

သူ့အကြည့်ကို ဆုတ်လိုက်သည်။

ထို့နောက် သွေးဧကရီကို စိုက်ကြည့်ကာ

"တခြားသူတွေ ဘယ်မှာလဲ"

သွေးကေရီ က “အကြီးဆုံးအစ်မ က အဆင့်တက်နေတယ်။ ကျန်တဲ့သူတွေက သူ့ကို အကာအကွယ်ပေးထားတယ်”

ယန်ယဲ့ က “ဘယ်လောက်ကြာမှာလဲ”ဟုမေးလိုက်သည်။

သွေးကေရီ က ခဏမျှ စဉ်းစားပြီး ပြန်ပြောသည် “ငါလည်း

သေချာတော့မသိပါဘူး။ ခဏ၊

တစ်လလား၊ ဒါမှမဟုတ် တစ်နှစ်တောင်

ဖြစ်နိုင်တယ်"

ယန်ယဲ့ က ခေါင်းခါလိုက်သည်

“ဒါအလုပ်မဖြစ်ပါဘူး။

ငါတို့ဒီမှာနေလို့မရဘူး"

သွေးကေရီ က ခေါင်းညိတ်လိုက်သည်

“ငါ သိပါတယ်။ ဒါပေမဲ့....”

ယန်ယဲ့ က ရုတ်တရက်ပြောလိုက်သည်

"ငါနေတဲ့နေရာကို သွားလိုက်"

သွေးဧကရီ က ယန်ယဲ့ကို

စိုက်ကြည့်နေသည်။ သူမက ယန်ယဲ့

ပြောနေသမျှကို

သဘာဝကျကျ သိပါသည်။

မူလစေတီ ။

ယန်ယွဲ့ ဆိုလိုသည်မှာ မူလစေတီ ပါ။

သွေးဧကရီ က ပြောလိုက်သည် "ငါ ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောခဲ့သလို ငါတို့ရဲ့ အကြီးဆုံးအစ်မ လည်း မသိဘူး"

ယန်ယွဲ့ က ခေါင်းခါလိုက်သည် “မင်းကို ငါယုံတယ်၊ ကျန်တဲ့သူတွေကိုပါ

ယုံတယ်။ ဒါ့အပြင် သူ့မှာ ယင်ယင်ရဲ့ မှတ်ဉာဏ်တွေရှိနေတော့ ငါ့ဆီက လျှို့ဝှက်ချက်တော်တော်များများကို သူမ သိထားတယ်"

သွေးကေရီ က ခဏမျှ စဉ်းစားပြီး "ကောင်းပြီ၊ ငါနဲ့လိုက်ခဲ့"

ထို့နောက် ငရဲကေရီ ကို အချက်ပြရင်း

သုံးယောက်စလုံး ချက်ချင်း

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယွဲ့ သည် တစ်ခုခုကို တွေးနေပုံရပြီး

အထဲကို ဝင်ခါနီးမှာတော့ လူအုပ်အား

လှည့်ကြည့်ကာ  "ငါဘယ်မှမသွားဘူး။

ငါအထဲမှာရှိနေမယ်"ဟုပြောခဲ့သည်။

ထို့နောက် နေရာမှာတင်
ပျောက်သွားသည်။

လူတိုင်း အကြည့်ချင်းဖလှယ်ကြသည်။

ရုတ်တရက် "ငါတို့အတူတူလုပ်ရမယ်။
အနည်းဆုံးတော့ ယာယီပူးပေါင်းရမယ်"

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်
လူတိုင်း ခေါင်းညိတ်ကြသည်။

ထို့နောက်တွင်တော့ သိပ်မကြာလိုက်ပေ။

နတ်ဘုရားနယ်မြေမြို့တော်မှာ

ယန်ယဲ့ရောက်နေသော သတင်းသည်

ကောင်းကင်တိုင်တောင်တစ်လျှောက်ကို

ပြန့်နှံ့သွားသည်။ သတင်းကြားကြားချင်း

မရေမတွက်နိုင်သော

အဆင့်မြင့်ကျင့်ကြံသူများဟာ မြို့ဆီသို့

အပြေးအလွှား ရောက်လာကြသည်။

ယန်ယဲ့ ရောက်ရှိလာခြင်းသည်

ကောင်းကင်တိုင်တောင်တန်း၏

ငြိမ်းချမ်းသောလေထုကို

ဆုံးရှုံးစေသည်ဟူ၍ပင် ပြောရမလိုပင်။

.......

ကောင်းကင်ဘုံခန်းမ ။

ငရဲကြေရီ နှင့် သွေးကြေရီ

တို့နှစ်ယောက်က ယန်ယွဲ့ကို

ကောင်းကင်ဘုံခန်းမ၏ ထိပ်ဆုံးထပ်သို့

ခေါ်ဆောင်သွားသည်။

အပေါ်ရောက်သည့်အခါ

ကောင်းကင်ကြေရီ နှင့် အမှောင်ကြေရီ ကို

မြင်လိုက်ရသည်။

ကောင်းကင်ကြေရီ က အလယ်ဗဟို၌

တင်ပျဉ်ခွေထိုင်နေကာ

မျက်လုံးများကိုမှိတ်ထားသည်။

သူမပတ်ပတ်လည်ရှိ အာကာသပြင်သည်

အဆက်မပြတ်လှည့်ပတ်နေသော

ရေဝဲကတော့တစ်ခုလိုပင်။

ထိုအချိန်တွင် အမှောင်ဧကရီ က ယန်ယဲ့

ကို ရုတ်တရက် လှည့်ကြည့်ကာ

ပြောပါသည် "နင်ဒီကိုရောက်လာပြီလား"

ယန်ယဲ့က ခေါင်းညိတ်ပြီး

"မတွေ့တာကြာပြီ တတိယအစ်မ "

သူသည် အမှောင်ဧကရီကို

စိတ်ရင်းမှန်နှင့် လေးစားတာပါ။

အမှောင်ဧကရီ က အနည်းငယ်

ခေါင်းညိတ်လိုက်သည် “နင် ကြီးလာတာ

အရမ်းမြန်တယ်။ ဒုတိယအစ်မနဲ့

ငါတောင် နင့်ကိုအနိုင်ယူဖို့ ခက်လိမ့်မယ်”

ယန်ယဲ့ က ပြုံးကာ “ငါဘယ်လောက်ပဲ သန်မာနေပါစေ မင်းက ငါ့ရဲ့ တတိယအစ်မပဲ”

ထိုစကားကြားသောအခါ အမျောင်ဇကေရှီ က ပြုံးလိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့ က ရုတ်တရက် ပြောလိုက်သည် "တတိယအစ်မ၊

ငါတို့ဒီမှာနေလို့မရဘူး။
မင်းရဲ့အကြီးဆုံးအစ်မကို
ခေါ်သွားရမယ်”

ခန်းမအပြင်ဖက်ရှိ လူအုပ် က
သစ်သားဓားကို အရယူဖို့
လက်မလျှော့သေးကြောင်း
သိသာနေလို့ပါ။ အားလုံးက
နှစ်ပေါင်းထောင်ချီပြီး
အသက်ရှင်လာသော

အဆင့်မြင့်ကျင့်ကြံသူများချည်းသာ။

သေချာပေါက် ဖယ်ရှားရန် မဖြစ်နိုင်ပေ။

ထို့အပြင် လက်ရှိအခြေအနေက

သူရောက်နေသည့်သတင်းဟာ

သေချာပေါက်ပြန့်နှံ့သွားနိုင်ချေများ၏။

တစ်နည်းအားဖြင့်

ကောင်းကင်တိုင်တောင်တန်း မှ

ကျင့်ကြံသူအများအပြား

ဆင်းလာနေကြသည်။

သူ့ကိုယ်သူ ယုံကြည်သော်လည်း

ရာချီသော မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများကို ယှဉ်နိုင်မယ်လို့တော့

မယုံကြည်ပါ။ အဓိကကတော့

ကောင်းကင်တိုင်တောင်တန်းရှိ

မျိုးဆက်ဟောင်းများ အပြင်

ရှေးဟောင်းကျင့်ကြံသူများပါ

ဆင်းလာကြလို့ပါ။

သွေးကေရီ က ခေါင်းညိတ်ပြသည် "ဒါဆို သွားကြရအောင်" မစကားပြောနေစဉ် ယန်ယဲ့ ကို စိုက်ကြည့်နေသည်။

ယန်ယဲ့ သည် ကောင်းကင်ကေရီ ဆီသို့ လျှောက်သွားလိုက်သည်။ ထိုအချိန်တွင် သွေးကေရီ က ရုတ်တရက်သတိပေးပါသည် "သတိထားပါ"

ယန်ယဲ့ သည် အံ့ဩသွားသည်။ သို့သော်
သူ၏အမူအရာက ရုတ်တရက်
ပြောင်းသွားသည်။ ကောင်းကင်ဧကရီ
ထံမှ ထွက်ပေါ်နေသော
ဝါးမျိုးခြင်းစွမ်းအား က
သူ၏တာအိုနှလုံးသားကို အနည်းငယ်
တုန်လှုပ်သွားစေလို့ပါ။

အန္တရာယ်များတယ် ။

သူ၏ပင်ကိုယ်က ကောင်းကင်ဧကရီဟာ

အတော်ကိုအန္တရာယ်များကြောင်း

ပြောနေလို့ပါ။

ယန်ယဲ့ သည် ခဏမျှ

တိတ်ဆိတ်သွားပြီးနောက် အနားကို

တိုးကပ်သွားလိုက်သည်။ ထို့နောက်

သူ့ညာလက်ကို ငွေယမ်းကာ

မူလစေတီထဲကို ပို့ပေးလိုက်၏။

မူလစေတီသည် မည်သူ့ကိုမျှ

အလိုလိုဆွဲယူမသွားတတ်ပေ။

ကောင်းကင်ဇေရီကို

အထဲပို့လိုက်နိုင်သည်မှာ

သူမကိုယ်တိုင်ကမငြင်းဆန်လို့ပါ။

ကျင့်ကြံနေသော်လည်း သူမက

အပြင်လောကရှိ ဖြစ်ပျက်နေသမျှကို

ကောင်းကောင်းသိနေပုံပါ။

ကောင်းကင်ကောရီ ကို မူလစေတီထဲ

ပို့လိုက်ပြီးသည်နှင့် ယန်ယဲ့ သည်

သွေးကောရီ နှင့်အခြားခန်းမသခင်များကို

ကြည့်ပြီး "သွားကြရအောင်"

လူတိုင်းခေါင်းညိတ်ကြသည်။

သို့သော် သူတို့အဖွဲ့၏ အမူအရာများ

ရုတ်တရက် ပြောင်းသွားသည်။

အုန်း....

ခဏအကြာတွင် ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး ခန်းမတစ်ခုလုံး ဖျက်ဆီးခံလိုက်ရသည်။

ထိုအချိန်တွင် အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်

"သွားကြတော့မလား။ မင်းတို့ ဘယ်မှ မသွားရင် အကောင်းဆုံးပဲ”

အသံ ထွက်လာသည်နှင့်

မရှေးမနှောင်းပင် အနက်ရောင်ဝတ်လူ ၅ ယောက် ပေါ်လာကြသည်။ ရှေ့ဆုံးက အနက်ရောင်ဝတ်စုံဝတ် သက်လတ်ပိုင်းအမျိုးသားတစ်ဦးရပ်နေခဲ့သည်။

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူတွေ ။

ယန်ယွဲ့ သည် မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ (၅) ယောက်ကို ငုံ့ကြည့်ပြီး ခေါင်းယမ်းလိုက်သည်။

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူများဟာ အပြင်လောကမှာပင် အလွန်ရှားပါး၏။ မျိုးနွယ်စုကြီး ၈ ခုသည်ပင် မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ အနည်းငယ်ပိုင်ဆိုင်ခဲ့သည်။ သို့သော် ကောင်းကင်တိုင်တောင်တန်း

မှာတော့ မရေမတွက်နိုင်အောင်ပင်။
ရိုက်သတ်ရင်တောင်ကုန်မှာမဟုတ်ပေ။

သို့သော် ၎င်းသည် ပုံမှန်အခြေအနေပါ။
အမှန်တော့ ကောင်းကင်တိုင်တောင်တန်း
သည် အလယ်စကြာဝဠာ၏
မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူများ
စုစည်းရာပင်မဟုတ်လား။

ဤအချိန်တွင် အဖွဲ့ကို ဦးဆောင်လာသည့် သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို ရုတ်တရက် စိုက်ကြည့်ကာ "မင်း ရီမိုကို သတ်လိုက်တာလား"

ရီမို...

ယန်ယဲ့ သည် သက်လတ်ပိုင်းအမျိုးသားကို တစ်ချက်ကြည့်လိုက်ပြီး ပြန်ပြောလိုက်သည် “ငါက

လူတော်တော်များများကို
သတ်ပစ်လိုက်တယ်။ မင်းပြောနေတာ
ဘယ်သူလဲ ငါမသိဘူး။ သူ့ရုပ်ရည်ကို
အသေးစိတ်ပြောပြနိုင်မလား”

ဤနေရာမှ လေထုသည် ချက်ချင်းပင်
အေးခဲသွားသည်။

သက်လတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို
အချိန်အတော်ကြာ စိုက်ကြည့်ကာ

"မင်းပြောစရာရှိတာပြော။
မင်းပြောချင်တာကို စဉ်းစားဖို့
နောက်ထပ် အခွင့်အရေးတစ်ခု
ပေးလိုက်မယ်"

ယန်ယဲ့က နတ်ဓားကို ရုတ်တရက်
ဖြည်းညှင်းစွာ မြှောက်လိုက်ပြီး
သက်လတ်ပိုင်းအမျိုးသားကို ထိုးချိန်ကာ
“တော်တော်များများက ငါ့ကို ဒီလိုပဲ
ပြောဖူးတယ်။ဒါပေမဲ့ အခုဆိုရင် သူတို့ရဲ့

သင်္ချိုင်းပေါ်က မြက်ပင်တွေ အနည်းဆုံး

၁၀ မီတာလောက် ရှည်နေလောက်ပြီ"

ထိုစကားကြားသောအခါ လူတိုင်း

ပါးစပ်ထဲမှ သွေးအန်ထွက်လုမတတ်ပင်။

May Be:

၂၁၆၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၂၁၆၈ - လာယူပါ

မောက်မာလိုက်တာ ။

ယန်ယဲ့ ပြောလိုက်သည့်စကား လုံးဝကို မောက်မာထောင်လွှားနေတာပါ။ သို့သော် လူအုပ်က ခေါင်းယမ်းကြသည်။

အကြောင်းကတော့ ယန်ယဲ့ရှေ့မှာ

ရပ်နေသူကို

ကောင်းကောင်းသိထားကြလို့ပါ။

အမှောင်ခန်းမ၏

လုပ်ကြံသတ်ဖြတ်သူများ ။

ငှင်းသည်

ကောင်းကင်တိုင်တောင်တန်း၏

လျှို့ဝှက်အဆန်းကြယ်ဆုံးအင်အားစုတစ်ဖြစ်လည်း ကြောက်စရာကောင်းသောလုပ်ကြံသတ်ဖြတ်သူ အဖွဲ့ကြီးပါ။

ကောင်းကင်တိုင်တောင်တန်းတစ်လျှောက်တွင် အင်အားစုအများအပြားရှိခဲ့သည်။

အမျှောင်ခန်းမ သည်

ကောင်းကင်တိုင်တောင်တန်းရှိ

အင်အားစုများအနက်မှ

ထိပ်ဆုံးအဆင့် ၅ တွင်ရပ်တည်ခဲ့သည်။

ထိပ်ဆုံးအဆင့် ၅

အင်အားစုသာဖြစ်သော်လည်း

ကျန်အင်အားစုကြီးများက အပြင်ကို

လွယ်လွယ်နှင့်ထွက်မလာတတ်ကြပေ။

ထို့ကြောင့် အမှောင်ခန်းမသည်

အဖွဲ့ဝင်များကို စုဆောင်းရင်း

အဆင့်မြင့်ကျင့်ကြံသူများ

တဖြည်းဖြည်းများပြားလာတော့သည်။

မှန်သည်၊ သာမန်ကျင့်ကြံသူများဟာ

အမှောင်ခန်းမ၏

အဖွဲ့ဝင်ဖြစ်ရန်မထိုက်တန်ပါ။

သို့သော် အမှောင်ခန်းမ၏

အဖွဲ့ဝင်တိုင်းဟာ

အလွန်သန်မာကြသည်။

သက်လတ်ပိုင်းအမျိုးသား က

ရုတ်တရက် ရယ်မောလိုက်သည်

"ကောင်းတယ်၊ သိပ်ကိုကောင်းတယ်။

မင်းဟာ ငါ့အမှောင်ခန်းမကို

ဒီလိုပြောရဲတဲ့ ပထမဆုံးလူပဲ။

မဟုတ်သေးဘူး၊ မင်းက နောက်ဆုံးလူပဲ
ဖြစ်လိမ့်မယ်"

ထိုစကားပြောပြီးသည်နှင့်
သူ၏လက်ဝါးကို လှန်လိုက်သည်။
ထိုခဏလေးမှာပဲ သူ့လက်ထဲတွင်
လှံတစ်ချောင်း ပေါ်လာသည်။ ထို့နောက်
ယန်ယွဲ့ရှေ့တွင် ပေါ်လာပြီး သူ့လက်ထဲက
လှံဖြင့် တိုက်ရိုက်ပင်ထိုးချလိုက်သည်။

လှုံထိုးချက်က ရိုးစင်းသော်လည်း
လျှပ်စီးလက်သလိုပင်။

ယန်ယဲ့ က တွန့်ဆုတ်မနေဘဲ နတ်ဓားကို
မြှောက်ပြီး အပေါ်ပင့်ခုတ်လိုက်၏။

ဖုန်း....

နားကွဲမတတ် ပေါက်ကွဲသံ
ထွက်ပေါ်လာကာ

သက်လတ်ပိုင်းအမျိုးသား က မီတာ ၃၀၀ ကျော်အကွာကို ဆုတ်သွားခဲ့သည်။ အလားတူပင်၊ ယန်ယွဲ့ သည်လည်း မီတာ ၃၀၀ လောက်အထိ ဆုတ်သွားရလေသည်။

ပထမဆုံးအကြိမ် တိုက်ခိုက်ရာတွင် နှစ်ယောက်စလုံး လက်ရည်တူနေခဲ့သည်။

သက်လတ်ပိုင်းအမျိုးသား က

ထိုကျင်နေသော သူ၏လက်မောင်းကို

တစ်ချက်ကြည့်လိုက်သည်။ ထို့နောက်

ယန်ယဲ့ ကို မော့ကြည့်လိုက်ပြီး "မင်းမှာ

ကျွမ်းကျင်မှုတစ်ခုရှိတာပဲ။

ဆက်ကြိုးစားရအောင်"

သူသည် ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်ပြီးနောက်

ယန်ယဲ့၏အထက်တွင်

ရုတ်ချည်းပေါ်လာသည်။ ထို့နောက် လုံကို လက်နှစ်ဖက်ဖြင့် ဖမ်းကိုင်ကာ ယန်ယွဲ့၏ ခေါင်းတည့်တည့် ထိုးချလိုက်လေသည်။

ယန်ယွဲ့ သည် ခေါင်းမော့မကြည့်ဘဲ ညာခြေကို တစ်ချက်ဆောင့်လိုက်သည်။

အုန်း....

သူ့အောက်ရှိ မြေပြင်က

ချက်ချင်းပြိုကျသွားသည်။ ယန်ယွဲ့သည်

ရွှေရောင်အလင်းတန်းအဖြစ်

ပြောင်းလဲကာ ကောင်းကင်ထက်သို့

ခုန်တက်သွားသည်။

သိပ်မကြာလိုက်ဘဲ ယန်ယွဲ့၏နတ်ဓားက

သူ့ခေါင်းထက် ရောက်လာသော လှံကို

ကန့်လန့်ဖြတ်ပိုင်းချလိုက်သည်။

ဘမ်း....

ကျယ်လောင်သော ပေါက်ကွဲသံကြီး

နှင့်အတူ အာကာသပြင်သည် ပြင်းထန်စွာ

တုန်ခါပြီး အက်ကွဲသွားသည်။

အမှန်တော့ ပြိုကျလာတာပါ။

နောက်ဆုံးတွင် သူတို့ခွန်အားက

အလယ်စကြာဝဠာ၏

ထိပ်ဆုံးဖြစ်နေလေရာ အာကာသပြင်က

တောင့်ခံမထားနိုင်သည်မှာ သဘာဝပင်။

သို့သော်လည်း အာကာသပြင်

ပွင့်ထွက်လာသည်နှင့် တပြိုင်နက်

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းများ ထွက်လာကာ

ချက်ချင်း ပြုပြင်သွားခဲ့သည်။

တစ်ချိန်တည်းတွင် နှစ်ယောက်စလုံး

အသီးသီးနောက်ပြန်လွင့်ထွက်လာခဲ့သ

ည်။

သက်လတ်ပိုင်းအမျိုးသား က

ရပ်လိုက်သည့်ခဏမှာပဲ

ဖျတ်ခနဲပျောက်သွားခဲ့သည်။

ခဏအကြာတွင် ယန်ယဲ့ရှေ့မှာ

ပေါ်လာသည်။ ထို့နောက် သူ၏လှံရှည်ကို

ယန်ယဲ့ဆီသို့

အလျားလိုက်ထိုးသွင်းခဲ့သည်။

လှံရှည်က ရှေ့တောက်လျှောက်

ကြားကွက်လပ်အလွှာများကို ထိုးခွဲလျက်

ကျယ်လောင်သောပေါက်ကွဲသံများပင်မြ
ည်ဟီးလာသည်။

ယန်ယဲ့၏ ပါးစပ်ထောင့်မှ အေးစက်သော
အပြုံးတစ်ခု ပေါ်လာခဲ့သည်။ အကြွင်းမဲ့
ခွန်အားရှေ့တွင် အရှိန်က
အသုံးမဝင်သောကြောင့် ထွက်ပြေးရန်
သို့မဟုတ် မည်သည့်နည်းစနစ်ကိုမျှ
အသုံးပြုလို့မရတော့ပေ။
သက်လတ်ပိုင်းအမျိုးသား၏ အရှိန်နှင့်

ခွန်အားက

လုံးဝပင်ကြောက်စရာကောင်းလှသည်။

မည်သို့ပင်ဖြစ်စေ သူသည်

ထိပ်တိုက်ရင်ဆိုင်ဖို့သာ ရွေးချယ်နိုင်၏။

ယန်ယွဲ့ သည် နတ်ဓားကို

တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်ပြီး

အလားတူပင် အလျားလိုက်

ခုတ်ပိုင်းလိုက်သည်။

ဓားကိုပိုင်းချလိုက်သည့်အခါ

ရှေ့တောက်လျှောက် အာကာသပြင်သည်

ချက်ချင်း ပွင့်ထွက်သွားသည် ။

ဘမ်း....

တိုက်ခိုက်မှုနှစ်ခု ထိတွေ့လိုက်သည်နှင့်

တပြိုင်နက် နှစ်ယောက်စလုံး ပြင်းထန်စွာ

တုန်ခါသွားကာ

နောက်ပြန်လွင့်ထွက်လာခဲ့သည်။

သို့သော်လည်း နှစ်ယောက်စလုံးက

ချက်ချင်းဆိုသလိုပင်

ရှေ့သို့ပြေးတက်လာကြသည်။

ဘုန်း....

ကျယ်လောင်သော ပေါက်ကွဲသံများ

နှင့်အတူ

ပြင်းထန်သောတိုက်ပွဲတစ်ခုဖြစ်ပေါ်လာခဲ့

သည်။

ထိုအချိန်တွင် အမှောင်ကေရီ က ရုတ်တရက် မေးလိုက်သည် "ငါတို့ ကူညီရမှာလား"

သွေးကေရီ က ယန်ယဲ့ကို ငုံ့ကြည့်လိုက်ပြီးနောက် ခေါင်းခါပြသည် "ဒီကလေးက သူ့ခွန်အားကို အပြည့်အဝ အသုံးမချသေးပါဘူး။ သူ့ရဲ့ ကန့်သတ်ချက်တွေက

ဘယ်အထိရောက်နေလဲဆိုတာ
စောင့်ကြည့်ကြရအောင်”

အမှောင်ဧကရီ က
ခေါင်းညိတ်လိုက်သည် "ကောင်းပြီ"

ယန်လျန်ရှမ်း ကတော့ ပတ်ဝန်းကျင်ကို
စိုက်ကြည့်ကာ
မျက်မှောင်ကြုတ်သွားသည်
"အခြေအနေက တော်တော်ဆိုးတယ်"

အန်နန်ကျင်း က သူမကို တစ်ချက်ကြည့်လိုက်ပြီး "ဘာလို့လဲ" ဟု မေးသည်။

ယန်လျန်ရှမ်း က ခေါင်းကိုခါယမ်းလိုက်ပြီး "ဒီနေ့ ဒီနေရာကနေ ထွက်သွားဖို့ ခက်လိမ့်မယ်"ဟုသာ ပြန်ပြောခဲ့သည်။

အန်နန်ကျင်း က ပတ်ဝန်းကျင်ကို
ကြည့်လိုက်ပြီးနောက် တစ်စုံတစ်ခုကို
သတိပြုမိသွားပုံရ၏။ ချက်ချင်း
မျက်မှောင်ကြုတ်သွားခဲ့သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ နှင့်
သက်လတ်ပိုင်းအမျိုးသား ကြားက
တိုက်ပွဲဟာ အတော်ကိုပြင်းထန်နေပါပြီ။

သို့သော် အချိန်ကြာလာသည်နှင့်အမျှ

တိုက်ခိုက်လေလေ ယန်ယွဲ့၏ခွန်အားက

သန်မာလာပုံရလေသည်။

သက်လတ်ပိုင်းအမျိုးသား ကတော့

အားကုန်လာသည့်အရိပ်အယောင်များ

ပေါ်လာပါသည်။

သူ၏ တိုက်ခိုက်မှုပင်ဖြစ်စေ

အကာအကွယ်စွမ်းရည်ဖြစ်စေ

ယခင်ထက် များစွာအားနည်းနေခဲ့သည်။

သွေးကေရီ က ရုတ်တရက် ပြောလိုက်သည် "ဒီကလေးရဲ့ အနီးကပ်တိုက်ခိုက်ရေးစွမ်းအားက ထူးထူးခြားခြားပဲ"

အမှောင်ကေရီ က အနည်းငယ် ခေါင်းညိတ်ပြပြီး “သူ့မှာ အကြောက်ဆုံးအပိုင်းက သူ့ရဲ့ ပြန်လည်ကုသခြင်းစွမ်းရည်ပါ။ ဒါက အရမ်းကြောက်စရာကောင်းလွန်းတယ်။

ဒါကြောင့် သူ့အနေနဲ့

အနီးကပ်တိုက်ခိုက်တဲ့အခါ

ပြိုင်ဖက်ရဲ့တိုက်ခိုက်မှုတွေကို

တော်ရုံတန်ရုံမှုစရာမလိုဘူး။

ကွာတားတိုက်ပွဲမှာ ပြိုင်ဘက်တွေနဲ့

ဒဏ်ရာတွေကို လဲလှယ်ဖို့

ရွေးချယ်ခဲ့ပါတယ်။ တကယ်လို့

ဒီအတိုင်းသာ ဆက်ဖြစ်နေရင်

အဲဒီလုပ်ကြံသတ်ဖြတ်သူက

ခဏကြာရင်ရှုံးလိမ့်မယ်”

သွေးကေရီ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး “သူ

ဆက်ပြီး တိုက်ခိုက်မှာ မဟုတ်ဘူး။

တိုက်ပွဲဝင်ဖို့ အသင့်ပြင်ထားပါ”

အမှောင်ကေရီ က

ခေါင်းညိတ်ပြပြီးနောက်

သူမ၏ဆံန်းကြယ်ချီစွမ်းအင်များကို

အသင့်ထုတ်ဖော်ထားလိုက်သည်။

ဘမ်း....

ဤအခိုက်အတန့်တွင် ကျယ်လောင်သော

ပေါက်ကွဲသံ ရုတ်တရက်

ထွက်ပေါ်လာသည်။ ထို့နောက်တွင်

လူတိုင်း လှမ်းကြည့်လိုက်ရာ

သက်လတ်ပိုင်းအမျိုးသားက မီတာ ၃၀၀

ကျော်အကွာသို့ လွင့်ထွက်သွားကြောင်း

မြင်တွေ့လိုက်ကြသည်။ ယန်ယွဲ့ သည်

မရပ်တန့်ဘဲ

သက်လတ်ပိုင်းအမျိုးသားထံ

ခုန်ဝင်လိုက်သည်။

ဤအချိန်မှာ သူသည်

အရူးတစ်ယောက်လို တိုက်ခိုက်နေခဲ့၏။

သူကိုယ်တိုင်က မရပ်နားဘဲ ပြိုင်ဖက်ကို အားကုန်သည်အထိ တိုက်ခိုက်နေတာပါ။

သို့သော်လည်း

သက်လတ်ပိုင်းအမျိုးသားက

ရှောင်ထွက်လိုက်ရင်း

အနက်ရောင်ဝတ်လူများကို

လက်ယမ်းပြကာ

"အတူတူတိုက်ခိုက်ကြ။

ရှေးဟောင်းစပါးအုံးဝိညာဉ်ကို

မရရအောင်ပြန်ယူပါ"

အမိန့်ပေးလိုက်သည်နှင့်

တစ်ချိန်တည်းတွင်

အနက်ရောင်ဝတ်လူများအားလုံး

ဖျတ်ခနဲပျောက်သွားကြသည်။

ဤအချိန်တွင် သွေးကေရီ က
အေးစက်စက်အော်လိုက်သည်
"တိုက်ခိုက်ကြ...."

ထို့နောက်တွင်တော့ အားလုံး နေရာမှာပင်
ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ သည် တိုက်ပွဲတွင် မပါဝင်ခဲ့ပေ။
နေရာမှာပင် ရပ်လိုက်ပြီး

စွမ်းအင်ပုလဲအနည်းငယ်ကို ထုတ်ကာ မျိုချလိုက်သည်။

ဤအခိုက်အတန့်တွင် သူသည် ဆန်းကြယ်ချီစွမ်းအင် နှင့် ခွန်အားကို ပုံမှန်အခြေအနေမှာသာ ထိန်းထားရပေမည်။ မဟုတ်လျှင် လက်ရှိလူအုပ်အပြင် အမှောင်ရိပ်ထဲမှ ကျင့်ကြံသူများပါ ထွက်လာပါက ငရဲသွားရဖို့သေချာပါသည်။

သွေးကောရီ နှင့် အခြားခန်းမသခင်များ

တိုက်ခိုက်နေကြောင်း မြင်သောအခါ

သက်လတ်ပိုင်းအမျိုးသား၏

ပါးစပ်ထောင့်က လှောင်ပြောင်ရိပ်များ

ပေါ်လာခဲ့သည်။

သူ့အမြင်အရတော့

မူလနတ်ဘုရားအဆင့် ၁ ကျင့်ကြံသူ

ပုရွက်ဆိတ်များသာဖြစ်ရာ ခဏလေးဖြင့်

သတ်ပစ်နိုင်ပါသည်။ သို့သော်လည်း

တိုက်ပွဲစလိုက်သည်နှင့်

သက်လတ်ပိုင်းအမျိုးသား အပါအဝင် လူ

တိုင်း၏ အမူအရာများသည်

သိသိသာသာ ပြောင်းလဲသွားသည်။

အထူးသဖြင့် သက်လတ်ပိုင်းအမျိုးသား

ပင်။ အကြောင်းမှာ

သူ့ကိုတိုက်ခိုက်နေသူက သွေးကောရီ နှင့်

အမှောင်ကောရီ ဖြစ်နေလို့ပါ။ ထို့အပြင်

နှစ်ယောက်နှင့်တစ်ယောက်

ထိပ်တိုက်တွေ့သည်နှင့်.....

အုန်း...

ပေါက်ကွဲသံ နှင့်အတူ

သက်လတ်ပိုင်းအမျိုးသားဟာ မီတာ

၃၀၀ အကွာထိ လွင့်ထွက်သွားခဲ့သည်။

အခြား မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူ ၅ ယောက် ကိုတော့

ယန်လျန်ရှမ်း၊ ငရဲကောရီ နှင့်

အခြားခန်းမသခင်များ

ပေါင်းတိုက်နေကြသည်။

တစ်ချိန်တည်းတွင်

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ

(၅)ယောက်ဟာ အကြိမ်ကြိမ်

နောက်ပြန်ဆုတ်နေရသည်။ ထို့အပြင်

လုံးလုံးလျားလျား ဖိနှိပ်ခံနေရ၏။

အသက်ရှူချိန် ၁ ရှိုက်စာမပြည့်ခင်မှာပဲ

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ

(၂)ယောက် အသတ်ခံလိုက်ရသည်။

ဤမြင်ကွင်းကို မြင်သောအခါ

သက်လတ်ပိုင်းအမျိုးသား၏

မျက်လုံးများက

အနည်းငယ်ကျဉ်းမြောင်းလာသည်။

ဤအခိုက်အတန့်တွင်

သူ၏ပြိုင်ဖက်များကို

လျှော့တွက်မိကြောင်း

သဘောပေါက်လိုက်သည်။

ဤအချိန်တွင် သွေးကေရီ နှင့်

အမှောင်ကေရီ က နောက်တစ်ကြိမ်

ထပ်ပြီးတိုက်ခိုက်လိုက်ကြသည်။

သို့သော် သက်လတ်ပိုင်းအမျိုးသားက နောက်သို့ခုန်ဆုတ်သွားရင်း အဆောင်စာလိပ်တစ်ခုကို ထုတ်ယူကာ ချေမွလိုက်သည်။

ဘုန်း...

ကောင်းကင်ယံအထက်

အာကာသပြင်သည်

ပြင်းထန်စွာတုန်ခါသွားပြီးနောက်တွင်

ရောမပေါ်တယ်ကြီးတစ်ခုပေါ်လာသည်။

အချိန်သိပ်မကြာလိုက်ဘဲ

ပေါ်တယ်ကြီးက တဖြည်းဖြည်း

တုန်လှုပ်လာသည်။

ခဏအကြာတွင်တော့ ပေါ်တယ်ထဲမှ

အနက်ရောင်ဝတ်လူအများအပြား

ထွက်ပေါ်လာသည်။ အားလုံးပေါင်း ၁၀

ယောက်ပါ။ ထို့အပြင်

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ

(၅)ယောက် နှင့် မူလနတ်ဘုရားအဆင့် ၅

ကျင့်ကြံသူ (၅) ယောက်ပါသည်။

အနက်ရောင် ဝတ်စုံ ဆယ်ယောက်

ပေါ်လာသည် ။

သို့သော် မူလနတ်ဘုရားအဆင့် ၅

ကျင့်ကြံသူ (၅) ယောက်ထံမှ

ထုတ်လွှတ်သော အော်ရာ က

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများထက် မနိမ့်ကျပါ။

ထိုလူအုပ်စုကို မြင်လိုက်သောအခါ

သွေးကေရီ နှင့် အမှောင်ကေရီ

သည်လည်း မျက်နှာပျက်သွားခဲ့သည်။

မမျှော်လင့်ဘဲ ထိုမျှလောက်

အစွမ်းထက်ကျင့်ကြံသူများ ရောက်လာဖို့

မထင်ထားခဲ့ကြပေ။

"ငါတို့က တော်တော်ကြီးမားတဲ့

အဖွဲ့အစည်းကို

စော်ကားမိလိုက်တာထင်တယ်"

အမှောင်ဧကရီ က

ရုတ်တရက်ပြောလိုက်သည်။

သွေးဧကရီ က အနည်းငယ်

ခေါင်းညိတ်လိုက်သည် "ဒီတစ်ခါတော့

ပြဿနာက

နည်းနည်းကြီးမယ်ထင်တယ်"

ထိုအချိန်တွင် အနက်ဝတ်လူ ၁၀

ယောက်ထဲမှ

အနက်ရောင်တုတ်ကောက်ကိုင်ထားသော

အဘိုးအိုတစ်ယောက်

ရှေ့ထွက်လာသည်။ အဘိုးအိုက

သွေးဧကရီ နှင့် အခြားလူများကို

ဝေ့ဝဲကြည့်ရင်း

သေခါနီးသက်လတ်ပိုင်းအမျိုးသားကို ကြည့်ပြီး ပြောလိုက်သည် "ယွဲ့မင်၊ မင်းဟာ အထူးအချက်ပြအဆောင် ထုတ်သုံးရတယ်ဆိုတော့ အကြောင်းရင်းတစ်ခု ရှိမယ်ဆိုတာ သေချာပါတယ်။ ဒါဆို မင်းက သေချာလေးရှင်းပြ"

သက်လတ်ပိုင်းအမျိုးသား က အနက်ရောင်တုတ်ကောက်ကိုင်အဘိုးအို

ကို လက်သီးဆုပ်ပြီး "အကြီးအကဲယွဲ့ကူး၊

ငါ့မှာ အကြောင်းပြချက် နှစ်ခုရှိတယ်။

ပထမတစ်ခုက တစ်စုံတစ်ယောက်ဟာ

ငါတို့အဖွဲ့အစည်းကို စိန်ခေါ်တဲ့အနေနဲ့

အဖွဲ့ဝင်သုံးယောက်ကို

သတ်ပစ်လိုက်တယ်။ ဒါ့အပြင် ရှီမိုရဲ့

ရှေးဟောင်းစပါးအုံးဝိညာဉ်ကိုပါ

လုယူသွားတယ်"

အကြီးအကဲယွဲ့ကူး ဟုခေါ်သော

အနက်ရောင်တုတ်ကောက်ကိုင်အဘိုးအို

က

“နောက်ထပ် ဘာအကြောင်းလဲ” ဟု

မေးသည်။

ယွဲ့မင် က ယန်ယွဲ့ကို လှည့်ကြည့်လိုက်ပြီး

လက်ညှိုးထိုးပြသည် "သူက

တခြားအကြောင်းပြချက်ပဲ"

ယဲ့ကူး က ယန်ယဲ့ကို စိုက်ကြည့်ကာ "မင်း ဘာကိုဆိုလိုတာလဲ"

ယဲ့မင် က “အကြီးအကဲယဲ့ကူး၊ သူက ယန်ယဲ့ ပဲ။ သူ့မှာ ချိတ်ပိတ်စည်းကို ချိုးဖျက်နိုင်တဲ့ သစ်သားဓား ရှိတယ်”

အကြီးအကဲယဲ့ကူး၏ မျက်လုံးများက ချက်ချင်းပင် ကျဉ်းမြောင်းသွားသည်။

သစ်သားဓား လား ။

ကောင်းကင်တိုင်တောင်တန်းတစ်ခုလုံး

သစ်သားဓား ကို မသိသူဟူ၍ မရှိကြပေ။

အကြောင်းကတော့ လောကသုံးပါး ကနေ

ပြုတ်ကျလာစဉ်က

ကောင်းကင်တိုင်တောင်တန်းတစ်ခုလုံးပ

င် ကြောက်ရွံ့ထိတ်လန့်သွားကြလို့ပါ။

ကံမကောင်းစွာပဲ

မြေပေါ်ကျလာပြီးနောက် သစ်သားစား
က သဲလွန်စမရှိဘဲ
ပျောက်ကွယ်သွားခဲ့သည်။
မရေမတွက်နိုင်သော ကျင့်ကြံသူများဟာ
ကောင်းကင်တိုင်တောင်တန်း အနှံ့
ရှာဖွေခဲ့ကြသော်လည်း ရှာမတွေ့ကြပေ။
အဆုံးတွင် စွန့်လွှတ်လိုက်ကြသည်။

သို့သော်လည်း သိပ်မကြာခင်ကတော့ ယန်ယဲ့၏လက်ထဲမှာ ရှိနေသည်ဟု သတင်းများ ပြန့်လာခဲ့သည်။

အကြီးအကဲယဲ့ကူး က ယန်ယဲ့ကို စိုက်ကြည့်ကာ လက်သီးကို ဖြည်းညှင်းစွာ ဆုပ်ထားလိုက်သည်။

ထိုအတောအတွင်း ယဲ့မင် က ရုတ်တရက် ပြောခဲ့သည် "အကြီးအကဲယဲ့ကူး၊

ငါတို့ခေါင်းဆောင်က အဲဒါကို

သဘောကျမယ်လို့ ထင်ပါတယ်။ ဓားကို

ယူလာပြီးတော့ ငါတို့ခေါင်းဆောင်ကို

လက်ဆောင်ပေးချင်တာပါ။ ဒါပေမဲ့

သူတို့က ဒီလောက်သန်မာမယ်လို့

ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။

ငါ့အားနည်းချက်အတွက်

တောင်းပန်ပါတယ်"

အကြီးအကဲယွဲ့ကူး က ယွဲ့မင် ကို
တစ်ချက်ကြည့်လိုက်ပြီး "ဒါ
မင်းအပြစ်မဟုတ်ဘူး"
ဟုပြောလိုက်သည်။ ထို့နောက် သူက
ယန်ယွဲ့ ကို စိုက်ကြည့်ကာ
“မင်းကိုလွှဲပြောင်းပေးဖို့ တောင်းဆိုတာ
အဆင်မပြေဘူးထင်တယ်..
ဟုတ်ရဲ့လား”

ယန်ယဲ့ သည် ခဏမျှ
တိတ်ဆိတ်သွားသည်။ ထို့နောက်
သူ၏ညာဖက်လက်ကို ရုတ်တရက်
ဆွဲယမ်းလိုက်သည်။ ထိုအခါ
သစ်သားဓား က သူ့လက်ထဲတွင်
ပေါ်လာသည်။

သစ်သားဓားကို တွေ့လိုက်သောအခါ
ဤနေရာရှိ
လူတိုင်း၏အမူအရာများသည်

လိုချင်တပ်မက်မှုအပြည့်
ဖြစ်လာကြတော့သည်။

ယန်ယဲ့ က သစ်သားဓားကို မြှောက်ပြပြီး
“ဒီမှာပါ”

အကြီးအကဲယဲ့ကူး က ယန်ယဲ့ကို
အချိန်အနည်းငယ်ကြာ
စိုက်ကြည့်ပြီးနောက် ညာလက်ကို
ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ

သူ့ဘေးနားရှိ

အနက်ရောင်ဝတ်လူတစ်ဦးက

ယန်ယွဲ့ဆီကို ခုန်ဝင်လာသည်။

ဓားအူသံသဲ့သဲ့ ရုတ်တရက်မြည်

လာသည်။

ထို့နောက်တွင် ဓားအူသံ နှင့်အတူ

ထူးဆန်းသော မြင်ကွင်းတစ်ခု

ပေါ်လာ၏။

ယန်ယွဲ့ အား တိုက်ခိုက်နေသော

အနက်ရောင်ဝတ်လူ၏ ခေါင်းက

ရုတ်တရက် ပြုတ်ကျသွားသည်။

သို့သော်လည်း ၎င်း၏ခန္ဓာကိုယ်ကတော့

ယန်ယွဲ့ဆီသို့ပြေးဝင်လာနေတုန်းပါ။

အချိန်တော်ကြာပြီးမှ ယန်ယွဲ့ နှင့် ၃

မီတာအကွာရောက်မှသာ

ရပ်တန့်သွားခဲ့သည်။

သွေးများ မြေပြင်တစ်ခုလုံး ဖျန်းခန်

ပန်းထွက်လာခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့ ကို

သစ်သားဓားကိုဆုပ်ကိုင်ထားလျက်

ခေါင်းမော့ကာ

လူအုပ်ကိုကြည့်လိုက်သည်

"လာယူလှည့်ကြ..."

May Be:

၂၁၆၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၆၉ - ပြန်ပြီးပေးဆပ်ခိုင်းမယ်

လာယူပါ။

ယန်ယဲ့ ပြောလိုက်သည်နှင့်

ပတ်ဝန်းကျင်တစ်ခုလုံး

တိတ်ဆိတ်သွား၏။ လေတိုက်သံကိုသာ ကြားရသည်။

ခဏလေးနဲ့လား ။

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူက မျက်တောင်တစ်ခတ်စာအတွင်း အသတ်ခံရသည်။

အားလုံးက ယန်ယဲ့ကို
စိုက်ကြည့်နေကြသည်။
သူတို့အကြည့်များက
ကြောက်ရွံ့မှုအပြည့်ပါ။

ပါရမီရှင်အများအပြားက
မူလနတ်ဘုရားအဆင့် ၆
ကျင့်ကြံသူများအား အနိုင်ယူနိုင်သလို
သတ်ပစ်နိုင်ပါသည်။ သို့သော်လည်း
မူလနတ်ဘုရားအဆင့် ၂ ကျင့်ကြံသူဟာ

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူအား

တစ်ချက်တည်း

သတ်ပစ်လိုက်တာမျိုးတော့

ရှားလေသည်။

ထို့အပြင်

ခဏလေးနဲ့သတ်ပစ်လိုက်တာပါ။

ထိုအခြေအနေက ဘာကိုဆိုလိုသနည်း။

ယန်ယဲ့၏ ခွန်အားက သာမန်

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူထက်ပင် အဆပေါင်းများစွာ

ကျော်လွန်နေသည်မဟုတ်ပါလား။

ကြီးကျယ်ခမ်းနားလှသော

ပါရမီရှင်တစ်ဦး။

ဒဏ္ဍာရီလာ ပါရမီရှင် ဟုပင်ဆိုရပါမည်။

အကြီးအကဲယွဲ့ကူး၏

မျက်လုံးများသည်လည်း လေးနက်သော

အရိပ်အယောင်များ ရှိနေသည်။

အကြောင်းမှာ သူကိုယ်တိုင်ပင်

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူအား

တစ်ချက်တည်းဖြင့်မသတ်နိုင်ပေ။

သို့ရာတွင် ယန်ယွဲ့ သည်

သူ့မျက်စိရှေ့မှာပဲ မူလနတ်ဘုရားအဆင့်

၆ ကျင့်ကြံသူကို သတ်ပစ်ခဲ့သည်။

ဤအခိုက်အတန့်တွင် အမှောင်ခန်းမ
သည် ယန်ယွဲ့အား
အတော်ကိုလျှော့တွက်ထားမိကြောင်း
သဘောပေါက်လိုက်သည်။

သို့သော်လည်း ဤအခြေအနေထိ
ရောက်လာမှတော့ အမှောင်ခန်းမ
အနေဖြင့် လက်လျှော့ဖို့မဖြစ်နိုင်တော့ပါ။
အမှောင်ခန်းမ ကို အသာထား၊
သူတို့ပတ်ဝန်းကျင်မှ လူအုပ်ပင်

လွယ်လွယ်နဲ့

အရှုံးမပေးမှန်းသိသာပါသည်။

ဤနေရာရှိ လူတိုင်းဟာ

ဘဝနှင့်သေဆုံးခြင်းအခိုက်အတန့်များကို

တွေ့ကြုံခံစားဖူးကြသည်သာ။

ထိုသို့ဖြစ်ရာ ယန်ယွဲ့၏ခွန်အားက

သူတို့ကိုကြောက်လန့်ရန်မလုံလောက်ပေ

။

ရှေးဟောင်းကျင့်ကြံသူ တစ်ယောက်

မဟုတ်သရွေ့တော့ မည်သူမျှ

ဂရုစိုက်နေမည်မဟုတ်ပါ။

ခဏမျှတိတ်ဆိတ်နေပြီးနောက်

အကြီးအကဲယွဲ့ကူး က ရုတ်တရက်

ပြောလိုက်သည် "ငါ မင်းကို

လျှော့တွက်ခဲ့မိတာဝန်ခံပါတယ်။ ဒါပေမဲ့

မင်းဟာ ငါ့အမျှော်ခန်းမကို

ဒီလူအင်အားလောက်နဲ့ပဲ

တိုက်ခိုက်နိုင်မယ်လို့ မင်းထင်လား။

ဒါဆိုရင်တော့ မင်းအမြင်မှားနေတာလို့ပဲ

ငါပြောနိုင်တယ်"

"တစ်ယောက်ချင်းတိုက်ခိုက်မလား"

ထိုအချိန်တွင် ယန်ယွဲ့က သစ်သားဓား ကို

ရုတ်တရက်မြှောက်ကာ ယွဲ့ကူးကို

ထိုးချိန်ရင်း "အမှောင်ခန်းမရဲ့

လုပ်ကြံသတ်ဖြတ်သူတွေက

ဘာလဲဆိုတာ ငါမသိဘူး၊ သိလည်း

မသိချင်ဘူး။ ငါမင်းကို
တစ်ယောက်ချင်းတိုက်ခိုက်ဖို့စိန်ခေါ်တ
ယ်”

ယွဲ့ကူး က မျက်နှာပျက်သွားသည်
"မင်းကြည့်ရတာ အရမ်းယုံနေပုံပဲ။
လူငယ်၊ မင်း....”

ယန်ယွဲ့က စကားဖြတ်ပြောလိုက်သည်

"ကျေးဇူးပြုလို့

မင်းရဲ့အမိုက်စကားတွေကိုရပ်လို့ရမလား

။ မင်းငါ့ကို တစ်ယောက်ချင်း

တိုက်ခိုက်မှာလား ဒါမှမဟုတ်

အုပ်စုလိုက်တိုက်ခိုက်မှာလား။

တစ်ယောက်ချင်း တိုက်ခိုက်မယ်ဆိုရင်

လာခဲ့။ တကယ်လို့

အုပ်စုဖွဲ့တိုက်ခိုက်ချင်တယ်ဆိုရင်လည်း

စလိုက်ကြရအောင်”

ယန်ယဲ့ ဆက်ပြောလိုက်သည့် စကားကို

ကြားသောအခါ ယဲ့ကူး ၏မျက်နှာက

အတော်ဆိုးရွားသွားခဲ့သည်။

သို့သော်လည်း အနက်ရောင်ဝတ်ရုံကို

ဝတ်ဆင်ထားသောကြောင့်

သူ၏အမူအရာအား မည်သူမျှ

မမြင်နိုင်ပေ။ သို့သော် သူ့ဆီမှ

ထွက်လာသော အငွေ့အသက်ကြောင့်

ဒေါသထွက်နေမှန်း သိသာပါသည်။

တစ်ယောက်ချင်း လား ဒါမှမဟုတ်

အုပ်စုဖွဲ့တိုက်ခိုက်မလား ။

အမှန်တိုင်းဆိုရလျှင် သူသည် ယန်ယဲ့ နှင့်

တစ်ယောက်ချင်း

တိုက်ခိုက်ချင်နေတာပါ။

သူသည်

အဆင့်မြင့်မှုလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူမဟုတ်ပါလား။

တစ်ဖက်ရှိယန်ယွဲ့ကတော့

မူလနတ်ဘုရားအဆင့် ၂

သာရှိနေသေး၏။ အကယ်၍ စိန်ခေါ်မှုကို

လက်မခံပါက သူ့အတွက် သေချာပေါက်

အရှက်ကွဲပေမည်။ သို့သော်လည်း

ယန်ယွဲ့၏လက်ချက်ဖြင့်

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ

အသတ်ခံရသောမြင်ကွင်းအား သူ့စိတ်ထဲ
မြင်နေတုန်းပါ။

ယဲ့ကူး က
ခဏမျှတိတ်ဆိတ်နေပြီးနောက်
ရုတ်တရက် ပြန်ပြောခဲ့သည် "ငါက
မင်းအတွက် ပြိုင်ဖက်မဟုတ်ဘူး"

ယှဲ့ကူး၏ဝန်ခံစကားကြောင့်

ဤနေရာရှိလူတိုင်း အံ့ဩသွားကြသည်။

ယန်ယှဲ့ ပင် အံ့အားသင့်သွားသည်။

ဒီလူက လှည့်စားဖို့ ကြိုးစားနေတာလား။

ဒါမှမဟုတ် သူတကယ်ရှုံးနိမ့်တာကို

ဝန်ခံနေတာလား။

ထိုအချိန်တွင် ယန်လျန်ရှမ်း က ရုတ်တရက် ပြောခဲ့သည် "ဘယ်လောက် ညက်ကောင်းလိုက်သလဲ"

ငရဲကေရီ နှင့်အခြားသူများလည်း ယန်လျန်ရှမ်း ကို စိုက်ကြည့်နေကြသည်။

ယန်လျန်ရှမ်း က ပြုံးပြီး “ဒါက ယန်ယဲ့ကို တိုက်ခိုက်ဖို့ မလိုဘူးဆိုတာကို ကိုယ်စားပြုတယ်။

ဘာကြောင့်လဲဆိုတော့ သူက

ရှုံးနိမ့်တာကို ဝန်ခံတယ်။

သူဘာလို့ဒီလိုလုပ်တာလဲ အားလုံး

အံ့သြနေကြတယ်ဆိုတာ ငါသိပါတယ်။

သူ့စိတ်အခြေအနေကြောင့်ပဲ။

သူ့နှလုံးသားထဲမှာ

အတွင်းစိတ်နတ်ဆိုးတွေ

မဖွံ့စည်းနိုင်အောင်ပါ”

သူမ စကားကိုခဏရပ်လိုက်ပြီး

ဆက်ပြောသည် “အခုလောလောဆယ်

သူ့အခြေအနေက

လွတ်လမ်းမရှိတော့ဘူး။ တိုက်ပွဲဖြစ်ရင်

သေရမယ်ဆိုတာ

ကောင်းကောင်းသိနေတယ်။

တိုက်ခိုက်ဖို့ငြင်းပယ်ရင်တော့

အသက်ရှင်နိုင်မယ့်အခွင့်အရေးရှိတယ်။

ဒါပေမယ်လို့ သူက တိုက်ခိုက်ဖို့

ငြင်းပယ်လိုက်တာနဲ့
အတွင်းစိတ်နတ်ဆိုးတွေ
ခံစားရလိမ့်မယ်။ သူ့ကိုယ်သူ

အကြောင်းပြချက်တွေ
ဖန်တီးထားရင်တောင်
အတွင်းစိတ်နတ်ဆိုးတွေ
ဖြစ်ပေါ်လာမှာပဲ။ ကိုယ့်ကိုယ်ကို
လှည့်စားတာဟာ

ကျင့်ကြံသူတွေအတွက်တော့

သေမင်းတားမြစ်ချက်လိုပဲ”

အန်နန်ကျင်း က "ဒါဆို သူ့ရှုံးတာကို

ဝန်ခံဖို့ပဲ ရွေးချယ်ခဲ့တာလား"

ယန်လျန်ရှမ်း က ဆက်ပြောပါသည်

"အရှုံးကို လက်သင့်ခံတယ်၊ ယန်ယွဲ့နဲ့

မယှဉ်နိုင်ဘူးလို့ ဝန်ခံလိုက်တော့

တစ်ယောက်ချင်းတိုက်ခိုက်ဖို့မလိုတော့

ဘူး။ ဒါ့အပြင်

သူ့ရဲ့အတွင်းစိတ်နတ်ဆိုးတွေကို

စွန့်စားဖို့လည်း မလိုတော့ဘူးလေ။

ဘာလို့လဲဆိုတော့ သူ့ကိုယ်သူ မလိမ်ဘူး။

သူက ယန်ယဲ့ကို

ဘယ်လိုမှကိုမယှဉ်နိုင်တာ။ ဒါဟာ

အကြောင်းပြချက်တစ်ခုမဟုတ်ပေမယ့်

သူ့အားနည်းချက်ကို ဝန်ခံလိုက်တာပါ။

ဒီအခြေအနေမှာ သူက
အတွင်းစိတ်နတ်ဆိုးတွေ
ပေါ်မလာအောင် ရှောင်နိုင်တဲ့အပြင်
သူ့ကိုယ်သူပါ
ကြို့ပြီးကာကွယ်ရာကျတယ်”

ငရဲကေရီ နှင့် အခြားလူများလည်း
ယွဲ့ကူး၏ ညာဏ်ပြေးမှုကို
နားလည်လိုက်သဖြင့်
ခေါင်းညိတ်ကြသည်။

ယန်လျန်ရှမ်း ပြောသည့်စကားများက အမှန်ပင်အဓိပ္ပါယ်ရှိပါသည်။ အကယ်၍ ယွဲ့ကူး သာ ယန်ယွဲ့အား တိုက်ခိုက်ဖို့ဆုံးဖြတ်ခဲ့လျှင် ချက်ချင်းအသတ်ခံရပေမည်။ တိုက်ခိုက်ရန် ငြင်းပယ်လိုက်ရင်လည်း ဆင်ခြေပေးသလိုသာ။ နောက်ဆုံးတွင် သူ့အကြောင်းပြချက်နဲ့သူ အရှက်ကွဲခံပြီး လွှတ်လမ်းရှာလိုက်သည်။

မည်သို့ပင်ဖြစ်စေ

အရှက်ကွဲရှုံလောက်သော။ သူ့ကိုယ်သူ

လိမ်ညာနေခြင်းမဟုတ်သဖြင့်

အတွင်းစိတ်နတ်ဆိုးများ

ဖြစ်ပေါ်လာတော့မည်မဟုတ်ပေ။

ပြောစရာမလိုအောင်ပါ၊

အတော်ညာဏ်ကောင်းလွန်းသော

ရွေးချယ်မှုတစ်ခုပင်။

ယွဲ့ကူး က ယန်လျန်ရှမ်း ကို

ငုံ့ကြည့်ပြီးနောက် ယန်ယွဲ့ကို

စိုက်ကြည့်ကာ "ယန်ယွဲ့၊ မင်းဟာ မင်းက

ထူးချွန်တဲ့ ပါရမီရှင်တစ်ယောက်ဆိုတာ

ငါဝန်ခံပါတယ်။ ဒါပေမဲ့

မင်းရဲ့လက်ရှိခွန်အားက

အဲဒီသစ်သားဓားကို မထိန်းထားနိုင်ဘူး။

အဲဒါကို လက်လွှဲပေးရုံပါပဲ။

ငါ့အမျောင်ခန်းမက မင်းကို

လုံးဝပြေသသနာရှာမှာမဟုတ်ဘူးလို့ ငါအာမခံနိုင်တယ်။ ဒါ့အပြင် မင်းဆန္ဒရှိရင် အမှောင်ခန်းမ ကိုတောင် ဝင်နိုင်တယ်။ မင်းဘယ်လိုထင်လဲ"

ယန်ယဲ့ သည် ခဏမျှစဉ်းစားပြီး ပြန်ပြောလိုက်သည် "ကောင်းပြီ။ မင်းငါ့ကို သုံးရက်လောက် စဉ်းစားခွင့်ပြုပါလား"

ယွဲ့ကူး က မျက်နှာပျက်သွားသည်။ သူက အေးစက်စက်ပြောလိုက်၏ "ဒီလိုဆိုရင်

မင်းဟာ

ကိုယ့်သေတွင်းကိုတူးနေတာထင်တယ်"

စကားပြောနေရင်းဖြင့် သူ၏ညာလက်ကို

ချက်ချင်း ဝှေ့ယမ်းကာ

အဆောင်တစ်ခုပစ်တင်လိုက်သည်။

ဖောင်း...

အဆောင်က ချက်ချင်းပင်

ကြေမွသွားသည်။ ထို့နောက်

သိပ်မကြာလိုက်ဘဲ

ပေါ်တယ်စနစ်ကြီးတစ်ခုပေါ်လာပါတော့

သည်။

ယန်ယဲ့ သည် မော့ကြည့်လိုက်ပြီး

"အရမ်းအားကျမိတယ်"ဟုပြောလိုက်သ

ည်။

သွေးကေရီ က “ဘာကိစ္စအားကျ...”

ယန်ယဲ့က ပြန်ပြောသည် "ငါက အဆောင်တစ်ခုပစ်တင်လိုက်ရင် အကူအညီပေးမယ့်သူတွေ ရောက်လာရင် သိပ်ကောင်းမှာပဲ"

သွေးကေရီ က သူ့ခေါင်းကို ပုတ်ပြီး ခေါင်းခါလိုက်သည်

“အိပ်မက်မက်နေတာတွေ ရပ်လိုက်ပါ”

ယန်ယဲ့ သည် ချက်ချင်း

စကားပြန်မပြောနိုင်ပေ။

ထိုအချိန်တွင် ပေါ်တယ်အတွင်းပိုင်းကနေ

အနက်ရောင်ဝတ်ရုံဝတ်အဘိုးကြီးတစ်ဦး

ထွက်ပေါ်လာသည်။ ထို့နောက်

ဤနေရာရှိ

လူတိုင်း၏အမူအရာများသည်

ချက်ချင်းပင် ပြောင်းလဲသွားခဲ့သည်။

ဖိအား....

အဘိုးကြီး ရောက်လာသည်နှင့်
လူတိုင်းက သူတို့အပေါ်ကို
မမြင်နိုင်သောဖိအားများ
ကျဆင်းလာကြောင်းခံစားလိုက်ရသည်။

ထိုအချိန်တွင် ယွဲ့ကူး က
အဘိုးကြီးရှေ့ရောက်သွားကာ

အနည်းငယ် ငြိုးညွတ်လိုက်သည်
"အကြီးအကဲယွဲ့နင်၊ မင်းကို
နှောင့်ယှက်ဖို့ကလွဲလို့ ငါ့မှာ ရွေးချယ်စရာ
မရှိတော့ဘူး" ထိုစကားပြောပြီးနောက်
ယန်ယွဲ့ကို လက်ညှိုးထိုးပြပြီး
ရှင်းပြလိုက်သည်။

အသက်ရှူ ၁၀
ရှိုက်စာလောက်အကြာမှာတော့
အဘိုးကြီးယွဲ့နင် က ယန်ယွဲ့ကို

ရုတ်တရက် စိုက်ကြည့်လိုက်သည်။
ထို့နောက် သူ့အကြည့်က သစ်သားဓား
ပေါ် ကျရောက်လာသည်။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်
သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်သည်။
ထိုအခါ သစ်သားဓားက ပြင်းထန်စွာ
တုန်ခါသွားပြီး အဘိုးကြီးယွဲ့နင် ဆီသို့
ပျံသန်းသွားတော့မည့်အလားပင်။

သို့သော်လည်း  သစ်သားဓားမှ ဓားအူသံ

ထွက်ပေါ်လာပြီးနောက်

ဓားစွမ်းအင်တစ်စင်း

တောက်ပလာသည်။ ဓားစွမ်းအင်က

လျှပ်စီးလက်သဲ့သို့ပင် မြန်ဆန်သည်။

ခဏလေးအတွင်းမှာပဲ အဘိုးကြီးယဲ့နင်

ရှေ့ကို

ချက်ချင်းရောက်ရှိလာသည်။

တန်ပြန်ခြင်း...

သစ်သားဓားက သူ့အလိုလို

ခုခံနေတာပါ။

ယန်ယဲ့ သည်

အနည်းငယ်တော့အံ့သြသွားမိသည်။

ထိုအချိန်တွင် အဘိုးကြီးယဲ့နင် က

သူ၏ညာလက်ကို

ထပ်မံဝှေ့ယမ်းလိုက်ရာ ဓားစွမ်းအင်က သဲလွန်စမရှိဘဲ ပျောက်ကွယ်သွားသည်။ ထို့နောက် သူ၏ညာဖက်လက်ကို သစ်သားဓား ဆီသို့ ချိန်ရွယ်ကာ ဆုပ်ကိုင်လိုက်သည်။ အာကာသပြင်ထဲမှ ကြောက်မက်ဖွယ်ရာ စုပ်ယူအားတစ်ခုထွက်လာကာ သစ်သားဓားကို ဖုံးလွှမ်းသွားသည်။

အောင်း…

သစ်သားဓား က ပြင်းထန်စွာ

တုန်ခါသွားကာ စူးရှသောဓားအူသံ က

ကောင်းကင်ထက်သို့ လွင့်ပျံလာသည်။

ဓားအူသံက စုပ်ယူအားကို

ချေဖျက်လိုက်သည်။ ထို့နောက်

သစ့်သားဓားက

ယန်ယဲ့၏လက်ထဲကိုပြန်ရောက်လာသည်

။

ထိုအချိန်တွင် အဘိုးကြီးယှဲ့နင်၏

အကြည့်က ယန်ယှဲ့ပေါ်သို့

ကျဆင်းလာသည်

"ငါ့ဘဝတစ်လျှောက်လုံးမှာ

ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင်တွေ

အများကြီး တွေ့ခဲ့ဖူးသလို

မရေမတွက်နိုင်အောင်သတ်ခဲ့တယ်"

....

သွေးကေရီ က ရှေ့တိုးလာသော်လည်း ယန်ယဲ့က သူမ၏လက်တစ်ဖက်ကို လှမ်းဆွဲလိုက်သည်။ ထို့နောက် ခေါင်းခါပြရင်း “ငါကိုယ်တိုင်ပဲလုပ်မယ်”

သွေးကေရီ က ထူးခြားလှသည်။ အဘိုးကြီးယဲ့နင် ကို ရှုံးဖို့မဖြစ်နိုင်ပေ။ သို့သော် ယန်ယဲ့ သည် သူ့အတွက်ရောက်လာသူကိုကိုယ်တိုင်သာ ကိုင်တွယ်လိုသည်။

တိုက်ပွဲ... ။

သူသည် ပြဿနာဖြစ်မည်ကို
ကြောက်သော်လည်း တိုက်ပွဲ
နှင့်ပတ်သက်လာရင်တော့
အရှူးတစ်ယောက်ပါ။

ဤလမ်းတစ်လျှောက်လုံး
မရေမတွက်နိုင်သော

သေခြင်းရှင်ခြင်းတိုက်ပွဲများကိုရင်ဆိုင်ခဲ့ရသည်။ သို့သော် တစ်ချိန်တည်းတွင် ၎င်းသည် သူ့အား တိုးတက်အောင် များစွာကူညီပေးခဲ့သည်။

သွေးကေရီ က "သေချာလား" ဟုထပ်မေးပါသည်။

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်
"အဆင်ပြေပါတယ်၊
ဒါကိုငါပဲကိုင်တွယ်မယ်"

သွေးကေရီ က အနည်းငယ်
ခေါင်းညိတ်လိုက်သည် "ကောင်းပြီ။
ငါနင့်ကိုယုံတယ်"

ထိုစကားပြောပြီးသည်နှင့် ယွဲ့ကူး
နှင့်အဖွဲ့ကို စူးစိုက်ကြည့်ကာ

အေးစက်စက်ပြောခဲ့သည်

"ငါ့ငရဲခန်းမက

ပြဿနာကိုမလိုချင်ပါဘူး။ ဒါပေမဲ့

ငါတို့က ဒုက္ခကိုကြောက်တယ်လို့လည်း

မဆိုလိုဘူး။ ကောင်းပြီ၊ တိုက်ခိုက်ချင်ရင်

တိုက်ခိုက်ကြတာပေါ့။ငါ့ရဲ့

ငရဲခန်းမကအဆုံးထိလိုက်ပေးမယ်”

ထို့နောက် သူမ၏ညာလက်ကို
ဝှေ့ယမ်းလိုင်သည် “သူတို့ကို
အကုန်သတ်လိုက် ”

အမိန့်ပေးပြီးသည်နှင့် သွေးကေရီ က
ယွဲ့ကူး ထံ တိုက်ရိုက်ခုန်ဝင်သွားသည်။
တစ်ချိန်တည်းမှာပဲ ယန်လျန်ရှမ်း နှင့်
အခြားလူများလည်း ချက်ချင်းဆိုသလို
တိုက်ခိုက်လိုက်ကြသည်။

ပြင်းထန်သော တိုက်ပွဲကြီး စတင်ခဲ့ချေပြီ။

.......

ဤအချိန်တွင် အဘိုးကြီးယဲ့နင် က ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ပြီး "မင်းက တကယ့်ကို ညာဏ်ကြီးရှင်ပါ။ ကံမကောင်းစွာပဲ၊ မင်းဟာ အချိန်မှားပြီးပေါ်လာတယ်"

ယန်ယဲ့က တဟားဟား ရယ်မောပြီး

ပြန်ပြောလိုက်သည် “ဒါဆို ငါက ဒီလိုပဲ။

ငါ့မှာ ကြောက်စရာကောင်းတဲ့

ဒေါသကလွဲလို့ ဘာမှ မရှိပါဘူး။

တစ်ယောက်ယောက်က

ငါ့အပေါ်ကောင်းရင် ငါက သူတို့အပေါ်

ကောင်းလိမ့်မယ်။ တစ်ယောက်ယောက်

ငါ့ကို အနိုင်ကျင့်ရင်...."

စကားပြောနေစဉ် သူ၏မျက်နှာက

ရုတ်တရက် ပြင်းထန်လာပြီး "အဲဒီလူကို

သွေးနဲ့ပေးဆပ်ခိုင်းမယ်။

သွေးချောင်းစီးအောင် သတ်ဖြတ်ပစ်မယ်"

May Be:

၂၁၇၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၇၀ - တိုက်ပွဲအစ

သွေးချောင်းစီးတဲ့အထိလား ။

ယန်ယဲ့ ပြောသည့်စကားကို

ကြားလိုက်သောအခါ အဘိုးကြီးယဲ့နင်၏

မျက်နှာက

သုန်မှုန်သွားသည်။ သူသည် ယန်ယဲ့ကို

ခဏကြာအထိ စိုက်ကြည့်နေကာ

ရုတ်တရက် ခေါင်းညိတ်လိုက်သည်

"ကောင်းပြီ။ ဒါဟာ မင်းရဲ့
ဆုံးဖြတ်ချက်မို့ သေသင့်တယ်"

စကားပြောပြီးသည်နှင့် နေရာမှာပင်
ပျောက်သွားခဲ့သည်။

ခဏအကြာတွင်
ကောင်းကင်ယံအထက်၌ ပြန်ပေါ်လာပြီး
သူ၏လက်ချောင်းကို ဆန့်ကာ ယန်ယဲ့
ဆီသို့ ပုတ်ချလိုက်သည်။

ထိုခဏလေးမှာပဲ ယန်ယွဲ့၏ အထက်

အာကာသပြင်ထဲမှ

ရောမရေဝဲကြီးတစ်ခုပေါ်လာသည်။

ထို့နောက် ရေဝဲထဲမှ

ပြင်းထန်သောဖိအားများ နှင့်အတူ

မီတာ ၃၀၀ ကျော်ကြီးမားသော

ရောမလက်ချောင်းကြီး ထွက်လာသည်။

ဂှင်းမှ ထွက်ပေါ်နေသော ဖိအားကြောင့်
အောက်မြေပြင်သည် အလိုအလျောက်
ကွဲအက်ကာ ပြိုကျခဲ့သည်။
တစ်ချိန်တည်းမှာပင် လက်ချောင်း၏
ဖိအားကို မခံနိုင်တော့သည့်အလား
နတ်ဘုရားနယ်မြေတစ်မြို့လုံး
တုန်ခါလာသည်။

အလွန်ကို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ

မြင်ကွင်းတစ်ခုပင်။

ယန်ယဲ့ သည်

သူ၏သစ်သားဓားကိုတင်းကျပ်စွာ

ဆုပ်ကိုင်ပြီး မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။

ထိုခဏလေးမှာပဲ သူ့ထံမှ

ကြောက်မက်ဖွယ်ရာအငွေ့အသက် နှစ်ခု

ထွက်လာပြီး သစ်သားဓားထဲကို
စီးဝင်သွားသည်။

ထို့နောက်တွင်တော့ ဓားတစ်ချောင်းက
ကောင်းကင်ထက်သို့ ပျံတက်သွားသည်။

ထိုအချိန်တွင် ယန်ယွဲ့ သည် သူ၏
ညာခြေကို အောက်မြေပြင်ဆီ
တစ်ချက်ပုတ်လိုက်သည်။

ဘမ်း....

သူ့အောက်ရှိမြေပြင်က
တုန်ခါသွားသည်နှင့်တစ်ချိန်တည်းပင်
ယန်ယဲ့၏ပုံရိပ်က
အလင်းတန်းတစ်ခုအသွင်ပြောင်းသွားခဲ့
သည်။ ထိုအချိန်တွင် သူသည်
ကောင်းကင်ထက်မှ ဆင်းသက်လာသော
ရောမလက်ချောင်းကြီး ကို
တည့်တည့်ပြေးဆောင့်လိုက်သည်။

ဂျုန်း....

ကောင်းကင်ဘုံကိုးဆင့်မှ

နတ်မိုးကြိုးဆင်းသက်လာသည့်အလား

ရောမပေါက်ကွဲသံကြီး

ထွက်ပေါ်လာသည်။

သစ်သားဓားနှင့်

ရောမလက်ချောင်းကြီးက ပြင်းထန်စွာ

တုန်ခါသွားပြီးနောက်

လွင့်ထွက်သွားသည်။ သစ်သားဓား က

ယန်ယွဲ့၏လက်ထဲကို

ပြန်ရောက်လာသည်။

ယန်ယွဲ့၏မျက်လုံးထဲမှ

ရက်စက်ကြမ်းကြုတ်မှုအပြည့်ပေါ်လာ

သည်။ သူသည် သစ်သားဓားကို

လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်

အပေါ်ဖက်လှန်ပိုင်းလိုက်သည်။

ဆူး...

ယန်ယဲ့၏ ပုံရိပ်က

သစ်သားနှင့်အတူရှေ့သို့ပြေးထွက်လာ

ကာ ရောမလက်ချောင်းကြီး ကို

ထိုးဖောက်သွားသည်။

ခွမ်း....

ရောမလက်ချောင်းကြီး က

ချက်ချင်းကွဲအက်သွားသည်။

ဓားစွမ်းအင်များက

ကောင်းကင်အထက်၌ ပြန့်ကျဲနေခဲ့သည်။

ထိုခဏလေးမှာပဲ ယန်ယဲ့က

အဘိုးကြီးယဲ့နင် ရှေ့မှာပေါ်လာပြီးနောက်

သစ်သားဓားဖြင့် ပိုင်းချလိုက်သည်။

သစ်သားဓား ၏ ဖိအားကြောင့်

အဘိုးကြီးယဲ့နင်

ပတ်ပတ်လည်ရှိအာကာသပြင်သည်

ချက်ချင်း ကွဲအက်သွားသည်။

သို့သော်လည်း အဘိုးကြီးယဲ့နင် က

တုန်လှုပ်မသွားဘဲ ယန်ယဲ့ကိုသာ

အေးစက်စွာ ကြည့်နေသည် ။

သစ်သားဓား က သူ့ရှေ့ ၃ မီတာအကွာကို

ရောက်လာမှသာ

ဆတ်ခနဲလှုပ်ရှားလိုက်သည်။

သူ၏ညာလက်ကို မြှောက်ပြီး

ပေါ့ပေါ့ပါးပါး ဝှေ့ယမ်းလိုက်သည်။

ဆူး...

အဘိုးကြီးယဲ့နင်၏ ညာဖက်လက်ဝါးမှ

အေးစက်စက်အငွေ့အသက်များ

ပျံ့လွင့်နေသော အလင်းတန်းတစ်ခု

လင်းလက်လာသည်။

ဘုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး ယန်ယဲ့
သည် ၁ ကီလိုမီတာအကွာကို
လွင့်ထွက်သွားခဲ့သည်။

သူ ပြန်ရပ်လိုက်သည်နှင့် ယန်ယဲ့ သည်
သူ၏လက်ကိုငုံ့ကြည့်လိုက်သည်။
ဒီအချိန်မှာ သူ့လက်က
တဆတ်ဆတ်တုန်ယင်နေခဲ့သည်။

ယန်ယဲ့၏မျက်လုံးထဲကနေ အနည်းငယ်
လေးနက်သော အမူအရာ ပေါ်လာသည်။

ဒီအဘိုးကြီးက သန်မာတယ် ။

သူ့ရှေ့ရှိ အဘိုးကြီးက သာမန်
မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူများ
ဘယ်လိုမှမယှဉ်နိုင်သော ဖြစ်တည်မှုပါ။

တစ်ချိန်တည်းမှာပဲ အဘိုးကြီးယဲ့နင် က ယန်ယဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းဟာ တကယ့်ကို ညာဏ်ကြီးရှင်တစ်ယောက်ပါ။ မင်းမှာ အရည်အချင်းရှိတယ်။ မင်းဒီထက်ပိုပြီး အင်အားကြီးလာရင်တော့ ငါတောင်မင်းကိုယှဉ်ဖို့မဖြစ်နိုင်လောက်ဘူး။ ဒါပေမဲ့ အခုတော့

မင်းလိုလူတွေအများကြီးကို
ငါတိုက်ခိုက်နိုင်သေးတယ်"

စကားပြောပြီးသည်နှင့် ရှေ့သို့
ခြေတစ်လှမ်းတိုးလာရင်း
သူ၏ညာလက်ကို မြှောက်လိုက်သည်။
ထို့နောက် အောက်ကို ဖိချလိုက်သည်။

ယန်ယွဲ့၏ အထက်မှ အာကာသပြင်ဟာ

ရုတ်တရက်ကျုံ့လာပြီး

တောင်ကြီးတစ်လုံးအလား သူ့အပေါ်ကို

ဖိချလာပါတော့သည်။

ယန်ယဲ့ သည် တုံ့ဆိုင်းမနေဘဲ

သူ၏ညာဖက်လက်ကောက်ဝတ်ကို

လှန်လိုက်သည်။ သူ့လက်မှ

အလင်းတန်းတစ်ခု လင်းလက်လာပြီး

လေထဲသို့ လွင့်ပျံသွားသည်။

တစ်ချိန်တည်းမှာပင် သူသည်

အလင်းတန်းအဖြစ် ပြောင်းလဲကာ

အပေါ်ဖက် ခုန်တက်လိုက်သည်။

ဂျုန်း....

အုန်း....

ကျယ်လောင်သော ပေါက်ကွဲသံကြီး

ပဲ့တင်ထပ်လာပြီးနောက် ယန်ယွဲ့

အပေါ်တည့်တည့်ရှိ အာကာသပြင်ဟာ

ချက်ချင်း

ပြိုကျသွားသည်။ မရေမတွက်နိုင်သော

စွမ်းအင်လှိုင်းများ

အဆက်မပြတ်ဖြာထွက်လာသည်။

ကောင်းကင်ယံတစ်ခုလုံးပါ

တုန်လှုပ်နေခဲ့သည်။

အသက်ရှူချိန်(၃၀)
ရှိုက်စာလောက်အကြာတွင်တော့
အထက်ကောင်းကင်ပြင်သည်
တဖြည်းဖြည်း ငြိမ်သက်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ နှင့်
အဘိုးကြီးယဲ့နင် တို့နှစ်ယောက်ဟာ
တစ်ဖက်နှင့်တစ်ဖက် ၁
ကီလိုမီတာခွဲလောက်
အကွာမှာရှိနေကြသည်။ နှစ်ယောက်လုံး

ဒဏ်ရာအများအပြားရနေခဲ့သည်။

ယန်ယဲ့၏ဒဏ်ရာကအဆိုးဆုံးပါ။

သူ၏ဝတ်ရုံအပေါ်ပိုင်းတစ်ခုလုံး

ပျောက်ကွယ်နေသလို တစ်ကိုယ်လုံးပင်

ကွဲအက်သွားသည် ။

သို့သော်လည်း ယန်ယဲ့၏ မျက်နှာက

ယခင်အတိုင်း တည်ငြိမ်နေတုန်းပါပဲ။

အကြောင်းက

ပြိုင်ဖက်ကင်းဟာဂျီမွန်ခန္ဓာကိုယ်ကို

အသက်သွင်းထားလို့ပါ။

ဤအခိုက်အတန့်တွင်

ဒဏ်ရာအပြင်းအထန် ရနေသည့်တိုင်

သူ့ကိုယ်သူ ဘာကိုမှ အာရုံမခံစားနိုင်ပေ။

ထို့အပြင် မူလခရမ်းရောင်စွမ်းအင်က

သူ၏ဒဏ်ရာများကို

အဆက်မပြတ်ကုသပေးနေခဲ့သည်။

တစ်နည်းပြောရလျှင်

သူ၏ဒဏ်ရာများက

သိပ်ပြီးကြီးကြီးမားမားပြဿနာမဟုတ်

ပေ။

အဘိုးကြီးယဲ့နင်၏

ခန္ဓာကိုယ်ပေါ်မှာလည်း ဒဏ်ရာဒဏ်ချက်

တစ်ဒါဇင်ကျော်ရှိနေ၏။

အားလုံးက
သူ၏သေကွင်းသေကွက်နေရာများမှာပါ။ အထူးသဖြင့် သူ့လည်ပင်းရှိ ပြတ်ရှဒဏ်ရာပင်။ အမြန်မရှောင်ခဲ့ပါက လည်ချောင်းပွင့်ထွက်သွားမည်မှာသေချာပါသည်။

အဘိုးကြီးယဲ့နင် က ယန်ယဲ့ကို ထပ်ပြီးမတိုက်ခိုက်သေးဘဲ ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်နေခဲ့သည်။

သူက ရုတ်တရက် ပြောလိုက်သည်

"ကြောက်စရာကောင်းလိုက်တဲ့

ခန္ဓာကိုယ်။ ညဏ်အလင်းပွင့်

ဓားစိတ်ဆန္ဒ နဲ့

ပုံမှန်မဟုတ်တဲ့ကုသခြင်းစွမ်းရည်။

ပြောစရာမလိုအောင်ပဲ၊ မင်းငါ့ကို

တကယ်အံ့သြသွားစေတာ။ တကယ်လို့

မင်းသာ မူလနတ်ဘုရားအဆင့် ၄

ဖြစ်နေရင်

ငါသေချာပေါက်ထွက်ပြေးမိမှာ။

အခုတော့ ကံမကောင်းစွာပဲ၊ မင်းဟာ

မူလနတ်ဘုရားအဆင့် ၂

ပဲရှိနေသေးတယ်"

စကားပြောပြီးသည်နှင့်

ကောင်းကင်ထက်ကို ခုန်တက်လိုက်ပြီး

လက်ဝါးနှစ်ဖက်ကို ပူးကပ်လျက်

ယန်ယဲ့ပေါ်သို့ ဖိချလိုက်သည်။

အုန်း....

ယန်ယဲ့၏ အပေါ်တည့်တည့်မှ

အာကာသပြင်ဟာ

တုန်ခါသွားပါတော့သည်။ ထို့နောက်တွင်

စွမ်းအင်လှိုင်းလုံးများ အဆက်မပြတ်

ထွက်လာကာ

တောင်ပေါင်းများစွာပြိုကျလာသကဲ့သို့

ယန်ယဲ့ဆီကို ကျဆင်းလာသည်။

တစ်ချိန်တည်းမှာပင် အာကာသပြင်ထဲမှ

အနက်ရောင်လက်ဝါးကြီးတစ်ဖက်
ရုတ်တရက်ထိုးထွက်လာကာ
အောက်သို့ဖိချလိုက်သည်။

ယန်ယဲ့ သည်
အသက်ပြင်းပြင်းရှူလိုက်ပြီးနောက်
သစ်သားဓားကို လက်နှစ်ဖက်ဖြင့်
တင်းတင်းဆုပ်ကိုင်လိုက်သည်။ သူ၏
ဆန်းကြယ်ချီစွမ်းအင်များ
တဟုန်ထိုးမြင့်တက်လာကာ သစ်သားဓား

ထဲကို အဆက်မပြတ်ပို့လွှတ်လိုက်သည်။
တစ်ချိန်တည်းမှာပင် ညဏ်အလင်းပွင့်
စိတ်ဆန္ဒနှစ်ခုပါ ထုတ်လွှတ်လိုက်သည်။

ထိုအချိန်တွင် သူ၏ညာခြေကိုဆောင့်ကာ
လေထဲသို့ ခုန်တက်သွားသည်။

အုန်း...

ပေါက်ကွဲသံ ပဲ့တင်ထပ်လာပြီးသည်နှင့်

ယန်ယဲ့ သည်

အလင်းတန်းတစ်ခုသဖွယ်ပြောင်းလဲကာ

ကောင်းကင်ပေါ်

ခုန်တက်သွားတော့သည်။

သူဖြတ်သွားသည့် နေရာတိုင်း

အာကာသပြင်တစ်လျှောက်

ကွဲထွက်သွားသည်။

ခလွပ်....

ဉာဏ်အလင်းပွင့် ဓားစိတ်ဆန္ဒ ကြောင့်

အထက်အာကာသပြင်သည်

ကွဲအက်သံများ ထွက်ပေါ်လာပြီး

တစ်စထက်တစ်စ ပြိုကျလာခဲ့သည်။

ဤအခိုက်အတန့်တွင်

နတ်ဘုရားနယ်မြေမြို့မှ လူတိုင်း

အလွန်ကြောက်မက်ဖွယ်ရာ

ဓားစိတ်ဆန္ဒဖိအားကို ခံစားလိုက်ရသည်။

ဓားစွမ်းအင် ကပင်

လောကတစ်ခုလုံးအား

ဖျက်ဆီးပစ်နိုင်ပုံရ၏။

ကြောက်မက်ဖွယ်ဓားစွမ်းအင်က

အနက်ရောင်လက်ဝါးကြီးမှ

ထွက်လာသော အရှိန်အဝါကို ချက်ချင်း

ချေဖျက်ပစ်လိုက်သည်။ ထို့နောက်တွင်

ယန်ယွဲ့၏လက်ထဲမှ သစ်သားဓား က

အနက်ရောင်လက်ဝါးကြီးကို
ထိုးဖောက်သွားသည်။

ဂျုန်း....

အထက်ကောင်းကင်ပြင်မှ
မိုးချိန်းသံကြီးကဲ့သို့ ကျယ်လောင်သော
ပေါက်ကွဲသံကြီး မြည်ဟီးလာသည်။

ခွမ်း...

အနက်ရောင်လက်ဝါးကြီးက ပြင်းထန်စွာ

လှုပ်ခါပြီးနောက်

အပိုင်းပိုင်းကွဲထွက်သွားသည်။

ဤအတောအတွင်း ယန်ယွဲ့ သည်

တန်ပြန်စွမ်းအားရိုက်ခတ်မှု နှင့်အတူ

မြေပြင်ပေါ်သို့ ပြုတ်ကျလာသည်။

သို့သော် အကောင်းတိုင်း

ပြုတ်ကျလာခြင်းမဟုတ်ပေ၊ ထိုအစား

အပိုင်းပိုင်းပေါက်ကွဲပြီး

ကျဆင်းလာခြင်းပင်။

ဤမြင်ကွင်းကြောင့် အမှောင်ခန်းမ မှ

ကျင့်ကြံသူများနှင့် တိုက်ခိုက်နေသော

သွေးဧကရီ တို့တစ်သိုက်

မျက်မှောင်ကြုတ်သွားကြသည်။

သေချာသည်မှာ ယန်ယွဲ့ အတွက်

စိုးရိမ်နေကြတာပါ။

ဤအခိုက်အတန့်တွင် မြေကြီးထဲမှ

ပုံရိပ်တစ်ခု ထိုးထွက် လာသည်။

အခြားမဟုတ်ပေ၊

အပိုင်းပိုင်းပေါက်ကွဲပြီး မြေပေါ်

ပြုတ်ကျသွားသည့် ယန်ယဲ့ ပင်။

ယန်ယဲ့

အသက်ရှင်လျက်ပြန်ထလာသည်ကို

မြင်မှသာ ယန်လျှန်ရှမ်း နှင့်
အခြားလူတိုင်းလည်း
သက်ပြင်းချနိုင်ကြသည်။

အခြားတစ်ဖက်တွင်မူ
အဘိုးကြီးယဲ့နင်၏ အမူအရာက
အတော်လေး ဆိုးရွားသွားခဲ့သည်။

သူ့တိုက်ခိုက်မှုက ယန်ယဲ့အား
မသတ်နိုင်ရင်တောင်မှ

သေလုမျောပါးဖြစ်သွားမည်ဟု
ယုံကြည်ခဲ့သည်။ သို့သော်လည်း
ဤအခိုက်အတန့်မှာ ယန်ယဲ့ သည်
ဒဏ်ရာ ကြီးကြီးမားမား မရှိခဲ့ပေ။

ကြောက်စရာကောင်းလိုက်တဲ့ ရုပ်ခန္ဓာ နဲ့
ပြန်လည်ကုသခြင်းစွမ်းရည်ပါလား။

ယန်ယွဲ့ သည် သူ့ပါးစပ်ထောင့်က

သွေးများကို သုတ်လိုက်ပြီး

အဘိုးကြီးယွဲ့နင် ကို

မော့ကြည့်ကာ “လာ။

ဆက်တိုက်ခိုက်ကြရအောင်"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်

နေရာမှာပင်

ဖျတ်ခနဲပျောက်ကွယ်သွားသည်။

ဒုတိယအားချက် ။

ယန်ယဲ့ ပျောက်ကွယ်သွားသည့်အခိုက်
အဘိုးကြီးယဲ့နှင်၏ အမူအရာက
ပြောင်းသွားပြီး လက်ဝါးကို ရှေ့သို့
ပုတ်လိုက်သည်။

သူ့လက်ဝါးကို
ရှေ့လှမ်းပုတ်လိုက်သည်နှင့်ယန်ယဲ့၏သ
စ်သားအားက ထိုးသွင်းလာသည်။

ဘမ်း....

ဓားအလင်းတန်းက ပြန့်ကျဲသွားပြီး ယန်ယဲ့ သည် ၁ ကီလိုမီတာအကွာသို့ လွင့်ထွက်သွားခဲ့သည်။ အဘိုးကြီးယဲ့နင်ကတော့ မီတာ ၃၀၀ အကွာလောက်သာ ဆုတ်သွားခဲ့သည်။

အဘိုးကြီးယှဲ့နင် က သူ့လက်ဝါးကို
တစ်ချက်ငုံ့ကြည့်လိုက်သည်။
သူ့လက်ဝါးအလယ်မှာ
သွေးဒဏ်ရာတစ်ခုရှိနေသည်။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်
အဘိုးကြီးယှဲ့နင် က ယန်ယှဲ့၏လက်ထဲမှ
သစ်သားဓား ကို စိုက်ကြည့်ကာ
"လောကသုံးပါး ရဲ့ နတ်ဘုရားရတနာက
မျှော်လင့်ထားသလိုပဲ။

အရမ်းကြောက်စရာကောင်းလွန်းတယ်”
ဟုပြောလိုက်သည်။

ထိုစကားပြောပြီးသည်နှင့်
သူ၏ညာဖက်လက်ဝါးကို လှန်လိုက်ရာ
အနက်ရောင်
သံမဏိတုတ်ချောင်းတစ်ချောင်း
ပေါ်လာသည်။

ယန်ယဲ့ သည် တွေဝေမနေခဲ့ပေ။

စွမ်းအင်ပုလဲနှစ်လုံးကို ထုတ်ယူကာ

မျိုချလိုက်ပြီးနောက်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

ရှေ့သို့ပြေးထွက်လာပါတော့သည်။

May Be:

၂၁၇၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၇၁ -

ရက်စက်ကြမ်းတမ်းသော တိုက်ပွဲ ။

အမှန်တော့ သူသည်

ရက်စက်ကြမ်းကြုတ်သော

နည်းလမ်းဖြင့်သာ တိုက်ခိုက်နိုင်၏။

အကြောင်းကတော့ အဘိုးကြီးယွဲ့နင် ကို

ချက်ချင်းမသတ်နိုင်လို့ပါ။

မဟာပေါ်တယ်နည်းစနစ်ကို

ထုတ်သုံးထားသည့်တိုင် သူ့ကိုယ်သူ
ယုံကြည်မှုမရှိပေ။
အရေးအကြီးဆုံးကတော့
အခုလောလောဆယ်မှာ
မဟာပေါ်တယ်နည်းစနစ် ကို
ထုတ်သုံးလိုက်ပါက အားကုန်သွားပြီး
ချက်ချင်းအသတ်ခံရပေမည်။

နောက်ဆုံးတွင် သူသည်
ရက်စက်ကြမ်းတမ်းစွာ တိုက်ခိုက်ဖို့သာ

ရွေးချယ်နိုင်ခဲ့သည်။

တိုက်ခိုက်ချင်လို့တော့ မဟုတ်ပါ၊ သူ့တွင်

အခြားရွေးချယ်စရာမရှိလို့ပါ။

ဘုန်း....

ကောင်းကင်ယံအထက်မှ

ကျယ်လောင်သော ပေါက်ကွဲသံကြီး

ထွက်ပေါ်လာပြီးနောက်

အားကောင်းသော အရှိန်အဝါများ

ပျံ့လွင့်လာခဲ့သည်။

ထိုရုတ်တရက်အပြောင်းအလဲကို

မြင်လိုက်သောအခါ ယန်ယဲ့၏မျက်နှာက

ချက်ချင်း မည်းမှောင်သွားသည်။

နောက်ထပ် အကူအညီတွေ ။

ယန်ယဲ့၏မျက်နှာက

အတော်လေးကိုဆိုးရွားလှသည်။

သူသည် အမှောင်ခန်းမ နှင့် ရန်သူဖြစ်ရန်

တစ်ခါမှ မရည်ရွယ်ခဲ့ပေ။ သို့သော်လည်း

အမှောင်ခန်းမ သည်

အဆင့်မြင့်ကျင့်ကြံသူအများအပြားစေ

လွှတ်ကာ သူ့ကို

သတ်ဖို့ကြိုးစားနေခဲ့သည်။

ဤအခြေအနေက ယန်ယဲ့အား

လုံးဝကိုဒေါသထွက်သွားစေသည်။

သိပ်မကြာလိုက်ပါ၊

ကောင်းကင်ယံအထက်၌

အနက်ရောင်ဝတ်စုံဝတ်အဘိုးကြီး ၃

ယောက် ပေါ်လာခဲ့သည်။

အားလုံးက မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများချည်းပါ။

အဖွဲ့ကို ဦးဆောင်လာသူ အဘိုးကြီးက

ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

အဘိုးကြီးယဲ့နင် ကိုစိုက်ကြည့်ကာ

"ယဲ့နင်၊ သစ်သားဓားက

အရမ်းအရေးကြီးတယ်။ မင်းက

အဖွဲ့အစည်းကို ချက်ချင်း

အကြောင်းမကြားတာ ဘာသဘောလဲ။

ဘာလဲ၊ မင်းကိုယ်တိုင်လုယူဖို့
ရည်ရွယ်ထားသလား"

အဘိုးကြီးယဲ့နှင်၏ မျက်နှာက
အေးစက်သွားကာ "စုယွမ်၊ မင်း ငါ့ကို
ထောင်ချောက်ဆင်ချင်နေတာလား။
ဒါဆိုရင်တော့ မလုံလောက်ဘူး"

စုယွမ် ဟုခေါ်သော အဘိုးကြီးက
အေးစက်စက်

တစ်ချက်ရယ်မောလိုက်သည်။ ထို့နောက်

ယန်ယွဲ့ ကိုစိုက်ကြည့်နေသည်။ သို့မဟုတ်

ယန်ယွဲ့၏လက်ထဲမှ သစ်သားဓား ကို

စိုက်ကြည့်နေတာပါ။ သစ်သားဓားကို

ကြည့်နေရင်း သူ့မျက်လုံးများ

ဖုံးကွယ်မထားသော လောဘစိတ်များ

တောက်လောင်နေသည်။

ယန်ယဲ့ က သစ်သားဓားကို
ရုတ်တရက်ဝှေ့ယမ်းလိုက်ရင်း “ဘာလဲ၊
လိုချင်တာလား"

အဘိုးကြီးစုယွမ် က ယန်ယဲ့ကို
စိုက်ကြည့်ရင်း ပြုံးကာ “ဒါပေါ့။
ငါအရမ်းလိုချင်ပါတယ်။ ဘာလို့လဲ၊
မရဘူးလား"

ယန်ယဲ့က

တဟားဟားရယ်မောလိုက်သည်။

ထို့နောက် အဘိုးကြီးစုယွမ်ကို

စိုက်ကြည့်ကာ ပြောလိုက်၏ "ကောင်းပြီ။

လာယူလှည့်"

အဘိုးကြီးစုယွမ် က ယန်ယဲ့ကို

ခဏကြာစိုက်ကြည့်နေပြီးမှ

ခေါင်းညိတ်လိုက်သည်

"ဒါပေါ့။ ငါ ရောက်လာမှာပါ"

စကားပြောပြီးသည်နှင့် သူ့ပုံရိပ်က အနက်ရောင်အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ ယန်ယွဲ့ ဆီသို့ လွင့်မျောလာသည်။

တစ်ချိန်တည်းမှာပင် သူ့ထံမှ အကန့်အသတ်မဲ့ဖိအားလှိုင်းတစ်ခု

ပျံ့လွင့်လာသည်။ ထို့နောက် ယန်ယဲ့အား လှုပ်မရအောင်ဖိနှိပ်ထားခဲ့သည်။

အမှန်တော့လည်း ယန်ယဲ့ သည် ရှောင်ထွက်သွားဖို့ကို တစ်ခါမှပင် မစဉ်းစားထားပေ။

အဘိုးကြီးစုယွမ် တိုက်ခိုက်လာသည်နှင့် ယန်ယဲ့ သည် သူ၏ညာဖက်လက်ကို ရင်ဘတ်ပေါ်သို့ တင်လိုက်သည်။

ထိုခဏလေးမှာပဲ သူ့ခန္ဓာကိုယ်ကနေ
ကြောက်မက်ဖွယ်ကောင်းသော
အငွေ့အသက်တစ်ခု
ရုတ်တရက်ပေါ်လာသည်။
တစ်ချိန်တည်းမှာပင် သူ့ရှေ့၌
တစ်ကိုယ်လုံး နက်မှောင်နေသော
မိစ္ဆာသားရဲတစ်ကောင် ပေါ်လာသည်။

နယ်ခြားမိစ္ဆာကေရာဇ် ချန့်ချီ ။ (
မှတ်ချက်။ ချန့်ချီက

လောကသုံးပါးရဲ့နတ်မိစ္ဆာနယ်မြေသခင်

ပါ။

နယ်ခြားမိစ္ဆာလို့လည်းပြောလို့ရပါတယ်။

နတ်မိစ္ဆာနယ်မြေဆိုတာက

အလယ်စကြာဝဠာတစ်ခုလုံးထက်ပိုကြီး

ပါတယ်)

ဝေါင်း.....

ချုန်းချီ ပေါ်လာလာချင်း

ကျယ်လောင်သော ဟိန်းသံတစ်ချက်

ထုတ်လွှတ်လိုက်သည်။

ဘမ်း....

ကြောက်မက်ဖွယ်ရာ

အသံလှိုင်းကြီးတစ်ခု

ပျံ့လွင့်လာပြီးနောက် အဘိုးကြီးစုယွမ်၏

အော်ရာက ချက်ချင်းပင်

ကွဲကြေသွားသည်။

ထိုမျှနှင့်မပြီးသေးပေ။

အသံလှိုင်းတိုက်ခိုက်မှုက

အဘိုးကြီးစုယွမ် ဆီသို့

ဆက်လက်တိုးဝင်သွားသည်။

အုန်း…

အဘိုးကြီးစုယွမ် က

အချိန်မှီတုံ့ပြန်နိုင်လိုက်ခြင်းမရှိပေ။ ၃

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။ ဤရုတ်တရက်အ

ဖြစ်အပျက်ကြောင့် လူတိုင်း

အံ့အားသင့်သွားခဲ့ကြသည်။

“နယ်ခြားမိစ္ဆာသားရဲ…. ” ဤအချိန်တွင်

အဘိုးကြီးယဲ့နင်က မျက်နှာပေါ်တွင်

လေးနက်မှုအပြည့်ဖြင့်

အမှတ်တမဲ့အော်ပြောလိုက်သည်။

သူတစ်ယောက်တည်းတော့ မဟုတ်ပေ၊

အဘိုးကြီးစုယွမ်၏ မျက်လုံးထဲမှလည်း လေးနက်သော အရိပ်အယောင်များ ရှိနေသည်။

ချုန်းချီ ရောက်ရှိလာခြင်းက သူတို့အပေါ် ခြိမ်းခြောက်နေသလို ခံစားရလို့ပါ။

ထိုအချိန်တွင် ယန်ယဲ့ သည် ချုန်းချီ၏ နောက်ကျောပေါ်သို့ ခုန်တက်လိုက်သည်။ သူသည် ချုန်းချီ၏ ကျောပြင်ကို

ညင်သာစွာ ပုတ်လိုက်သည်။ ချူန်းချီ က
ယန်ယဲ့၏ ဆိုလိုရင်း နားလည်ပုံပါ။
ရှေ့ခြေနှစ်ချောင်းကို မြေပေါ်ထောက်ကာ
ခုန်ထလိုက်သည်။ ထိုခဏလေးမှာပဲ
နေရာမှာပင် ပျောက်သွားခဲ့သည်။

ချူန်းချီ နှင့် ယန်ယဲ့
ပျောက်ကွယ်သွားသည့်အခိုက်
အဘိုးကြီးစုယွမ်၏ အမူအရာက

သိသိသာသာပြောင်းလဲသွားသည်။

တုံ့ဆိုင်းမနေရဲဘဲ

သူ၏လက်ဝါးနှစ်ဖက်ကို ပူးကပ်ကာ

ရှေ့သို့ရိုက်ထုတ်လိုက်သည်။

ဘမ်း....

လက်ဝါးနှစ်ဖက်အလယ်မှ

အဖြူရောင်အလင်းတန်းတစ်ခု

ထွက်လာသည်နှင့် ချုန်းချီ၏ပုံရိပ်က

အဘိုးကြီးစုယွမ် ရှေ့ကို
ရောက်လာခဲ့သည်။

ထိုအချိန်တွင် ယန်ယွဲ့၏ သစ်သားဓားက
အဖြူရောင်အလင်းရောင်တန်းကို
ပိုင်းချလိုက်သည်။ ထိုခဏလေးမှာပဲ
အဖြူရောင်အလင်းတန်းဟာ
ဆီပူအိုးထဲကျဆင်းလာသော
နှင်းခဲများသကဲ့သို့ ချက်ချင်း
ပျောက်ကွယ်သွားသည်။

သို့သော်လည်း

သံမဏိတုတ်ချောင်းတစ်ချောင်း

ရုတ်ချည်းပေါ်လာပြီး သစ်သားဓားကို

ရိုက်ချလိုက်သည်။

ဘုန်း...

သစ်သားဓားက ပြင်းထန်စွာ

တုန်ခါသွားသည်။ သို့သော်လည်း

အဘိုးကြီးစုယွမ် က

၃ ကီလိုမီတာအကွာသို့

လွင့်ပျံထွက်သွားသည်။ သူ

ပြန်ရပ်ရပ်လိုက်သည်နှင့် ပါးစပ်ထဲမှ

သွေးအနည်းငယ် အန်ထွက်လာသည်။

ဤမြင်ကွင်းကြောင့် ချန်းချီ၏
ကျောပေါ်မှာထိုင်နေသည့် ယန်ယဲ့လည်း
အံ့အားသင့်သွားခဲ့သည်။
သူ၏တိုက်ခိုက်မှုက
ထိုမျှအားကောင်းမယ်လို့
မထင်ထားခဲ့လို့ပါ။

မဟုတ်ပေ၊ အမှန်တော့ ချန်းချီ
ကြောင့်ပါ။

ဤအတောအတွင်း ယန်ယဲ့ သည်
တစ်ခုခုကို တွေးမိသွားပုံဖြင့်
မျက်နှာပေါ်တွင် စိတ်လှုပ်ရှားဟန်များ
ပေါ်လာသည်။

ချုန်းချီ…

အကယ်၍ သူသည်
မဟာပေါ်တယ်နည်းစနစ် ကို
ထုတ်မသုံးပါက ချုန်းချီ၏ အရှိန်ကို

မယှဉ်နိုင်ပေ။ သို့သော်လည်း သူသည်

ချုန်းချီ နှင့်ပူးပေါင်းလျက်

ဒုတိယဆားချက် ကို

အသင့်ထုတ်ဖော်နိုင်၏။

ထိုအတိုင်းဆိုပါက

သူ၏ဆန်းကြယ်ချီစွမ်းအင်များ

ခဏလေးဖြင့်

ကုန်သွားတော့မည်မဟုတ်ပေ။

ထိုအရာက ကျောက်ခဲတစ်လုံးဖြင့်

ငှက်နှစ်ကောင်ကို

ပစ်သတ်လိုက်သလိုပါ။

ထိုအချက်ကို တွေးမိသည်နှင့် ယန်ယဲ့

သည် အတော်ကို

စိတ်လှုပ်ရှားသွားသည်။

ထို့နောက် သူက ချုန်းချီ၏ကျောပြင်ကို

အသာပုတ်လိုက်သည်။

တစ်ချိန်တည်းမှာပဲ ချုန်းချီ က

ခြေနှစ်ဖက်ထောက်ခုန်လျက်အနက်ရော
င်အလင်းတန်းတစ်ခုအဖြစ်
ပြောင်းလဲကာ နေရာမှာပင်
ပျောက်သွားခဲ့သည်။

ဆူး....

ယန်ယဲ့ ဖြတ်သွားသည့်
နေရာတောက်လျှောက်
အာကာသပြင်ဟာ ကွဲထွက်သွားသည်။

ဘုန်း…

တစ်ချိန်တည်းမှာပင်

ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက် အဘိုးကြီးစုယွမ်

က ၃ ကီလိုမီတာအကွာကို

ထပ်ပြီးလွင့်ထွက်သွားသည်။ ထို့အပြင်

၎င်း၏ ညာလက်သီးပေါ်မှ

သံမဏိလက်အိတ် ဟာ

အက်ကွဲသွားသည်။

ထိုအချိန်တွင် ယန်ယဲ့ နှင့် ချူန်းချီက

နောက်တစ်ကြိမ်

ပျောက်ကွယ်သွားခဲ့သည်။

အဘိုးကြီးစုယွမ်၏ အမူအရာက

သိသိသာသာ ပြောင်းလဲသွားပြီး ယဲ့နင်ကို

စိုက်ကြည့်ကာ "အရှုးကောင်၊ မင်းက မကူညီသေးဘူးလား"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက် သူ့ခန္ဓာကိုယ်ကို အဆက်မပြတ်လှည့်ကာ ဒါဇင်ချီသော လက်ဝါးရိပ်များ ထွက်လာသည်။ သို့သော်လည်း သစ်သားဓားပိုင်းချလာသည်နှင့် ချက်ချင်းပင် ချေဖျက်ခံလိုက်ရသည်။

ဘုန်း...

အဘိုးကြီးစုယွမ် က
ခုခံချိန်ပင်မရလိုက်ဘဲ
လွင့်ထွက်သွားပြန်သည်။
ဤတစ်ကြိမ်မှာတော့ ၁ ကီလိုမီတာ
အကွာထိ လွင့်ပျံသွားသည်။

ထိုအချိန်တွင် ယန်ယဲ့ နှင့် ချုန်းချီက

ထပ်မံပေါ်လာပြီး

တိုက်ခိုက်ရန်ပြင်လိုက်သည်။

သို့သော်လည်း အဘိုးကြီးယဲ့နင် နှင့်

အခြားအဘိုးအို နှစ်ဦးက သူတို့ရှေ့တွင်

ရုတ်တရက် ပေါ်လာပြီး

တညီတညွတ်တည်း

တိုက်ခိုက်လိုက်ကြသည်။

ယန်ယဲ့ နှင့် ချုန်းချီတို့က

ရှောင်ဖို့မကြိုးစားဘဲ ရှေ့ကိုသာ

ဆက်ပြေးလာသည်။

အုန်း....

တိုက်ခိုက်မှုများ ရင်ဆိုင်အတွေ့

မီတာထောင်ချီကျယ်သော

အာကာသပြင်ဟာ ချက်ချင်းကွဲအက်ကာ

ပြင်းထန်စွာ တုန်ခါသွားခဲ့သည်။

ဤအခိုက်အတန့်မှာ ယန်ယဲ့ နှင့်
ချုန်းချီဟာ မီတာ ၃၀၀ လောက်အကွာသို့
ပြန်လွင့်လာကြသည်။ အဘိုးကြီးယဲ့နင်
နှင့်အဖွဲ့ကတော့ ၁
ကီလိုမီတာကျော်အကွာထိပင်
လွင်ထွက်သွားခဲ့သည်။

သုံးယောက်စလုံးက အဆင့်မြင့်
မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူများ

ဖြစ်နေသည့်တိုင် ယန်ယဲ့နှင့် ချန်းချီ၏
ပူးပေါင်းအားကို မကျော်နိုင်ခဲ့ပေ။

အထူးသဖြင့်တော့ ချန်းချီ ပါ။
ချန်းချီ၏ ခွန်အားက အဆင့်မြင့်
မူလနတ်ဘုရားအဆင့် ၆
ကျင့်ကြံသူများနှင့် အဆင့်တူဖြစ်နေမှန်း
သိသာပါသည်။ ထိုသို့ဖြစ်ရာ ယန်ယဲ့၏
ခွန်အား နှင့် ထပ်မံပေါင်းစပ်လိုက်သော်
လုံး၀ကို ကြောက်စရာအတိပင်။

ဤအချိန်တွင် အဘိုးကြီးယဲ့နင် နှင့်
အမှောင်ခန်းမ၏ ကျင့်ကြံသူများအားလုံး
မျက်နှာပေါ်မှာ အလွန်လေးနက်သော
အမူအရာများ ရှိနေကြသည်။ ယန်ယဲ့ နှင့်
ထိုနယ်ခြားမိစ္ဆာသားရဲ၏
ပေါင်းစပ်ခွန်အားက
ထိုမျှကြောက်စရာကောင်းမယ်လို့
မမျှော်လင့်ထားခဲ့ကြပေ။

ဤအခိုက်အတန့်မှာပဲ

ယန်ယဲ့နှင့်ချုန်းချီကထပ်ပြီး

ပျောက်ကွယ်သွားကြသည်။

May Be:

၂၁၇၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၇၂ - မပြီးပြတ်သေးဘူး

ဤအခိုက်အတန့်တွင် သူတို့က
လွယ်ကူသော ပစ်မှတ်များကိုသာ
ရွေးချယ်ခဲ့ကြသည်။

ဤအရာက ယန်ယဲ့ လိုချင်သည့်
အခြေအနေပါ။

အဘိုးကြီးယဲ့နင် နှင့် အဘိုးကြီးစုယွမ် က
သာမန် မူလနတ်ဘုရားအဆင့် ၆
ကျင့်ကြံသူများ မဟုတ်ကြပေ။

သူသည် ချုန်းချီ၏ ခွန်အား နှင့်
ပေါင်းစပ်ထားသော်လည်း
ထိုလူအိုကြီးနှစ်ယောက်ကိုတော့
မသတ်နိုင်ခဲ့ပေ။ နောက်ဆုံးတွင် ယန်ယွဲ့
သည် သတ်ရလွယ်သော
ပစ်မှတ်များကိုသာ
ရွေးချယ်လိုက်တော့သည်။

အဘိုးကြီးယံ့နင် နှင့် အမှောင်ခန်းမ၏

ကျင့်ကြံသူများဟာ

ယန်ယွဲ့၏ရည်ရွယ်ချက်ကို

ရှင်းရှင်းလင်းလင်း

သဘောပေါက်ထားကြသည်။ သူတို့က

တုံ့ဆိုင်းမနေဘဲ

ယန်ယွဲ့ကိုတိုက်ခိုက်လိုက်သည်။

သို့သော်လည်း သွေးဧကရီ နှင့်

အမှောင်ကေရီ က သူတို့ရှေ့တွင်
ပေါ်လာပြီး တားဆီးထားလိုက်သည်။

သွေးကေရီက
လက်ကိုချက်ချင်းဝှေ့ယမ်းလိုက်ရာ
သွေးစွမ်းအင်လှိုင်းများဖြာထွက်လာသ
ည်။ ထို့နောက် အဘိုးကြီးစုယွမ်
နှင့်အဖွဲ့ဆီသို့ လွှမ်းခြုံသွားသည်။

သွေးကြေရီ နှင့် အမှောင်ကြေရီ
တို့ပူးပေါင်းပြီး အချိန်ဆွဲနေချိန်တွင်
အော်ဟာစ်သံများ အဆက်မပြတ်
ထွက်ပေါ်လာသည်။

အစုလိုက်အပြုံလိုက် အသတ်ခံရတာပါ။

အမှောင်ရိပ်ထဲမှ
အခြေအနေကြည့်နေသူတိုင်းပင်

မျက်နှာပေါ်တွင် အလွန်လေးနက်သော

အမူအရာများ ရှိနေခဲ့သည်။

အကြောင်းကတော့ အမှောင်ခန်းမ၏

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများဟာ ယန်ယဲ့ နှင့် ချုန်းချီ

ရှေ့မှာ ချက်ချင်းအသတ်ခံလိုက်ရလို့ပါ။

ဤအခိုက်အတန့်တွင်

မရေမတွက်နိုင်သောလူတိုင်း

နှလုံးသားထဲတွင် ကြောက်ရွံ့မှုကို

ခံစားလာကြသည်။

ယန်ယဲ့ သည် မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများအား

ဟင်းရွက်၊ကန်စွန်းလိုးဖြတ်နေသလိုမျိုး

သတ်ဖြတ်နေသည်မဟုတ်ပါလား။

ဤအတောအတွင်း

လူအတောများများက ယန်ယဲ့အား

ပစ်မှတ်ထားလိုသော အတွေးကို
စွန့်လွှတ်လိုက်ကြသည်။

အသက်ရှူ ၁၀ ရှိုက်စာလောက်အကြာတွင်
ယန်ယဲ့ သည်
ဆက်ပြီးမတိုက်ခိုက်တော့ဘဲ
ရပ်တန့်သွားသည်။

တစ်ချိန်တည်းတွင် ယန်လျန်ရှမ်း နှင့်
အခြားသူများပါ ရပ်သွားကြသည်။

ထို့နောက် အားလုံးက အဘိုးကြီးယဲ့နင်၊
အဘိုးကြီးစုယွမ်နှင့်
အခြားအဘိုးအိုနှစ်ဦးကို
ဝိုင်းထားကြသည်။

ဤအချိန်တွင် အဘိုးကြီးစုယွမ် နှင့်
အမှောင်ခန်းမ၏ကျင့်ကြံသူများဟာ
မျက်နှာပေါ်တွင် အလွန်ဆိုးရွားသော
အမူအရာများ ရှိနေကြသည်။

နတ်ဘုရားနယ်မြေမြို့တော်ကို
ရောက်လာသော အမှောင်ခန်းမ၏
ကျင့်ကြံသူအားလုံး
အကုန်အသတ်ခံလိုက်ရလေပြီ။

ဤအခိုက်အတန့်မှာ
အမှောင်ခန်းမအတွက်
ဆုံးရှုံးမှုတော်တော်ကြီးမားခဲ့သည်။
အကယ်၍ ဤအခြေအနေမှ

လွှတ်မြောက်ခဲ့ရင်တောင် သူတို့ ၄

ယောက်စလုံး ဒုက္ခဖြစ်ပေမည်။

ခဏာမျှနှုတ်ဆိတ်နေပြီးနောက်

အဘိုးကြီးစုယွမ် က

ယန်ယဲ့နှင့်နောက်ကွယ်ရှိအဖွဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး "ဒီအချိန်ကစလို့

ငါ့အမှောင်ခန်းမက မင်းတို့အားလုံး

မသေမချင်း ရပ်သွားမှာ မဟုတ်ဘူး"

"ငါတို့မသေမချင်း မရပ်ဘူးလား"ယန်ယဲ့

က တဟားဟားရယ်ပြီး

"အရမ်းကြောက်တယ်"

ထို့နောက် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီး

ဆက်ပြောခဲ့သည် "ငါ့ကိုပြဿနာမရှာရင်

ငါလည်းမရှာဘူး။ ဒါပေမဲ့ မင်း

ငါ့ကိုပြဿနာရှာရင် မင်းဟာ

လောကရဲ့အုပ်စိုးသူဖြစ်နေရင်တောင်

ငါသတ်ပစ်မယ်"

"ဟုတ်လား" ကောင်းကင်ယံမှ

အသံတစ်သံထွက်ပေါ်လာသည်

"ငါတို့အမှောင်ခန်းမရဲ့

လုပ်ကြံသတ်ဖြတ်သူတွေက

မင်းကိုပြဿနာရှာနေတာလား..."

အောင်း...

အောက်မြေပြင်မှ ဓားအူသံ

ရုတ်တရက်ထွက်ပေါ်လာသည်။

ထို့နောက် ဓားစွမ်းအင်တစ်စင်းက

ကောင်းကင်ထက်သို့ ပျံ့လွင့်သွားသည်။

သာမန်ဓားစွမ်းအင် မဟုတ်ဘဲ

မဟာပေါ်တယ်နည်းစနစ် နှင့်

ဒုတိယဓားချက် ကို ပေါင်းစပ်ထား၏။

၎င်းသည် ယန်ယဲ့၏

အပြင်းထန်ဆုံးတိုက်ခိုက်မှု ဖြစ်သလို

သူ့အကန့်အသတ်ပါ။

ဤနေရာရှိ လူတိုင်း

အံ့အားသင့်သွားကြသည်။

ခဏအကြာတွင် ကောင်းကင်ကို

မျှော်ကြည့်လိုက်ရာ ယန်ယဲ့က

မတ်တပ်ရပ်နေသေးကြောင်း

တွေ့လိုက်ရသည်။

သို့သော် သူတစ်ယောက်တည်း

မဟုတ်ချေ။ ယန်ယဲ့ ရှေ့တွင်

မီးခိုးရောင်ဝတ်စုံဝတ်

သက်လတ်ပိုင်းအမျိုးသားတစ်ဦး

ရှိနေသည်။ ဤအခိုက်တွင်

သူ၏ခန္ဓာကိုယ်သည်

တောင့်တင်းနေခဲ့သည်။

သူ၏မျက်လုံးများကတော့

ပြူးကျယ်သွားကာ မယုံနိုင်စရာများဖြင့်

ပြည့်နှက်နေသည်။ အကြောင်းမှာ
သူ၏မျက်ခုံးနှစ်ခုကြား၌
သစ်သားဓားတစ်ချောင်းရှိနေလို့ပါ။

ယန်ယဲ့ သည် သစ်သားဓားကို ရှေ့သို့
အနည်းငယ် ဖိလိုက်သည်။ ဓားအဖျားက
သက်လတ်ပိုင်းအမျိုးသား၏
နဖူးအလယ်ကို ထိုးဖောက်သွားကာ
သွေးများ စီးကျလာသည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က

ရုတ်တရက်မေးလိုက်သည်

"မင်းဘာပြောချင်သေးလဲ။

ဆက်ပြောကြည့်”

မီးခိုးရောင်ဝတ်စုံဝတ်အမျိုးသားက

ယန်ယဲ့ကို စိုက်ကြည့်နေသည်။

အခုအချိန်မှာ သူဘာပြောနိုင်ပါတော့မလဲ

ဘာမှမပြောနိုင်တော့ပေ။

သစ်သားဓားက သူ့နဖူးကို
ထိုးဖောက်သွားလို့ပါ။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က
ကောင်းကင်ကို မော့ကြည့်ရင်း
အေးစက်စက်ပြောလိုက်သည် "ငါနဲ့
အမျောင်ခန်းမ ကြားမှာ
ရန်ငြိုးရန်စမရှိသလို ရန်ငြိုးလည်း
မထားချင်ဘူး။ အခု ငါ မင်းကို

နောက်တစ်ကြိမ်ထပ်မေးမယ်။ ငါတို့

ကြားက ဖြစ်ပျက်သွားတာတွေကို

အတိတ်မှာပဲထားနိုင်ပါ့မလား"

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်

ကောင်းကင်ယံအထက်မှ အသံတစ်သံ

ထွက်ပေါ်လာသည် "ငါတို့မလုပ်နိုင်ဘူး"

ဆူး...

တစ်ချိန်တည်းမှာပဲ ယန်ယဲ့၏လက်က

အနည်းငယ်လှုပ်သွားသည်။

သစ်သားဓား က

သက်လတ်ပိုင်းအမျိုးသား၏

ခေါင်းကိုထက်ခြမ်းခွဲသွားလေတော့သည်

။

ယန်ယဲ့က သစ်သားဓား ကိုဆွဲထုတ်ပြီး

အပေါ်မော့ကြည့်လိုက်ကာ "ဒါဆို

တိုက်ခိုက်ကြရအောင်"

ထိုစကားပြောပြီးသည်နှင့်

သူ၏ညာလက်ကို မြှောက်ယမ်းလိုက်သည်။

သွေးကောရီ နှင့်

အခြားခန်းမသခင်များအားလုံး

အမှောင်ခန်းမ၏ ကျင့်ကြံသူများထံ

ခုန်ဝင်သွားကြသည်။

အဘိုးကြီးယဲ့နင် နှင့် အဘိုးကြီးစုယွမ်

တို့ရှိနေသည့်တိုင် အမှောင်ခန်းမ၏

ကျင့်ကြံသူအုပ်စုဟာ

တိုက်ခိုက်နိုင်စွမ်းမရှိကြတော့ပေ။

အမှန်တော့ အဘိုးကြီးစုယွမ် နှင့် ယဲ့နင်

တို့နှစ်ယောက်စလုံး ဖိနှိပ်ခံထားရသဖြင့်

ကျန်လူများအတွက်

ဘာမှလုပ်လို့မရတော့တာပါ။

အတိုချုပ်ပြောရလျှင်

အနည်းငယ်ကြာသည်အထိ

ဆက်တိုက်ခိုက်နေလျှင် အမှောင်ခန်းမ၏

ကျင့်ကြံသူများအားလုံး

အသတ်ခံရနိုင်၏။

ထိုအခိုက် ကောင်းကင်ပြင်အထက်မှ

ထူးဆန်းသောရေဝဲကြီးတစ်ခု

ရုတ်တရက်ပေါ်လာသည်။

ရေဝဲကြီးအလယ်မှ အားကောင်းသော

အရှိန်အဝါတစ်ခု ထွက်လာသည်။

ယန်ယွဲ့ သည်

ရေဝဲကြီးအလယ်တည့်တည့်သို့

စိုက်ကြည့်နေရင်း

သူ၏ညာဖက်လက်သီးကို ဖြည်းညှင်းစွာ

ဆုပ်ထားသည်။

ဧင်းမှ ထွက်ပေါ်လာသော

အငွေ့အသက်က လုံးဝကို

သန်မာနေလို့ပါ။

ကြောက်စရာကောင်းလှသည်။

လူလုံးထွက်မပြသေးသော်လည်း
အဆိုပါကျင့်ကြံသူဟာ သူ့အတွက်
အန္တရာယ်များကြောင်း ခံစားမိခဲ့သည်။

ထို့အပြင် ထွက်ပေါ်နေသော
အငွေ့အသက်ကို ကြည့်ပါက ထိုလူဟာ

ယင်ဂျင်းဒီ၏ ကိုယ်ပွားထက်

နိမ့်ကျသည်မဟုတ်ပေ။

ဤအတောအတွင်း သွေးကေရီ နှင့်

အမှောင်ကေရီ တို့နှစ်ယောက်လုံး

နောက်ပြန်ဆုတ်ကာ

ယန်ယဲ့နံဘေးကိုရောက်လာကြသည်။

ဤအခိုက်အတန့်တွင်

သူတို့နှစ်ယောက်လုံး၏မျက်နှာက

အတော်ကိုလေးနက်သောအမှုအရာများ

ရှိနေခဲ့သည်။

ကောင်းကင်ပြင်အထက်မှ

ထွက်ပေါ်နေသော အော်ရာက

တစ်စတစ်စ ပို၍ အားကောင်းလာသည်။

သို့သော်လည်း ရုတ်တရက်

ရပ်တန့်သွားပြီးနောက် ရေဝဲကြီးက

တဖြည်းဖြည်းပြန့်ကျဲလာသည်။

ဤမြင်ကွင်းကြောင့် လူတိုင်း
အံ့သြသွားခဲ့သည်။

ထိုခဏလေးမှာပဲ ကောင်းကင်ပြင်သည်
ပုံမှန်ပြန်ဖြစ်သွား၏။

သွေးကေရီ က မျက်မှောင်ကြုတ်ကာ
ပြောလိုက်သည် "ဘာဖြစ်နေတာလဲ"

ယန်ယဲ့ က ခေါင်းခါလိုက်သည်

"ငါလည်းမသိဘူး"

ထိုအချိန်တွင် ကောင်းကင်ပြင်မှ လက်

ချောင်းတစ်ချောင်း ပေါ်လာပြီး

တလက်လက်တောက်ပနေသောအလင်း

တန်းတစ်ခုထွက်လာသည်။

ထို့နောက်တွင်တော့ အပြင်းအထန်

တိုက်ခိုက်နေသော အဘိုးကြီးယဲ့နင် နှင့်

စုယွမ် တို့နှစ်ယောက်စလုံး နေရာမှာပင် ပျောက်သွားကြသည်။

လက်ချောင်း၏ ရည်ရွယ်ချက်က တိုက်ခိုက်ဖို့မဟုတ်ခဲ့ချေ။ ထိုအစား အမှောင်ခန်းမ၏ ကျင့်ကြံသူများကိုကယ်တင်ဖို့သာ။

ထိုအချိန်တွင် ကောင်းကင်ထက်မှ အသံတစ်သံ ထွက်ပေါ်လာသည် "ဒီကိစ္စ မပြီးပြတ်သေးဘူး"

ကောင်းကင်ပြင်သည် တဖြည်းဖြည်း ငြိမ်သက်သွား၏။

ယန်ယဲ့ က ယန်လျန်ရှမ်း ကို ကြည့်ပြီး "ဘာဖြစ်နေတာလဲ"

သွေးကေရှီ နှင့် အခြားခန်းမသခင်များ ကလည်း သူမကို စူးစိုက်စိုက်ကြည့်နေသည်။ ယန်လျန်ရှမ်း က သူတို့အားလုံးအနက် ညဏ်အပြေးဆုံး ဖြစ်နေလို့ပါ။

ယန်လျန်ရှမ်း က ကောင်းကင်ကို မော့ကြည့်လိုက်ရင်း ပြောခဲ့သည်“သူတို့လုပ်သွားတာ အတော်လေးကောင်းတယ်”

ယန်ယဲ့က "မင်းဘာကိုဆိုလိုတာလဲ"

ယန်လျန်ရှမ်း က “သူတို့က ငါတို့ရဲ့ အစွမ်းအစကို မသိလို့ သတ်ဖို့ လာခဲ့တာ။ အခုတော့ ငါတို့ဘယ်လောက် သန်မာတယ်ဆိုတာ သူတို့သိသွားပြီ။ ဒီလိုအခြေအနေမျိုးမှာ ငါတို့ကို ဆက်ပြီးတိုက်ခိုက်နေမယ်ဆိုရင်

နှစ်ဖက်စလုံးက ဆိုးရွားတဲ့
ဆုံးရှုံးမှုတွေနဲ့ပဲ ပြီးဆုံးသွားလိမ့်မယ်”

သူမက စကားကိုခဏရပ်ပြီး “အဲဒါကို
ငါတို့ မတတ်နိုင်သလို သူတို့လည်း
မလုပ်နိုင်ဘူး။ ဒီတော့
ယာယီနောက်ဆုတ်သွားတာပဲ။
အဲဒါကြောင့် သူတို့က
ညာကောင်းတယ်လို့ ပြောတာ။
ဘာလို့လဲဆိုတော့ သူတို့က ငါတို့နဲ့

ပြဿနာရှာတာ မဟုတ်ရင်တောင်

တခြားသူတွေ သိနေမှာ။ အဲဒီအချိန်မှာ

သူတို့က အကျိုးအမြတ်ကို

အသင့်ရိတ်သိမ်းရုံပဲ”

ထိုအချိန်တွင် မေ့လျော့ခြင်းဧကရီ က

ရုတ်တရက် မေးခဲ့သည် “ဘာလို့

တခြားသူတွေက ငါတို့နဲ့

ပြဿနာရှာနေတာလဲ”

အားလုံးက မေ့လျော့ခြင်းကောရီ ကို

စိုက်ကြည့်နေကြသည်။

မေ့လျော့ခြင်းကောရီ က လူတိုင်းကို ပြန်

ကြည့်ပြီး "ဘာလို့လဲ" ဟု မေးသည်။

ဝက်စီးသောအမျိုးသမီးငယ်က

သူမ၏ပုခုံးကို ပုတ်ပြီး ပြန်ဖြေသည်

"နင့်ရဲ့ ညဏ်ရည်ညဏ်သွေး အဆင့်ကို

လူကြားထဲမှာ ဖော်ထုတ်လိုက်လို့"

ထိုစကားကြောင့် မေ့လျော့ခြင်းဧကရီ က ဘာပြောရမှန်းမသိအောင် ဖြစ်သွားပါတော့သည်။

ယန်လျန်ရှမ်း က ယန်ယဲ့ ကို စိုက်ကြည့်ပြီး ပြောလိုက်သည် "နင့်လက်ထဲမှာ သစ်သားဓား ရှိနေသရွေ့တော့ နင့်ပြဿနာတွေက ဘယ်တော့မှ ပြီးဆုံးမှာမဟုတ်ဘူး"

မဆုံးတဲ့ပြဿနာတွေ ။

May Be:

၂၀၇၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၀၇၃ -

နတ်ဘုရားနယ်မြေမြို့တော်ဝန်

မဆုံးတဲ့ပြဿနာတွေလား ။

ယန်ယဲ့ သည် ခဏကြာသည်အထိ တိတ်ဆိတ်သွားခဲ့သည်။ ထို့နောက် ရုတ်တရက် ရယ်မောလိုက်သည် "ငါယန်ယဲ့က ဒုက္ခကို ဘယ်တုန်းကမှ မကြောက်ဖူးဘူး" တစ်ဆက်တည်း အခြားလူများကို လှည့်ကြည့်ပြီး “ဒါပေမဲ့ မင်းတို့အားလုံးကို ငါနဲ့အတူ ဆွဲချမိပြီ”

သွေးကေရီ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်

"ငါတို့လည်း နင့်ရဲ့အကူအညီလိုတယ်၊

ငါတို့ကြားထဲမှာ

ဒီလိုစကားတွေပြောနေစရာ မလိုဘူး"

ယန်ယွဲ့ သည် ငရဲခန်းမဧ၏ခန်းမသခင် ၁၀

ယောက်အား အသိအမှတ်ပြုခဲ့သည်။

ဤကာလတစ်လျှောက်လုံးတွင်

ဖြစ်ပျက်သမျှကို

အတူတူရင်ဆိုင်လာကြသည်မဟုတ်ပါ
လား။ အလားတူပင်၊
ငရဲခန်းမသခင်များ၏ စိတ်ထဲမှာလည်း
ယန်ယဲ့၏အဆင့်အတန်းက
မြင့်မားသည်ဟု ဆိုနိုင်ပါသည်။

ထိုစကားကိုကြားသောအခါ ယန်ယဲ့
သည် နှလုံးသားတစ်ခုလုံး
နွေးထွေးသွားသည်။ သူသည်

ရယ်မောပြီး ပြန်ပြောလိုက်သည်

“ကောင်းပြီ၊ အဲဒါကို မပြောပါရစေနဲ့”

ထို့နောက် ကောင်းကင်ကို

မော့ကြည့်လိုက်သည်။

ကောင်းကင်ပြင်အထက်၌ မှိန်ဖျော့ဖျော့

အလင်းလွှာတစ်ခုရှိနေကာ တစ်မြို့လုံးကို

လွှမ်းခြုံထားသည်။

ယန်ယွဲ့ က “ဒါကိုဖျက်ဆီးနိုင်ပါ့မလား” ဟုရုတ်တရက်မေးလိုက်သည်။

သွေးဧကရီ က ခေါင်းညိတ်လိုက်သည် “ဟုတ်တယ်၊ ဒါပေမဲ့ အင်အားမသုံးတာ အကောင်းဆုံးပဲ” ဟုထပ်ပြောခဲ့သည်။

ယန်ယွဲ့ သည် အတော်လေး အံ့သြသွားခဲ့သည်။ "ဘာလို့လဲ" သူက

သိချင်စိတ်ကိုမထိန်းနိုင်ဘဲမေးလိုက်သည်။

သွေးဧကရီ က ထပ်ရှင်းပြသည်
“အရမ်းသန်မာလွန်းတယ်။ ဒါဟာ အကာအကွယ်အစီအရင် ဆိုပေမယ်လို့ အင်အားသုံးချိုးဖျက်ရင်တော့ တိုက်ခိုက်ရေးအစီအရင်ပုံစံပြောင်းသွားလိမ့်မယ်။ အဲဒီအချိန်မှာ ငါတို့က အစီအရင်ကို ကြောက်စရာမလိုဘူး။

တစ်ခုပဲ၊ မြို့ထဲကလူတိုင်း

ငါတို့ကိုသတ်ချင်နေတယ်ဆိုတာ မမေ့နဲ့။

ဒါ့ပြင် ငါတို့က အင်အားသုံးပြီး

ကျော်ဖြတ်မယ်ဆိုရင်တောင် ငါတို့ရဲ့

ခွန်အားတွေ ကုန်သွားမှာပဲ။ ဒီတော့

အခြေအနေက ငါတို့အတွက်

ပိုဆိုးသွားလိမ့်မယ်”

ယန်ယဲ့က ခဏမျှ ငြိမ်သက်သွားပြီး

"အစီအရင် ကို

ဘယ်သူကစပြီးအသက်သွင်းတာလဲ" ဟု
မေးလိုက်သည်။

သွေးဧကရီ က
“နတ်ဘုရားနယ်မြေမြို့တော်ရဲ့
မြို့သခင်အိမ်တော်”

ယန်ယွဲ့ က ခေါင်းညိတ်ပြပြီး
ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး
"ဒုတိယအစ်မ၊ တတိယအစ်မ၊ ငါ

တစ်ခုခုပြင်ဆင်နေချိန်မှာ ငါ့ကို ကာကွယ်ပေးပါ။ သိပ်ကြာမှာမဟုတ်ဘူး”

သွေးဧကရီ က ယန်ယဲ့ကို မော့ကြည့်ပြီး ခေါင်းညိတ်ပြသည် “ကောင်းပြီ”

ထို့နောက်တွင် အားလုံးက ယန်ယဲ့ကို ဝိုင်းထားကြသည်။ တစ်ချိန်တည်းမှာပင် ကန့်သတ်ခြင်းမိန်းမပျို က လက်ကိုဝှေ့ယမ်းကာ

ယန်ယဲ့၏ပတ်ပတ်လည်၌

အတားအဆီးတစ်ခု ဖန်တီးလိုက်သည်။

ထိုခဏလေးမှာပဲ ယန်ယဲ့ လုပ်သမျှကို

အပြင်လူများ မမြင်နိုင်တော့ပေ။

ဤမြင်ကွင်းကြောင့် အခြေအနေကို

စောင့်ကြည့်နေသော လူတိုင်းဟာ

ထိတ်လန့်သွားကြသည်။

လက်ရှိသူတို့ ပိုင်ဆိုင်သော ခွန်အားက

လောကသုံးပါး ကို

တက်ဖို့မလုံလောက်ပါ။

သစ်သားဓားကို ရမှသာ

အခွင့်အရေးရှိနိုင်ပေသည်။ ထို့ကြောင့်

မည်သူမျှ အလျှော့မပေးလိုကြပေ။

အထူးသဖြင့် သက်တမ်းကုန်ဆုံးခါနီး

မျိုးဆက်ဟောင်းကျင့်ကြံသူများပါ။

သစ်သားဓား က သူတို့အတွက် နောက်ဆုံးအခွင့်အရေးပါ။

ဤအခိုက်အတန့်တွင် လူတိုင်းက ယန်ယဲ့ ထွက်ပြေးသွားမည်ကို စိုးရိမ်နေခဲ့သည်။ သို့သော်လည်း မည်သူမျှ တိုက်ခိုက်ဝံ့ခြင်းမရှိပေ။ လူတိုင်းက အရူးများမဟုတ်ချေ။ ငရဲခန်းမ၏ခန်းမသခင်များ မည်မျှသန်မာကြောင်း

လက်တွေ့မြင်ထားကြသည်မဟုတ်ပါ

လား။ ထို့အပြင် အမှောင်ခန်းမ၏

လုပ်ကြံသတ်ဖြတ်သူများပင်

အသတ်ခံရလေရာ သူတို့က

မည်သို့တိုက်ခိုက်နိုင်သနည်း။

မည်သူမျှ မတိုက်ခိုက်ရဲကြပေ။

သွေးကောရီ နှင့် အခြားခန်းမသခင်များ
က ပတ်ဝန်းကျင်ရှိ အကြည့်များကို
ဂရုမစိုက်ဘဲ အားပြန်ဖြည့်ကြသည်။

မူလစေတီထဲတွင်... ။

ယန်ယွဲ့ သည် အထဲကိုဝင်လာသည်နှင့်
ရှေးဟောင်း စပါးအုံးဝိညာဉ် ထံသို့
ချက်ချင်းသွားခဲ့သည်။

ဤအခိုက်အတန့်တွင်

ရှေးဟောင်းစပါးအုံးဝိညာဉ် က

သေလုမျောပါးဖြစ်နေပါပြီ။

နှင်းပွင့်လေးက ယန်ယဲ့ကို မြင်သောအခါ

ပခုံးပေါ်သို့ ချက်ချင်းခုန်တက်လေသည်။

ထို့နောက် သူမ၏

လက်သေးသေးလေးကိုမြှောက်ကာ

ရှေးဟောင်းစပါးအုံးဝိညာဉ်ကို

ညွှန်ပြလိုက်သည်။

ယန်ယဲ့က နှင်းပွင့်၏ ခေါင်းလေးကို

ညင်သာစွာ ပွတ်သပ်ပြီး

ရှေးဟောင်းစပါးအုံးဝိညာဉ် ဆီသို့

လျှောက်သွားကာ "ငါ့နောက် လိုက်မလား

ဒါမှမဟုတ် အသေခံမှာလား"

ရှေးဟောင်းစပါးအုံးဝိညာဉ်က

ခွန်အားသုံးတိုက်ခိုက်တတ်လို့ပါ။

အကယ်၍သာ သူ့နောက်ကိုလိုက်ရန်

သဘောတူလျှင် သူ၏ခွန်အားက

သချောပေါက်မြင့်တက်လာပေမည်။

ထိုအချိန်တွင် သူသည်

ရုပ်ခန္ဓာခွန်အားသက်သက်ဖြင့်

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများအား

သတ်ပစ်နိုင်ပေလိမ့်မည်။

ထို့အပြင် ဓားသုံးလိုက်သည်နှင့်

သူ၏တိုက်ခိုက်မှုဟာ သိသိသာသာ

အားကောင်းလာပေမည်။

လက်ရှိ သူ့အခြေအနေကို

ကောင်းကောင်းသိထား၏။ သူသည်

ခွန်အားတိုးတက်ပါက

ဘာမဆိုလုပ်ရပါလိမ့်မည်။

ရှေးဟောင်းစပါးအုံးဝိညာဉ်က ယန်ယဲ့ကို
စိုက်ကြည့်ရုံသာ။
လက်ခံလိုပုံမရသေးပေ။

ယန်ယဲ့ သည် ချက်ချင်း
မျက်မှောင်ကြုတ်လိုက်သည်။

ထိုအချိန်တွင် ချုန်းချီက
ရှေးဟောင်းစပါးအုံး ရှေ့ကို
ရုတ်တရက်ပေါ်လာသည်။ ထို့နောက်

စိတ်ချင်းဆက်သွယ်ကာစကားပြောလိုက်ကြသည်။

ခဏအကြာတွင် ရှေးဟောင်းစပါးအုံး က ယန်ယဲ့ကို မော့ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည် ။

ယန်ယဲ့ က ချူန်းချီ ကို စိုက်ကြည့်ပြီး ပြောလိုက်သည် "၃ နှစ်ပဲ။ ငါ့နောက်ကို ၃ နှစ်လိုက်ပါ"

ချုန်းချီက ရှေးဟောင်းစပါးအုံးကို
စိုက်ကြည့်ပြီးနောက်
ယန်ယဲ့ဖက်ပြန်လှည့်ကာခေါင်းညိတ်ပြ
သည်။

ထိုအချိန်တွင် ရှေးဟောင်းစပါးအုံး က
နေရာမှာပင် ပျောက်သွားလေသည်။
ထိုခဏလေးမှာပဲ မြွေသေးသေးလေးက
ယန်ယဲ့၏ညာဖက်လက်မောင်းပေါ်၌

ရစ်ခွေနေခဲ့သည်။ ၎င်းက
ရှေးဟောင်းစပါးအုံးဝိညာဉ် ပါ။

ထိုအချိန်တွင် ချုန်းချီက ရုတ်တရက်
ပြောခဲ့သည် "ကလေး၊ အဲဒီသတ္တဝါက
လောကသုံးပါး မှာ သာမန်မဟုတ်ဘူး။
တကယ်လို့ သူ့ရဲ့ပင်မခန္ဓာကိုယ်နဲ့သာ
ဒီကိုရောက်လာရင်
ငါ့မူလခန္ဓာကိုယ်တောင်
ရုပ်ခန္ဓာချင်းယှဉ်လို့မရဘူး"

ယန်ယဲ့က အံ့ဩသွားသည်

“ဒီလောက်တောင် သန်မာနေတာလား”

ချုန်းချီ က ခေါင်းညိတ်ပြသည်

“အရမ်းကိုသန်မာတယ်။ ရီမို ဆိုတဲ့လူက

သူ့ခွန်အားကို လုံးလုံးမခံနိုင်တော့

အပြည့်မသုံးရဲတာ။

ဒါပေမဲ့ မင်းဆိုရင်တော့၊ မင်းက

လုပ်နိုင်တယ်။ တကယ်တော့

မင်းလက်မောင်းက

သာမန်လက်မဟုတ်ဘူး။ ဒါတောင်မှ

ဖြစ်နိုင်ရင် သူ့ရဲ့ ခွန်အား ၇၀

ရာခိုင်နှုန်းလောက်ပဲသုံးပါ”

ယန်ယဲ့ က ထပ်မံ အံ့သြသွားပြီး

"ဘာလို့လဲ"ဟုထပ်မေးပါသည်။

ချုန်းချီ က  “မင်း သူ့ရဲ့ ခွန်အားကို

အပြည့်သုံးရင် မင်းရဲ့ ခန္ဓာကိုယ်ကနေ

သူခွာသွားတာနဲ့ အားကုန်သွားလိမ့်မယ်။
အဲဒီအချိန်မှာ မင်းကို ဘယ်သူမဆို
သတ်နိုင်လိမ့်မယ်”

ချုန်းချီ က ခဏရပ်ပြီးမှ ဆက်ပြောသည်
“ဒါနဲ့ မင်းလက်နှစ်ဖက်လုံးက
မင်းပိုင်တာမဟုတ်ဘူးဆိုတာ
သဘောပေါက်ရမယ်။ ဒါကြောင့်
မင်းခန္ဓာကိုယ်ရဲ့ ခံနိုင်ရည်ထက်
ကျော်ပြီးသုံးလို့မရဘူး။

သုံးလိုက်ရင်တော့

တန်ကြေးတစ်ခုပြန်ပေးရမှာပဲ"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

“ငါနားလည်ပါတယ်”

ထို့နောက် ပြန်ထွက်သွားရန်ပြင်လိုက်၏။

သို့သော်လည်း နှင်းပွင့်က

သူ့လက်မောင်းကို ဆုပ်ကိုင်ကာ

သနားစဖွယ်အကြည့်ဖြင့်
စိုက်ကြည့်နေလေသည်။

ယန်ယဲ့ က သူမ၏ခေါင်းလေးကို
ညင်သာစွာ ပွတ်သပ်ရင်း ပြောလိုက်သည်
“မင်း အခု အပြင်ထွက်ပြီး
ကစားလို့မရဘူး။ အပြင်မှာ
အရမ်းအန္တရာယ်များတယ်။
အန္တရာယ်မရှိတဲ့အခါကျ အပြင်ကို
ခေါ်သွားပေးမယ် ”

နှင်းပွင့်က သိပ်ပြီးအလိုမကျသော်လည်း ခေါင်းညိတ်ပြလေသည်။

ယန်ယဲ့က နှင်းပွင့်၏ နဖူးလေးကို ညင်သာစွာနမ်းလိုက်ပါသည်။ ထို့နောက် သူမလေးကို ချော့မော့ကာ ချုန်းချီ နှင့်အတူ အပြင်ကမ္ဘာသို့ ပြန်ထွက်သွားခဲ့သည်။

မူလစေတီ အပြင်ဖက်၌ ။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး ချုန်းချီ၏ နောက်ကျောပေါ်သို့ ခုန်တက်လိုက်သည်။ ထို့နောက် သူ့ညာလက်ကို ဝှေ့ယမ်းကာ “လာ၊ မြို့သခင်အိမ်တော်ကို သွားရအောင်”

ထို့နောက်တွင်တော့ သူတို့အဖွဲ့ဟာ
မြို့သခင်အိမ်တော် ရှိရာသို့
ဦးတည်လိုက်ကြသည်။

သို့သော် ပျံသန်းသွားခြင်းမဟုတ်ပေ။

သူတို့အဖွဲ့ နောက်ကွယ်မှ
မရေမတွက်နိုင်သော လူအုပ်ကြီး
လိုက်ပါလာသည်။

ယန်ယဲ့ သည် လူအုပ်ကို
လစ်လျူရှုထားခဲ့သည်။ သူ့အား
မတိုက်ခိုက်သေးသရွေ့တော့
ပြဿနာရှာမည်မဟုတ်ပေ။

အချိန်တော်တော်ကြာပြီးနောက်တွင်
ယန်ယဲ့၏အဖွဲ့ဟာ မြို့သခင်အိမ်တော်
အနီးအနားသို့ ရောက်လာကြသည်။

ယန်ယဲ့ သည် ချုန်းချီကို ခဏရပ်ခိုင်းကာ မြို့သခင်အိမ်တော်ဆီသို့ မျှော်ကြည့်ရင်း "နတ်ဘုရားနယ်မြေမြို့တော်ရဲ့ မြို့သခင်၊ ငါတို့တွေ မြို့ထဲက ထွက်သွားရအောင်"

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် "ဓားကို ချန်ထားခဲ့လိုက်ပါ၊ မဟုတ်ရင် အင်းသေသွားနိုင်တယ်" ဟူသော အသံတစ်သံ ထွက်ပေါ်လာသည်။

ထိုခဏလေးမှာပဲ ပတ်ဝန်းကျင်ရှိ

လေထုသည်

ချက်ချင်းတင်းမာလာတော့သည်။

May Be:

၂၁၇၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၇၄ - လက်နက်ချလို့ရမလား

ဓားကို ချန်ထားခဲ့ပါ ဒါမှမဟုတ်

သေနိုင်တယ်။

ထိုစကားကြားသောအခါ သွေးကေရီနှင့်

အခြားလူတိုင်းလည်း

မျက်နှာပျက်သွားကြသည်။

မြို့သခင်အိမ်တော်မှ

အကြောင်းပြန်သောစကားအရဆိုလျှင်

အခြေအနေကို

ငြိမ်းချမ်းစွာဖြေရှင်းလို့မရနိုင်တော့ပေ။

ယန်ယဲ့ သည် မြို့သခင်အိမ်တော် ဆီသို့

အကြာကြီး စိုက်ကြည့်ပြီးနောက်

ရုတ်တရက် ပြောခဲ့သည် “ငါ ဘာမှ

ဒုက္ခမပေးချင်ဘူး”

"ဒါဆို ဓားကို ချန်ထားခဲ့လိုက်"

ယန်ယဲ့၏ပါးစပ်ထောင့်မှ အေးစက်သော အပြုံးတစ်ခု ပေါ်လာသည်။ ထို့နောက် မထူးခြားသလိုသာ ပြန်ပြောလိုက်၏

"ဒုက္ခမလိုချင်ပါဘူး၊ ဒါပေမဲ့ အဲ့ဒါကို ငါမကြောက်ပါဘူး။ ငါဒီမှာရှိတယ်၊ ဓားလည်းရှိတယ်။မင်းမှာအရည်အချင်း ရှိရင် လာယူပါ”

မြို့သခင်အိမ်တော် သည် ခဏမျှ

တိတ်ဆိတ်သွားသည်။

ခဏအကြာတွင်တော့

အိမ်တော်ဝင်းတံခါးက

ဖြည်းညှင်းစွာပွင့်လာသည်။

ထို့နောက်တွင် အဝါရောင်ဝတ်ရုံဝတ်

အမျိုးသားတစ်ဦး ထွက်လာသည်။

သက်လတ်ပိုင်းအမျိုးသား က ယန်ယဲ့ နှင့် မီတာ ၃၀၀ အကွာတွင် ရပ်လိုက်သည်။ သူသည် ယန်ယဲ့ နှင့်အဖွဲ့ကို ခဏမျှစိုက်ကြည့်နေသည်။ ထို့နောက် သူ့အကြည့်များက ယန်ယဲ့၏လက်ထဲမှ သစ်သားဓား ပေါ်သို့ ကျဆင်းသွားသည်။ ခဏကြာအောင် စိုက်ကြည့်နေပြီးနောက် ယန်ယဲ့ကို မော့ကြည့်ကာ "မင်း ညာဏ်ကောင်းရင်

လက်လျှော့လိုက်မှာသေချာပါတယ်။

မင်းပိုင်ဆိုင်တဲ့ သဘာဝစွမ်းရည်တွေနဲ့၊

အနာဂတ်မှာ လောကသုံးပါး ကို

တက်နိုင်ပြီ။ ချိတ်ပိတ်စည်းကို

ချိုးဖျက်ဖို့တောင် မလိုလောက်ဘူး"

ယန်ယဲ့ က တဟားဟား ရယ်မောရင်း

ပြန်ပြောပါသည် "မင်းပြောတာ

မှန်ပါတယ်။ ဒါပေမဲ့

အသက်ရှင်ဖို့အတွက်နဲ့တော့

ငါတကယ်ကို မစွန့်လွှတ်နိုင်ဘူး။ ဒါ့ပြင်

ဒီသစ်သားဓား က ငါ့အပိုင်ဆိုတော့

ဘာလို့ တခြားသူကို ပေးရမှာလဲ"

သက်လတ်ပိုင်းအမျိုးသား က

ယန်ယဲ့အား

အချိန်အကြာကြီး စိုက်ကြည့်နေသည်။

ထို့နောက် ခေါင်းညိတ်ပြပြီး

ဆက်ပြောပါသည် "ဟုတ်ပါတယ်၊

မင်းလိုလူတစ်ယောက်အတွက်
ဒေါသစိတ်ဆိုတာက ပုံမှန်ပါပဲ။
ဒီလိုဆိုမှတော့ တခြားဘာမှပြောစရာ
မလိုတော့ဘူးထင်တယ်”

တစ်ချိန်တည်းမှာပဲ သူ့ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး “လူတိုင်း၊ ငါ့
နန်းကုန်းကလန် က သူတို့ကိုသတ်ဖို့
မလုံလောက်ဘူး။ ဒါပေမဲ့ မြို့ထဲမှာရှိတဲ့
လူတိုင်း ပေါင်းထားရင်တော့

ပြဿနာမရှိတော့ပါဘူး။ ဒီတော့

မင်းတို့ဟာ သစ်သားဓားကို

လိုချင်နေတယ်ဆိုရင် ကျေးဇူးပြုလို့

ရှေ့ထွက်လာပေးပါ။ တကယ်လို့ မင်းတို့

ငြင်းရင်တော့ ငါ့နန်းကုန်းကလန် က

အစီအရင်ကိုပိတ်လိုက်မယ်။

ဘာလို့လဲဆိုတော့ ငါ သူတို့ကို

မတားနိုင်ဘူး"

အစီအရင်ကို ပြန်ပိတ်မယ် ။

အမှောင်ရိပ်ထဲမှာ ပုန်းအောင်းနေသော
ကျင့်ကြံသူအများအပြားဟာ
ငြိမ်သက်မနေနိုင်တော့ပေ။

ယန်ယဲ့၏အဖွဲ့ကို မြို့ကနေ
ထွက်သွားခွင့်ပြုပါက နောင်တွင်
ဘယ်လိုက်ရှာလို့ရှာရမှန်း မသိနိုင်ပါ။

မြို့သခင်၏ စကားကြောင့်
အတော်များများက စိုးရိမ်လာကြသည်။

သို့သော် မည်သူမျှ ရှေ့ကို
တိုးမလာကြသေး။

လူတိုင်းဟူ ဆုလာဘ်များ သိမ်းမယူခင်
တိုက်ပွဲအခြေအနေကို
စောင့်ကြည့်လိုကြသည်။

ထိုအတောအတွင်း

သက်လတ်ပိုင်းအမျိုးသားက

ရုတ်တရက်ရှေ့တိုးလာကာ

ပြောလိုက်သည် “ကောင်းပြီ။ ဘယ်သူမှ

ရှေ့ထွက်မလာတော့ ငါ့နန်းကုန်းကလန်

က မြို့စောင့်မဟာအစီအရင်ကို

ပြန်ပိတ်ခိုင်းလိုက်တော့မယ်”

ဤအခိုက်အတန့်မှာပဲ အဘိုးကြီးတစ်

ယောက် ပေါ်လာသည်။ အဘိုးကြီးက

သက်လတ်ပိုင်းအမျိုးသား ကို ကြည့်ပြီးပြောလိုက်သည် “မြို့သခင်နန်းကုန်း၊ မင်း အဲဒါကို ပိတ်ထားလို့မရဘူး။ မင်းလုပ်ရင် ယန်ယွဲ့ ကိုပြန်ရှာရတာခက်လိမ့်မယ်"

သက်လတ်ပိုင်းအမျိုးသား က အဘိုးကြီးကို စိုက်ကြည့်လိုက်ပြီး ပြန်ပြောလိုက်သည် “အိုး၊ ဒါက အကြီးအကဲလုဂူ လား။ ဘာလဲ၊

ပုန်းအောင်းနေတဲ့ တခြားသူတွေကို ကိုယ်စားပြုနေတာလား"

“ဒီလိုပါပဲ” အဘိုးကြီးလုဂူ က ဆက်ပြောခဲ့သည် “မြို့သခင်နန်းကုန်း၊ ငါတို့က ပူးပေါင်းလို့ရတယ်။ ဒါပေမဲ့ ယန်ယွဲ့ကို သတ်ပြီးရင် သစ်သားဓားကို ဘယ်သူရနိုင်မလဲဆိုတာ ငါသိချင်တယ်။ ငါတစ်ယောက်တည်းသိချင်

တဲ့ကိစ္စမဟုတ်ဘူး၊ တခြားသူတွေတောင်

မှ သိချင်နေတဲ့အရာမဟုတ်လား"

သက်လတ်ပိုင်းအမျိုးသား နန်းကုန်းထျန်

က ပြုံးပြီး "ငါ အဲဒါကို သဘာဝကျကျ

တွေးဖူးတယ်။

ဓားတစ်ချောင်းပဲရှိပေမယ့် ဒီမှာ

အများကြီးပဲ။ ဒါကြောင့် တချို့က

တိုက်ပွဲမှာ အသက်စွန့်ပြီးရင် ဘာမှ

အကျိုးမခံစားရဘူး"

သူက ခဏရပ်ပြီး ဆက်ပြောလိုက်သည်

“အဲဒါကို ကျော်လွှားဖို့ ငါ့မှာ

နည်းလမ်းရှိတယ်။ ဒါဆို ယန်ယွဲ့ကို

သတ်ပြီးတာနဲ့ ဘယ်သူက

ဓားပိုင်ရှင်ဖြစ်မလဲဆိုတာ

ငါတို့ပြိုင်ကြမလား။ အသန်မာထုံးသူက

အနိုင်ရမယ်၊ သစ်သားဓားကို

ယူလိုက်ပေါ့။ မင်းတို့တွေ

သစ်သားဓားကိုမယူရင်လည်းကောင်းမှာ

ပါ။ ဒါဟာ မင်းတို့အတွက်
တမင်နှစ်နာအောင်မလုပ်ပါဘူး။
ငါ့နန်းကုန်းကလန် က မင်းတို့ကို နှစ် ၁၀၀
သက်တမ်းတိုးနိုင်မယ့်
ဘဝဝိညာဉ်သစ်သီးတစ်လုံးစီလက်ဆော
င်ပေးချင်တယ်”

ဘဝဝိညာဉ်သစ်သီး ။

နန်းကုန်းထျန်၏ စကားကို

ကြားလိုက်သည်နှင့် အဘိုးကြီးလုဂူ၏

အမူအရာက အလွန်လေးနက်လာသည်။

မူလနတ်ဘုရားအဆင့် ၆ ကို

တက်လှမ်းပြီးနောက်တွင်

သာမန်နည်းစနစ်များက ၎င်းတို့အတွက်

ဆွဲဆောင်မှုမရှိတော့ပါ။

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများအတွက် ဂရုအစိုက်ဆုံးမှာ

သက်တမ်းပင်။ တစ်နဘ်းအညးဖြင့် သူတို့၏ဘဝသက်တမ်းအား တိုးမြှင့်နိုင်သော ရတနာများကိုသာ စိတ်ဝင်စားကြသည်။

နောက်ထပ် ဘဝသက်တမ်း နှစ် ၁၀၀ သည် တစ်ခါတစ်ရံတွင် လူတစ်ဦး၏ကံကြမ္မာကို ပြောင်းလဲနိုင်သည်။

အဘိုးကြီးလုဂူ က အနည်းငယ်
ခေါင်းညိတ်လိုက်သည် "နန်းကုန်းကလန်
က တကယ်ကိုကြွယ်ဝတာပဲ။ ဒါဟာ
ငါတို့အတွက် အဆင်ပြေမယ်ထင်တယ်"

ထိုစကားပြောပြီးသည်နှင့်
သူ့နောက်ကွယ်ရှိ အာကာသပြင်က
တုန်လှုပ်သွားပြီး ကျင့်ကြံသူ အယောက်
၄၀ ကျော် ပေါ်လာခဲ့သည်။

အားလုံးက မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူများပါ။

နန်းကုန်းထျန်က လူအုပ်ကို တစ်ချက် ကြည့်ပြီး သူ့ညာလက်ကို ဝှေ့ယမ်းလိုက်တယ်။ သူ့နောက်ကွယ်မှ ငွေရောင် ချပ်ဝတ်တန်ဆာဝတ်ထားတဲ့ လူ ၁၀ ယောက် ချက်ချင်း ပေါ်လာသည်။

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ

(၅၂) ယောက် ။

ပြောစရာမလိုအောင်

အလွန်ကြောက်စရာကောင်းလှသော

အစုအဖွဲ့ပါ။ သို့သော်

ကောင်းကင်တိုင်တောင်တန်း သည်

အလယ်စကြာဝဠာ၏

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူများ

စုစည်းရာဖြစ်သဖြင့် ပုံမှန်သာ။ ထို့အပြင်

အလယ်စကြာဝဠာ သည်

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ

သောင်းနှင့်ချီမရှိလျှင်ပင် ထောင်ချီရှိဖို့က

သေချာသလောက်ပါ။

ဤအခိုက်အတန့်တွင်

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ

အယောက် ၅၀ ကျော်က ယန်ယွဲ့နှင့်

အဖွဲ့ကို စိုက်ကြည့်နေသည်။

ဤအချိန်တွင် နန်းကုန်းထျန် က ရုတ်တရက် ပြောခဲ့သည် "ဓားကို ချန်ထားပြီး ထွက်သွားနိုင်တယ်။ အဆင်ပြေလား"

သွေးဧကရီ နှင့် အခြားသူများက ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။

ယန်ယဲ့ သည် စကားမပြောသေးဘဲ

သူ့လက်ထဲက သစ်သားဓားကို

ငုံ့ကြည့်လိုက်သည်။ သစ်သားဓားကို

လက်လွှဲပေးလိုက်ပါက

အသာအယာထွက်သွားနိုင်၏။  မည်သူမျှ

သူနှင့် ပြဿနာရှာတော့မည်မဟုတ်ပေ။

သို့သော်လည်း သူသည် သစ်သားဓား ကို

ချန်ထားနိုင်ပါ့မလား။

မဖြစ်နိုင်ပါ။

အကြောင်းမှာ သစ်သားဓားကို
လက်လွှဲပေးလိုက်သည်နှင့် သူ့ကိုယ်သူ
အရှုံးပေးလိုက်သလိုပင်။ ထို့အပြင်
၎င်းသည် သူ၏ဓားတာအို
ဆန့်ကျင်ရာကျပေသည်။

သူ၏ဓားတာအိုက
လက်အောက်ခံတာထက် အသေခံသည့်
ဓားတစ်လက်ပါ။

အသက်ရှင်ဖို့အတွက်နှင့် စားကို
စွန့်လွှတ်လိုက်တာမျိုး မဖြစ်သင့်ပေ။

မည်သို့ပင်ဖြစ်စေ သူသည် သစ်သားစား
ကို လက်လွှဲမပေးနိုင်ပါ။

ယန်ယဲ့ သည် ခဏမျှတိတ်ဆိတ်နေပြီးမှ
နန်းကုန်းထျန် ကို မော့ကြည့်လိုက်ကာ
"ဒါက ဒီမှာပါ။ တတ်နိုင်ရင် လာယူ”

သူ့စကားသံကို ကြားလိုက်သောအခါတွင်
လေထုသည် ချက်ချင်း
တင်းမာလာသည်။

သွေးကေရီ နှင့် အခြားလူများ ကတော့
ပုံမှန်အတိုင်းသာ ရှိနေကြသည်။
သိပ်ပြီးအံ့သြမနေပါ။ သူတို့က
ယန်ယွဲ့အကြောင်းကို

ကောင်းကောင်းသိထားသည်မဟုတ်ပါ

လား။

အခြားတစ်ဖက်တွင်တော့ နန်းကုန်းထျန်

နှင့် မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူအုပ်စုဟာ

မျက်နှာပျက်သွားကြသည်။

အမှန်တော့ သူတို့လည်း ယန်ယဲ့ နှင့်

သေသည်အထိ မတိုက်ခိုက်လိုခဲ့ပေ။

သူတို့ဖက်မှာ အရေအတွက်

အသာစီးရနေသော်လည်း

အခြားတစ်ဖက်က

သာမန်လူများမဟုတ်ကြချေ။

သေသည်အထိ

တိုက်ခိုက်ကြမည်ဆိုလျှင်

နှစ်ဖက်စလုံးဟာ ဆုံးရှုံးမှုကြီးကြီးမားမား

ရင်ဆိုင်ရပေမည်။

ထို့ကြောင့် ယန်ယွဲ့ သည် သစ်သားဓားကို လွှဲပေးမည်ဟုသာ မျှော်လင့်ထားခဲ့ကြသည်။ သို့သော်လည်း အခြေအနေက ယန်ယွဲ့ဟာ ဆက်ပြီး ငြင်းဆန်နေဖို့ မထင်ထားကြပေ။

နန်းကုန်းထျန် က ယန်ယွဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ရင်း ခေါင်းညိတ်ပြသည် "ဒါဆို ဘယ်သူသေမလဲ တိုက်ခိုက်ကြတာပေါ့"

စကားပြောပြီးသည်နှင့် သူ့ညာလက်ကို
ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ
ကောင်းကင်ယံအထက်ရှိ အလင်းလွှာက
တုန်ခါသွားပြီး အလင်းတန်းများ
ဆင်းသက်လာပါတော့သည်။
အလင်းတန်းများ အခြားမဟုတ်ဘဲ
ယန်ယဲ့ နှင့်အဖွဲ့ဆီသို့ကျဆင်းလာတာပါ။

ယန်ယဲ့၏ မျက်လုံးထဲမှ

ရက်စက်သောအလင်းတန်းတစ်ခု

ဖျတ်ခနဲလက်သွားပြီး တိုက်ခိုက်ရန်

ပြင်လိုက်သည်။သို့သော်လည်း

သွေးကြေရီ က ရုတ်တရက် သူ့လက်ကို

ဆုပ်ကိုင်လိုက်ပြီး ခေါင်းယမ်းပြသည်။

ထို့နောက် အမျောင်ကြေရီ

စိုက်ကြည့်လိုက်သည်။

အမှောင်ကေရီ က ခေါင်းညိတ်ပြပြီး
လေထဲသို့ လွင့်မျောသွားသည်။

ယန်ယဲ့ က အနည်းငယ်စိုးရိမ်နေသံဖြင့်
မေးလိုက်၏ "သူမ အဆင်ပြေမှာလား"

သွေးကေရီ က အမှောင်ကေရီ ကို
စိုက်ကြည့်နေသည်။ ထို့နောက်
ရုတ်တရက် ပြန်ဖြေသည် "သူ
မျက်လုံးဖွင့်လိုက်တဲ့အခါ ငါတို့ရဲ့

အကြီးဆုံးအစ်မတောင်မှ သူ့ကို

ရှောင်ရမှာ"

ယန်ယဲ့ သည်

အတော်လေးအံ့အားသင့်သွားကာ

အချိန်တော်တော်ကြာထိ

စကားပြန်မပြောနိုင်ပေ။

ဤအချိန်တွင် အမှောင်ဧကရီ က

လေထဲမှာပင် ရပ်ကာ အပေါ်ကို

မော့ကြည့်လိုက်သည်။ ထို့နောက် သူမ၏ မျက်လုံးအား ဖုံးထားသော အဝတ်စကို ဖယ်လိုက်သည်။

ထို့နောက်တွင် သူမ၏ မျက်လုံးနှစ်လုံးမှ ရွှေရောင်အလင်းတန်းနှစ်ခု ထွက်ပေါ်လာသည်။ ထိုခဏလေးမှာပဲ ကောင်းကင်ပြင်တစ်ခုလုံး သည် ရွှေရောင်အလင်းတန်းနှစ်ခုဖြင့် ဖုံးလွှမ်းသွားသည်။ တစ်ချိန်တည်းမှာပင်

ကျယ်လောင်သောပေါက်ကွဲသံကြီးက
ကောင်းကင်တစ်ခုလုံးကိုပင်
တုန်လှုပ်သွားစေခဲ့သည်။

ထို့အပြင် ဤအခိုက်အတန့်မှာ မည်သူမျှ
မျက်လုံးဖွင့်လို့မရပေ။

ယန်ယွဲ့ သည်ပင် သူ၏မျက်လုံးများကို
ဓားစိတ်ဆန္ဒဖြင့်ကာထားသည့်တိုင်
မဖွင့်နိုင်ပေ။ အလင်းတန်းများဟာ

နေအလင်းရောင်ထက်ပင်
ကျော်လွန်နေသောကြောင့် ကြည့်ရန်
မဖြစ်နိုင်တာပါ။

ဤနေရာရှိလူတိုင်း အံ့သြသွားကြသည်။

ဤအခိုက်အတန့်တွင်
တစ်ယောက်ယောက်က
မျက်လုံးဖွင့်နိုင်လျှင်
မြို့အထက်ကောင်းကင်ပြင်သည်

ရွှေရောင်အလင်းတန်းများဖြင့်

ဖုံးလွှမ်းနေသည်ကိုသာ မြင်နိုင်ပေသည်။

ရွှေရောင်အလင်းတန်းများဟာ

ကောင်းကင်ကိုပြင်ငို

ချုပ်နှောင်ထားသော ကြိုးများကဲ့သို့

ဖြစ်နေပါသည်။

ရွှေရောင်အလင်းတန်းများ ဖြတ်သွားရာ

အာကာသပြင်တစ်လျှောက် သည်

ပြတ်တောက်သွားခဲ့သည်။ မြို့အထက်

အာကာသပြင်သည်

ရောမရွှေရောင်ပိုက်ကွန်ကြီးဖြင့်

ဖုံးအုပ်ထားသလိုထင်ရလေသည်။ မြို့ကို

လွှမ်းခြုံထားသော အလင်းလွှာက

ပျောက်ကွယ်သွားလေပြီ။

နောက် အသက်ရှူချိန် ၁၀

ရှိုက်စာခန့်အကြာမှ

ကောင်းကင်ပြင်သည် တဖြည်းဖြည်း

ပုံမှန်ပြန်ဖြစ်သွားသည်။

လူတိုင်း ချက်ချင်း မျက်လုံးဖွင့်ကာ

အမှောင်ကောရီ ကို

စိုက်ကြည့်နေကြသည်။

အမှောင်ကောရီက မျက်လုံးများကို

တင်းတင်းစေ့ထားသော်လည်း သူမ၏

မျက်လုံးအစုံမှ မျက်ရည်စနှစ်ချောင်း

စီးကျလာသည်။

သွေးကေရီ က သူမရှေ့တွင်
ရုတ်တရက်ပေါ်လာပြီး လက်ကို
ဆုပ်ကိုင်လိုက်သည်။ထို့နောက်
ယန်ယဲ့ဆီကို ပြန်ခေါ်လာပြီး "အဲဒီမှာ
အနားယူခိုင်းလိုက်"

ယန်ယဲ့ က ခေါင်းညိတ်ပြသည်။
ထို့နောက် အမှောင်ကေရီ ကို
မူလစေတီထဲသို့ ပို့လိုက်သည်။

ထိုအချိန်တွင် နန်းကုန်းထျန် က

ရုတ်တရက်ပြောပါသည် “ငါ

တကယ်ကိုအံ့သြမိပါတယ်။

မင်းအဖွဲ့ထဲမှာ

ဒီလောက်ထူးချွန်တဲ့သူတစ်ယောက်ရှိနေ

ဖို့ ငါမမျှော်လင့်ထားဘူး။ ငါ့မြို့ကို

လူတစ်ယောက်တည်းက

ဖျက်ဆီးပစ်လိုက်တယ်။ ငါတကယ်ကို

အံ့သြမိတယ်”

ယန်ယဲ့ က နန်းကုန်းထျန် ကို
တစ်ချက်ကြည့်လိုက်ရင်း “ဒုတိယအစ်မ၊
သူတို့ကို ခေါ်ပြီး ထွက်သွား"

သွေးကေရီ က ယန်လျန်ရှမ်း နှင့်
ငရဲကေရီ ကို လှည့်ကြည့်ကာ
ပြောလိုက်သည် "နင်တို့နှစ်ယောက်လုံး
သူတို့ကို ခေါ်ပြီး ထွက်သွားတော့။
တစ်နေရာရာမှာ ပုန်းအောင်းမေလိုက်။
ဒီအချိန်မှာ ကိုယ့်ကိုကိုယ် မပြနဲ့"

ယန်လျန်ရှမ်း က ခေါင်းညိတ်လိုက်သည့်
"ကောင်းပြီ"

ထို့နောက် အန်နန်ကျင်း နှင့်
အခြားလူများကို စိုက်ကြည့်ကာ
"ငါနဲ့လိုက်ခဲ့"

စကားပြောပြီးသည်နှင့် အနက်ရောင်

အလင်းတန်းတစ်ခုက

ကောင်းကင်ထက်သို့ ပျံတက်သွားသည် ။

ငရဲကေရီ နှင့် အခြားသူများက

အနည်းငယ် ချီတုံချတုံ ဖြစ်နေကြသည်။

ထိုအတောအတွင်း သွေးကေရီ က

ရုတ်တရက် ပြောလိုက်ပါသည်

"နင်တို့မသေချင်ရင် မြန်မြန်သွား"

ထိုစကားကြားသောအခါ

မြန်မြန်ဆန်ဆန်လှုပ်ရှားကြသည်။

ထိုခဏလေးမှာပဲ ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားကြသည်။

အဘိုးကြီးလုဂူ က

တိုက်ခိုက်ရန်ပြင်လိုက်သည်။

သို့သော်လည်း နန်းကုန်းထျန် က

တားလိုက်သည်။

အဘိုးကြီးလုဂူ က အံ့အားသင့်သွားပုံပါ။

နန်းကုန်းထျန် က ရှင်းပြခဲ့သည် "ယန်ယဲ့ ထွက်မသွားသရွေ့တော့ ကောင်းပါတယ်။သူတို့ ထွက်သွားတာက ငါတို့အတွက် ကောင်းတဲ့အရာပဲ"

အဘိုးကြီးလုဂူ က အံ့အားသင့်သွားပြီးမှ စဉ်းစားမိကာ ခေါင်းညိတ်လိုက်သည်။

သိပ်မကြာလိုက်ပေ၊ ဤနေရာတွင် လူ ၃ ယောက်သာ ကျန်နေခဲ့သည်။ ယန်ယဲ့၊ အန်နန်ကျင်း နှင့် သွေးကေရီ ။

ယန်ယဲ့ သည် အန်နန်ကျင်း ကို စူးစိုက်ကြည့်လိုက်သည်။

သူသည် ခဏမျှ ငြိမ်သက်သွားပြီးနောက် “အထဲကို ဝင်လိုက်” ဟုပြောလိုက်သည်။

အန်နန်ကျင်း က သူ့စကားကို မငြင်းဘဲ

မူလစေတီထဲသို့ ဝင်သွားခဲ့သည်။

ထို့နောက် ယန်ယွဲ့ သည် သွေးကေရိ ကို

စိုက်ကြည့်ကာ ပြောလိုက်၏

"ဒုတိယအစ်မ၊ မင်းလည်း

ထွက်သွားတော့"

သွေးကေရီ က ပြန်ပြောလိုက်သည်

"နင်သေလိမ့်မယ်"

ယန်ယဲ့ က ခေါင်းခါလိုက်သည်

"ငါ့ကိုယုံပါ"

“ငါနင့်ကိုယုံမယ်” သွေးကေရီက

ယန်ယဒ့ကို အချိန်အတော်ကြာအောင်

စိုက်ကြည့်နေသည်။

ထို့နောက် ဆက်ပြောလိုက်သည်

“နင်သေရင် လက်စားချေမယ်လို့

ကတိပေးတယ်"

ထိုစကားပြောကြီးသည်နှင့်

ကောင်းကင်ယံသို့

ပျောက်ကွယ်သွားသည်။

ဤနေရာတွင် ယန်ယဲ့ သာ ကျန်ခဲ့သည်။

ဤအချိန်တွင် နန်းကုန်းထျန် က ရုတ်တရက် ပြောလိုက်သည် "ယန်ယွဲ့၊ လာပါ။ မင်းက မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ အယောက် ၅၀ ကို ဘယ်လိုတိုက်ခိုက်မလဲဆိုတာ ကြည့်ရအောင်"

ယန်ယွဲ့က နန်းကုန်းထျန် ကို ကြည့်ပြီး "ဒီအတိုင်းပဲထားလိုက်။ ငါ လက်နက်ချလို့ရမလား"

ဤနေရာရှိ လူတိုင်း တော်တော်နှင့်ကို

စကားမပြောနိုင်ကြတော့ပေ။

May Be:

၂၁၇၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၇၅ - ဘယ်သူလာဦးမလဲ

လက်နက်ချလို့ရမလား။

နန်းကုန်းထျန် နှင့် အခြား

မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူများဟာ

အံ့အားသင့်သွားကြသည်။ သူတို့များ

နားကြားမှားသွားသလားဟု

ထင်နေကြသည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ က

ဆက်ပြောပါသည် "ငါလက်မြှောက်ရင်

ငါ့ကိုမသတ်နဲ့။ ဒါဆိုအဆင်ပြေလား"

နန်းကုန်းထျန် သာမက

အခြားလူများလည်း

အကြည့်ချင်းဖလှယ်ကြသည်။

ဤတစ်ကြိမ်တော့ သူတို့

နားကြားမမှားကြောင်း သေချာပါသည်။

ခဏာမျှတိတ်ဆိတ်သွားပြီးနောက်

နန်းကုန်းထျန် က ယန်ယဲ့ ကို

စိုက်ကြည့်ရင်း "ဓားကိုလက်ကိုလွှဲပေးခဲ့။

ပြီးရင် မင်းထွက်သွားလို့ရပြီ"

အဘိုးကြီးလုဂူ က

တစ်ခုခုပြောချင်နေပုံပါ။ သို့သော်လည်း

နန်းကုန်းထျန် လက်ဝှေ့ယမ်းပြီး သူ့ကို

တားလိုက်သည်။

ယန်ယဲ့က ခဏမျှ စဉ်းစားနေလိုက်ပြီး ခေါင်းညိတ်ပါသည် "ကောင်းပြီ။ သစ်သားဓားကို ချန်ထားခဲ့လိုက်မယ်"

စကားပြောနေရင်း သစ်သားဓားကို စိုက်ကြည့်နေသည်။ သူ၏မျက်လုံးထဲမှ ဝမ်းနည်းမှုအရိပ်အယောင်များ တဖျပ်ဖျပ်ပေါ်လာသည်။

နန်းကုန်းထျန် နှင့် အခြား

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများဟာ ယန်ယဲ့ကို

စိုက်ကြည့်နေကြသည်။ ဤအချိန်မှာ

လူတိုင်း

အသက်ရှူသံများ အနည်းငယ်

မြန်လာသည်။

ဤအချိန်တွင် ယန်ယဲ့ သည်
သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
သစ်သားဓားက နန်းကုန်းထျန် ဆီသို့
ပျံသွားသည်။

ထို့နောက်တွင် ယန်ယဲ့ သည် ချက်ချင်း
နောက်ပြန်လှည့်ကာ နေရာမှာပင်
ပျောက်သွားခဲ့သည်။

ဤအခိုက်အတန့်တွင် ယန်ယွဲ့အား
မည်သူမျှ ဂရုမစိုက်တော့ပေ။ အားလုံးက
နန်းကုန်းထျန် ကိုသာ ကြည့်နေကြသည်။
အကြောင်းကတော့ သစ်သားဓားက
သူ့လက်ထဲမှာ ရှိနေလို့ပါ။

နန်းကုန်းထျန် က မျက်လုံးထဲ
စိတ်လှုပ်ရှားမှုအပြည့်ဖြင့်
သစ်သားဓားကို ဖြည်းညှင်းစွာ
ပွတ်သပ်လိုက်သည်။ သူက

"ချိတ်ပိတ်ထားတာတောင်မှ

ဓားကောင်းတစ်လက်။ တကယ်ကို

လောကသုံးပါးရဲ့

နတ်ရတနာတစ်ခုဖြစ်ထိုက်ပါတယ်လေ"

ဤအတောအတွင်း သူ့စိတ်ထဲ တစ်ခုခုကို

တွေးမိပုံရပြီး လူအုပ်ကို

လှည့်ကြည့်လိုက်တော့ “စိတ်မပူပါနဲ့။

ငါက ငါ့စကားကို ပြန်ပြင်တတ်တဲ့သူ

မဟုတ်ဘူး။ အခုပဲ

ပြိုင်ပွဲကျင်းပလိုက်ရအောင်။

ဟုတ်ပါတယ်၊ ငါတို့မစခင်မှာ ဘယ်သူက

ပါဝင်မလဲ ဘယ်သူက မပါဝင်ဘဲနေမှာလဲ

မေးချင်ပါတယ်။ တစ်ယောက်ယောက်က

ပြိုင်ပွဲကိုမပါရင်တော့

ဘဝဝိညာဉ်သစ်သီးတစ်လုံးစီရမယ်။

ဒါ့အပြင်

အန္တရာယ်ကင်းကင်းနဲ့ထွက်သွားလို့ရတ

ယ်”

အတော်များများက

တိတ်ဆိတ်သွားကြသည်။

ခဏအကြာတွင်တော့

သက်လတ်ပိုင်းအမျိုးသားတစ်ယောက်

က ရုတ်တရက်ရှေ့တိုးလာသည်။ သူက

"မြို့သခင်နန်းကုန်း၊ ငါ ဒီပြိုင်ပွဲမှာ

မပါဝင်တော့ဘူး"ဟုပြောလိုက်၏။

နန်းကုန်းထျန် က အနည်းငယ်
ခေါင်းညိတ်ပြရင်း သူ့လက်ကို
ဝှေ့ယမ်းလိုက်သည်။ညသလင်းကျောက်
ကဲ့သို့ ကြည်လင်တောက်ပသော
သစ်သီးတစ်လုံးက
သက်လတ်ပိုင်းအမျိုးသား ရှေ့တွင်
ပေါ်လာသည်။

သက်လတ်ပိုင်းအမျိုးသား က
နန်းကုန်းထျန် ကို လက်သီးဆုပ်ပြပြီး
"ကျေးဇူးတင်ပါတယ်"

ထို့နောက် ဘဝဝိညာဉ်သစ်သီးကို
သိမ်းယူကာ ကောင်းကင်ထက်သို့
ပျောက်ကွယ်သွားသည်။

ပထမဆုံးတစ်ယောက် ပေါ်လာသည်နှင့်

ခဏအကြာတွင် ဒုတိယ၊ တတိယနှင့်

စတုတ္ထ အသီးသီးပေါ်လာကြသည်။

ခဏအကြာတွင် မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူ ၁၀ ယောက်သာ ကျန်ခဲ့သည်။

သေချာသည်မှာ ကျန် အယောက် ၄၀ က

ပြိုင်ပွဲမဝင်တော့ရန်

ဆုံးဖြတ်လိုက်ကြတာပါ။

သစ်သားဓားကို လိုချင်သော်လည်း

အသက်ရှင်မှသာ။

သေဆုံးနိုင်ချေများသောကြောင့်

နောက်ဆုံးတွင်

စွန့်လွှတ်ရန်သာရွေးချယ်လိုက်ကြသည်။

ဘဝဝိညာဉ်သစ်သီး ကို ရသည်ကပင်

သူတို့အတွက် ကျေနပ်စရာပါ။

ဤအခိုက်အတန့်တွင်

မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူ

(၁၂)သာ ကျန်တော့၏။

နန်းကုန်းထျန် က လူတိုင်းကို

ကြည့်လိုက်သည်။ အဆုံးတွင် သူက

အဘိုးကြီးလုဂူ ကို စိုက်ကြည့်နေသည်။

တစ်ချိန်တည်းမှာပင် အဘိုးကြီးလုဂူ က

"ငါက ဘဝဝိညာဉ်သစ်သီးကို

သုံးကြိမ်စလုံး စားပြီးသွားပြီ"ဟု

ရှုတ်တရက်ပြောလိုက်သည်။

နန်းကုန်းထျန်က

အနည်းငယ်အံ့သြသွားပြီးမှ

“ငါနားလည်ပြီ”

တစ်စုံတစ်ယောက်က

ဘဝဝိညာဉ်သစ်သီး ၃ ကြိမ်သာ

အများဆုံး စားသုံးနိုင်သည်။ထို့အပြင်

အချိန်တိုင်း ၎င်း၏သက်ရောက်မှုသည်

ပထမတစ်ခုထက် လျော့နည်းလာသည်။

ထို့ကြောင့် နောက်ထပ်

ဘဝဝိညာဉ်သစ်သီး ကို စားလျှင်

အရေးမပါလှသောသက်ရောက်မှုသာရှိ

ပေမည်။

နန်းကုန်းထျန် က

ခဏတာနှုတ်ဆိတ်နေပြီးနောက်

"အဲဒါကြောင့် အခုပဲ စလိုက်ကြရအောင်။

ငါတို့က

အုပ်စုနှစ်စုခွဲလိုက်မယ်။အနိုင်ရတဲ့သူ ၆

ယောက်က အုပ်စုနှစ်စုထပ်ခွဲပြီး

ထပ်တိုက်ခိုက်ရမယ်။ နောက်ဆုံးသုံး

ယောက်က အနိုင်ရတဲ့သူကို

ဆုံးဖြတ်ကြတာပေါ့။ အဆင်ပြေလား"

အဘိုးကြီးလုဂူ က

ခေါင်းညိတ်လိုက်သည် "ငါ

ကန့်ကွက်စရာ မရှိဘူး"

အခြားလူတိုင်းလည်း

ခေါင်းညိတ်ကြသည်။

သိပ်မကြာလိုက်ပေ။ လူ ၆

ယောက်ပါအုပ်စုနှစ်စု ခွဲလိုက်ကြသည်။

နန်းကုန်းထျန် က သူ၏ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ

လူအုပ်စု နှစ်စုက အာကာသပြင်ထဲ၌

ချက်ချင်းပေါ်လာသည်။

သာမန်နေရာတစ်ခုမဟုတ်ဘဲ

အာကာသတိုက်ပွဲမြေပြင် ပါ။

ထို့နောက်တွင်တော့ လူ ၁၂ ယောက်ဟာ

သက်ဆိုင်ရာအလိုက် စပြီး

တိုက်ခိုက်လိုက်ကြသည်။

နောက် ၂ နာရီခန့်အကြာတွင် ။

လူ ၆ ယောက်သာ ကျန်တော့၏။ ကျန် ၆ ယောက်ထဲမှ နှစ်ယောက်က အသတ်ခံရတာပါ။ အခြား လေးယောက်ကတော့ ပြိုင်ပွဲက အပြီးနုတ်ထွက်သွားကြသည်။

အနိုင်ရသူ ၆ ယောက်က အုပ်စုနှစ်စုခွဲပြီး

နောက်တစ်ကြိမ်

ထပ်မံတိုက်ခိုက်ကြသည်။

ဤအခိုက်အတန့်တွင် တိုက်ပွဲများ

ပို၍ပြင်းထန်လာသည်။

အာကာသတိုက်ပွဲမြေပြင်တစ်ခုလုံးသည်

ပြင်းထန်စွာ တုန်လှုပ်သွားခဲ့သည်။

၄ နာရီခန့်အကြာတွင် ။

လူ ၃ ယောက်သာ ကျန်ပါတော့သည်။

အဘိုးကြီးလုဂူ၊ နန်းကုန်းထျန် နှင့်

မီးခိုးရောင်ဝတ်စုံဝတ်အဘိုးအိုတို့ပါ။

ကျန်သုံးယောက်က

အသတ်ခံလိုက်ရပါပြီ။

ဤနေရာမှ လေထုသည် အတော်လေး

လေးလံလာသည်။

ဤအချိန်တွင်

မီးခိုးရောင်ဝတ်စုံဝတ်အဘိုးအိုက

ရုတ်တရက် ပြောလိုက်သည်

“မြို့သခင်နန်းကုန်း၊ ငါ့မှာ

သက်တမ်းကုန်ခါနီးရောက်တော့မယ့်

ဂျူနီယာမျိုးဆက် ၂ ယောက်ရှိတယ်။

ငါသူတို့ကို ဘဝသက်တမ်းတိုးပေးချင်လို့

ဘဝဝိညာဉ်သစ်သီး ၄ လုံးလောက်

လိုတယ်။ ဒါဆို....”

နန်းကုန်းထျန် က ခဏမျှ

လေးလေးနက်နက် စဉ်းစားရင်း

သူ့ညာလက်ကို ဝှေ့ယမ်းလိုက်သည်။

အဘိုးအိုရှေ့တွင် ဘဝဝိညာဉ်သစ်သီး (၄)

မျိုး ပေါ်လာသည်။

အဘိုးအိုက နန်းကုန်းထျန် ကို

လက်သီးဆုပ်ပြီး "ကျေးဇူးတင်ပါတယ်"

ထို့နောက် အာကာသတိုက်ပွဲမြေပြင်မှ

ချက်ချင်း ပျောက်ကွယ်သွားခဲ့သည်။

ဤအခိုက်အတန့်မှာ

မြို့သခင်နန်းကုန်းထျန် နှင့်

အဘိုးကြီးလုဂူ တို့သာ ကျန်ရှိတော့သည်

။

မြို့သခင်နန်းကုန်းထျန် က လုဂူ ကို

စိုက်ကြည့်ရင်း

ရုတ်တရက်ပြောလိုက်သည် " အစ်ကိုလု၊ မင်းမှာ တောင်းဆိုစရာတွေရှိလား။ ဒါမှမဟုတ် သေတဲ့အထိ တိုက်ခိုက်ချင်သလား”

အဘိုးကြီးလုဂူ က အတော်ကြာအောင် ငြိမ်သက်သွားသည်။ ထို့နောက် မြို့သခင်နန်းကုန်းထျန် ကို မော့ကြည့်ကာ "တကယ်တော့ ငါအနိုင်ရရင်တောင်

မင်းလက်မလွှတ်ဘူးမဟုတ်လား"ဟုပြန်မေးခဲ့သည်။

မြို့သခင်က လစ်လျူရှုကာ "အစ်ကိုလု၊ မင်းဘာလို့ဒီလိုပြောတာလဲ"

အဘိုးကြီးလုဂူ က တဟားဟားရယ်လိုက်သည်။ သူက “ကိစ္စမရှိပါဘူး။ အစ်ကိုနန်းကုန်း၊ ငါလည်း ဘဝဝိညာဉ်သစ်သီး (၄)

မျိုးလိုချင်တယ်။ မင်း အဆင်ပြေလားလို့ တွေးမိတယ်”

နန်းကုန်းထျန် က ပြုံးပြီး "ဒါပေါ့ "

စကားပြောပြီးသည်နှင့် သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်သည်။ ထို့နောက် အဘိုးကြီးလုဂူ ရှေ့တွင်

ဘဝဝိညာဉ်သစ်သီး (၄) မျိုး

ပေါ်လာသည်။

အဘိုးကြီးလုဂူ က

ဘဝဝိညာဉ်သစ်သီးများကို

သိမ်းယူလိုက်ပြီး ထွက်သွားဖို့ပြင်သည်။

သို့သော် တစ်ခုခုကို

တွေးမိပြီးချက်ချင်းရပ်သွားကာ

"အစ်ကိုနန်းကုန်း၊ ငါ့စိတ်ထဲမှာ

ထူးဆန်းတာတစ်ခုတော့တွေ့တယ်။

ယန်ယဲ့က

အပေးအယူလုပ်မယ့်သူတစ်ယောက်လို

မထင်ပါဘူး။ ဒါပေမဲ့ သူက

သစ်သားဓားကို

အမြန်လွှဲပေးလိုက်တယ်...”

သူသည် နန်းကုန်းထျန်ကို

တစ်ချက်ပြုံးပြကာ

စကားထပ်မပြောတော့ဘဲ

ကောင်းကင်ထက်ကို

ပျောက်ကွယ်သွားခဲ့သည်။

နန်းကုန်းထျန် က ချက်ချင်း

မျက်မှောင်ကြုတ်လိုက်သည်။

သူ၏လက်ဝါးကို လှန်ကာ

သစ်သားဓားကို ဆုပ်ကိုင်လိုက်သည် ။

သစ်သားဓားကို စူးစိုက်ကြည့်ရင်း

အတွေးနက်သွားမိသည်။

ခဏအကြာတွင် တစ်ခုခုကို

တွေးလိုက်မိသကဲ့သို့ သူ၏အမူအရာက

သိသိသာသာ ပြောင်းလဲသွားသည်။

အောင်း....

ထိုခဏလေးမှာပဲ စူးရှသောစားအူသံ ဟာ

အာကာသတိုက်ပွဲမြေပြင်

တစ်လျှောက်ကို ပွဲတင်ထပ်သွားသည်။

ထို့နောက်တွင်တော့ အလင်းတန်းတစ်ခု

လင်းလက်လာသည်။ ၎င်းမှ

ထွက်လာသော ဓားစွမ်းအင်က

အာကာသတိုက်ပွဲမြေပြင်ကို

ကွဲအက်သွားစေခဲ့သည်။

ဤအခိုက်အတန့်တွင် နန်းကုန်းထျန်၏

ဆံပင်များက

အဆုံးမဲ့ထောင်မတ်နေသည်။

သို့သော်လည်း သစ်သားဓားကို
လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း သူ့ထံမှ
ကြောက်မက်ဖွယ်ရာ အငွေ့အသက်များ
ပျံ့လွင့်လာသည်။

ဤအချိန်မှာ သစ်သားဓားက ပြင်းထန်စွာ
တုန်ခါလာသည်။ နန်းကုန်းထျန် က
အတော်လေး အံ့သြသွားသည်။
ထို့နောက်တွင် သစ်သားဓား မှ

ကြောက်မက်ဖွယ်ရာ စွမ်းအင်လှိုင်းကြီး ထွက်ပေါ်လာသည်။

နန်းကုန်းထျန်၏ အမူအရာက ချက်ချင်းပြောင်းသွားကာ သစ်သားဓားကို အမြန်လွှတ်ချလိုက်သည်။

သို့သော်လည်း သစ်သားဓား က အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ

သူ့အမြင်အာရုံမှ

ပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပင် နန်းကုန်းထျန်၏

နဖူးရှေ့ လက်မအနည်းငယ်အကွာ၌

ဓားတစ်ချောင်းရောက်လာသည်။

သို့သော် သူ့နဖူးရှေ့ မရောက်ခင်မှာပဲ

ဓားက ရုတ်တရက် ရပ်တန့်သွား၏။

နန်းကုန်းထျန်က သူ့လက်နှစ်ဖက်ဖြင့်

ဓားကို ဖမ်းဆုပ်ထားလို့ပါ။

နန်းကုန်းထျန် က မော့ကြည့်လိုက်ရာ ယန်ယဲ့က သူ့ရှေ့တွင်ရပ်နေသည်ကိုတွေ့လိုက်ရသည်။

ထောင်ချောက်တစ်ခု။

ဤအခိုက်အတန့်တွင် အရာအားလုံးက ထောင်ချောက်တစ်ခုသာ ဖြစ်ကြောင်း

နောက်ဆုံးတော့

သဘောပေါက်သွားသည်။

ယန်ယဲ့ သည် မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူ အယောက် ၅၀

ကျော်အုပ်စုကို

တစ်ဖက်လှည့်လှူခဲ့ထုတ်လိုက်တာပါ။

နောက်ဆုံးတွင် နန်းကုန်းထျန်

တစ်ယောက်တည်းသာ ကျန်တော့သည်။

ဤအခိုက်အတန့်တွင်

ယန်ယွဲ့၏မျက်နှာကအပြုံးတစ်ခုပေါ်လာ

သည်။ သူ၏ညာဖက်လက်မောင်းပေါ်မှ

ရှေးဟောင်းစပါးအုံးဝိညာဉ်

ပေါ်လာသည်။ ထို့နောက် ယန်ယွဲ့က

သူ၏ညာလက်ကို လိမ်လိုက်သည်။

ဆူး....

နန်းကုန်းထျန်၏ လက်ချောင်းများ ပြတ်တောက်သွားသည်။

ဆူး...

နောက်ထပ် အလင်းတန်းတစ်ခု လင်းလက်လာပြီး နန်းကုန်းထျန်၏ နဖူးကို ထိုးဖောက်သွားသည်။ သွေးများ စမ်းရေတွင်းကဲ့သို့ ပန်းထွက်လာသည်။

ထိုခဏလေးမှာပဲ ယန်ယဲ့သည်
နန်းကုန်းထျန်၏ နောက်ကွယ်မှ
ပေါ်လာခဲ့သည်။

ဤအချိန်တွင် နန်းကုန်းထျန်၏
ခန္ဓာကိုယ်သည်တောင့်တင်းလာသည်။
သူ၏မျက်လုံးများက
မယုံနိုင်စရာများဖြင့် ပြည့်နှက်နေကာ
"ဒီလို... ခွန်အားတွေ...."

ထိုစကားပြောပြီးသည်နှင့်
သူ၏မျက်လုံးများက အရောင်များ
တဖြည်းဖြည်း မှိန်ကျလာသည်။

ခဏအကြာတွင် လုံးလုံးလျားလျား
ပျောက်ကွယ်သွားပါတော့သည်။

ယန်ယဲ့ က ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
နန်းကုန်းထျန်၏ ခေါင်းဟာ လည်ပင်းမှ
ပြုတ်ထွက်သွားသည်။ ထို့နောက်

နန်းကုန်းထျန်၏ အလောင်းကို

မူလစေတီထဲ ဆွဲသွင်းလိုက်သည်။

ဤအချိန်တွင် မြို့သခင်အိမ်တော်မှ

အစွမ်းထက်အော်ရာ တစ်ဒါဇင်ကျော်

ပျံ့လွင့်လာသည်။

ယန်ယဲ့ သည် ထိုအဖွဲ့ကို

တစ်ချက်ကြည့်လိုက်သည်။ သူသည်

ထွက်သွားဖို့ မလုပ်ဘဲ

နန်းကုန်းထျန်၏ခေါင်းပြတ်ကိုကောက်ယူကာ မြို့သခင်အိမ်တော်ဆီသို့ တည့်တည့်သွားလိုက်သည်။ မြို့သခင်အိမ်တော် ရှေ့သို့ ရောက်လာပြီးနောက် နေရာတွင် ရပ်လိုက်သည်။ ထို့နောက် သစ်သားဓား ကို မြှောက်ကာ မြို့သခင်အိမ်တော် ဆီသို့ ပိုင်းချလိုက်သည်။

အောင်း...

ဓားအူသံ ပွဲတင်ထပ်လာပြီးနောက် မီတာ

၃၀၀ ကျော်ရှည်လျားသော

ဓားစွမ်းအင်တစ်စင်း

ရှေ့သို့ပြေးထွက်သွားသည်။

ဘောင်း...

မြို့သခင်အိမ်တော် သည်

နှစ်ခြမ်းကွဲထွက်သွားသည်။

ဤအချိန်တွင် မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူ (၁၃) ယောက်ဟာ ယန်ယဲ့နှင့်

မလှမ်းမကမ်း၌ ပေါ်လာကြသည်။

နှစ်ခြမ်းကွဲသွားသည့်

မြို့သခင်အိမ်တော်ကို ငေးကြည့်ရင်း

သူတို့၏အမူအရာများက

အတော်လေးကို အံ့မှိုင်းနေကြသည်။

သို့သော်လည်း နန်းကုန်းထျန်၏

ခေါင်းပြတ်ကို မြင်သောအခါ

သူတို့၏မျက်လုံးထဲမှ မယုံနိုင်စရာများ

ပေါ်လာခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ သည်

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူအုပ်စုကို စိုက်ကြည့်ကာ

“မင်းတို့တတ်နိုင်ရင်

ငါ့ကိုလာသတ်လိုက်”

ဟုပြောလိုက်သည်။

လူအုပ်စု၏ မျက်နှာများက

ပို၍ပင်မမြင်နိုင်စရာများ ဖြစ်လာသည်။

သို့သော်လည်း မည်သူမျှ

မတိုက်ခိုက်ရဲကြပေ။

အရင်ဆုံး တိုက်ခိုက်မည့်သူ မရှိတာပါ။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည်
ထိုလူများကို လစ်လျူရှုကာ
မြို့တံခါးဆီသို့
လျှောက်သွားလိုက်သည်။ ဤအတိုင်းပင်
သူသည် နန်းကုန်းထျန်၏ ခေါင်းပြတ်ကို
ကိုင်ထားရင်း မြို့ထဲက ထွက်လာခဲ့သည်။

ခြေတစ်လှမ်း လှမ်းသွားတိုင်း
မြေပြင်ပေါ်မှာ သွေးစက်များ

ကျန်ခဲ့သည်။ နန်းကုန်းထျန်၏
ခေါင်းပြတ်မှ သွေးများ စီးကျနေတာပါ။

ပတ်ဝန်းကျင်တွင် အစွမ်းထက်အော်ရာ
အများအပြား ပျံ့လွင့်နေသော်လည်း
မည်သူကမျှ တိုက်ခိုက်ရန် မဝံ့ရဲကြပေ။

လူတိုင်း ယန်ယွဲ့၏ လက်ထဲ၌
ခေါင်းပြတ်တစ်လုံးကိုင်ထားရင်း
မြို့ပြင်သို့ တလှမ်းချင်း

လျှောက်သွားနေသည်ကိုသာ

ကြည့်နေခဲ့ကြသည် ။

စွပ်...စွပ်...

လမ်းမတစ်လျှောက် သွေးများ

မြေပြင်ပေါ်ကျနေသည့် အသံကိုသာ

ကြားနေရသည်။

May Be:

၂၁၇၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၇၆ - ဘ၀သစ်ပင်

ဤအဖြစ်အပျက်ကြောင့်

နန်းကုန်းကလန် သည်

အကြီးအကျယ်အရှုံးရခဲ့သည်။

ယန်ယွဲ့ကြောင့်ပါ။ ယန်ယွဲ့ သည်

မြို့သခင်အိမ်တော် ကို

ဖျက်ဆီးပစ်ရုံမျှမကဘဲ

နန်းကုန်းဘိုးဘေး၏

ခေါင်းပြတ်ကိုကိုင်လျက်

လူတိုင်းရှေ့မှာပင် ထွက်ခွာသွားသည်။

သို့သော်လည်း နန်းကုန်းကလန် သည်

ဘာမှမလုပ်နိုင်ခဲ့ပေ။

ယန်ယဲ့ကို

သတ်ပြီးလက်စားချေရမည်လား။

မည်သူမျှ မလုပ်ရဲကြပေ။

အကြောင်းကတော့ နန်းကုန်းကလန်

သည် ယန်ယဲ့ အား သတ်နိုင်သော်လည်း

မမျှော်မှန်းနိုင်သော

တန်ကြေးတစ်ခုပေးဆပ်ရမှာဖြစ်လို့ပါ။

နောက်ဆုံးတွင် မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူအများအပြားမရှိခဲ့ပေ။

တစ်ဒါဇင်လောက်သာ ရှိတော့သည်။

ထို့အပြင် ယန်ယဲ့ သည်

တစ်ယောက်တည်းမဟုတ်ချေ။

ဘေးနားတွင်

အပေါင်းအပါတစ်သိုက်နှင့်ပါ။

သူ့ဘေးနားရှိ အမျိုးသမီးများက

အလွန်ထူးခြားကာ

ကြောက်စရာကောင်းလှသည်။

အကယ်၍ နန်းကုန်းကလန် သာ

ယန်ယဲ့အား တိုက်ခိုက်လျှင်

သူတို့ကိုယ်တိုင် အလယ်စကြာဝဠာကနေ

ပျောက်သွားနိုင်ချေများ၏။

နန်းကုန်းကလန် က

မတိုက်ခိုက်ဝံ့သောကြောင့်

အမှောင်ရိပ်ထဲမှာ

ပုန်းအောင်းနေသူများလည်း

မလှုပ်ရှားဝံ့တော့ပေ။

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူအများစုဟာ

ယန်ယွဲ့၏လက်ရှိခွန်အားနှင့်

မယှဉ်နိုင်ပေ။ အဆင့်မြင့်

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများကတော့ ယန်ယွဲ့ အား

သေသည်အထိ

တိုက်ခိုက်မည်မဟုတ်ချေ။အကြောင်းမှာ

ယန်ယွဲ့အား သတ်နိုင်ခဲ့ရင်တောင်

သူတို့လည်း ဒုက္ခိတဖြစ်လုနီးပါး ဒဏ်ရာရသွားနိုင်လို့ပါ။ ထိုအချိန်တွင် တတိယလူက ဆုလာဘ်များကို ရိုတ်သိမ်းသွားပါလိမ့်မည်။

ထို့အပြင် ယန်ယွဲ့ တစ်ယောက်တည်းမဟုတ်ကြောင်းကို လူတိုင်းသိထားကြသည်။ သူ့နောက်ကွယ်တွင်

ကြီးကျယ်ခမ်းနားသော
ညဏ်ကြီးရှင်အုပ်စုတစ်စု ရှိနေတာပါ။

အဆုံးသတ်၌တော့ မည်သူမျှ
မလှုပ်ရှားရဲကြတော့ပေ။

မြို့ထဲမှ ယန်ယဲ့ ထွက်သွားသည်ကိုသာ
ကြည့်နေခဲ့ကြသည်။

ယန်ယဲ့ သည်

နတ်ဘုရားနယ်မြေမြို့အပြင်ဖက်၌

ရပ်လိုက်ပြီး သူ့လက်ကို

ဝှေ့ယမ်းလိုက်သည်။ နန်းကုန်းထျန်၏

ခေါင်းပြတ်က ပျံတက်သွားပြီး

မြို့တံခါးများအထထက်၌

ချိတ်ဆွဲထားသည်။

ခဏအကြာတွင် ယန်ယဲ့ သည် မြို့ဖက်သို့

လှည့်ကြည့်ကာ

အေးစက်စက်အသံဖြင့်ပြောလိုက်သည်

“လူတိုင်း၊ ငါ့လက်ထဲက ဓားနဲ့

ငါ့အသက်ကို လိုချင်ရင် လာခဲ့လိုက်ပါ။

ငါယန်ယွဲ့ အသင့်ပြင်ထားမယ်"

ထိုစကားပြောပြီးနောက်

ယန်ယွဲ့၏ပုံရိပ်က ကောင်းကင်ပေါ်မှာ

ပျောက်ကွယ်သွားသည်။

ဤအခိုက်အတန့်တွင်

နတ်ဘုရားနယ်မြေမြို့ တစ်ခုလုံး

ငြိမ်သက်ကာ တိတ်ဆိတ်သွားသည်။

သိပ်မကြာလိုက်ပါ၊

နတ်ဘုရားနယ်မြေမြို့တော်ရှိ

အဖြစ်အပျက်သည် လျင်မြန်စွာ

ပြန့်နှံ့သွားခဲ့သည်။

ဤအတောအတွင်း

ကောင်းကင်တိုင်တောင်တန်းတစ်လျှော

က်ရှိ လူတိုင်း ယန်ယဲ့ ဟူသော အမည်ကို

ထပ်မံကြားလိုက်ရသည်။

နတ်ဘုရားနယ်မြေမြို့တော်မှ အ

ဖြစ်အပျက်ကို ကြားပြီးနောက်တွင်

အတော်များများဟာ ယန်ယဲ့ အား

ပစ်မှတ်ထားလိုသော အတွေးကို

စွန့်လိုက်ကြသည်။

လူတိုင်းက ကိုယ့်အကန့်အသတ်ကို

ကောင်းကောင်းသိထားလို့ပါ။

နတ်ဘုရားနယ်မြေမြို့တော်၏

မြို့သခင်ပင် ယန်ယွဲ့၏လက်ချက်ဖြင့်

အသတ်လံလိုက်ရသည်။ သူတို့က

ယန်ယွဲ့ကို ယှဉ်နိုင်မည်လော။

သစ်သားဓားက

အတော်လေးသွေးဆောင်နေသော်လည်း

တကယ်တမ်းတော့ ကိုယ်ပိုင်အသက်သာ

အရေးကြီးဆုံးပါ။

အသတ်ခံလိုက်ရပါက သစ်သားဓားဟာ

သူတို့အတွက် အဓိပ္ပါယ်မရှိတော့ပေ။

.......

ယန်ယွဲ့ သည်

နတ်ဘုရားနယ်မြေမြို့တော်မှ

ထွက်လာသော်လည်း ယန်လျန်ရှမ်း နှင့် အခြားသူများကို မဆက်သွယ်ခဲ့ပေ။ သူ့အတွက် လုံးခြုံသော နေရာတစ်ခုကို အမြန်ရှာလိုက်သည်။ ထို့နောက် တင်ပျဉ်ခွေထိုင်ကာ မူလစေတီထဲကို ဝင်သွားခဲ့သည်။

မူလစေတီ ထဲတွင် ။

သူ၏ဆန်းကြယ်ချီစွမ်းအင်ကို
ပြန်ယူဖို့လုပ်လိုက်သည်။

တိုက်ပွဲစပြီးကတည်းက
သူ၏ချီစွမ်းအင်ဟာ
အားလုံးနီးပါးကုန်သွားခဲ့သည်။
သူ့ခန္ဓာကိုယ်က
အတော်ကိုပင်ပန်းနေပါပြီ။

ဒီအချိန်မှာ သူက

ကောင်းကောင်းအနားယူဖို့လိုနေ၏။

၂ နာရီခန့်အကြာတွင်

ယန်ယဲ့၏ခန္ဓာကိုယ်သည်

အပြည့်အဝပြန်ကောင်းလာပါပြီ။ သူ၏

ဆန်းကြယ်ချီစွမ်းအင်ဟာ

မူလအခြေအနေသို့

ပြန်ရောက်သွားသည်။

ထို့နောက်တွင် ယန်ယဲ့ သည်

မူလနတ်ဘုရားအဆင့် ၆ အလောင်းများ

ရှေ့သို့ လျှောက်လာခဲ့သည်။

သူသည် ဓားအစေခံများ သန့်စင်ရန်

ရည်ရွယ်ထားသည်။

ယခင်က သူသတ်လိုက်သည့်

မူလနတ်ဘုရားအဆင့် ၆

အလောင်းများကို သဘာဝအတိုင်း

မဖြုန်းတီးလိုပေ။ ဓားအစေခံများ က မူလနတ်ဘုရားအဆင့် ၆ ကျင့်ကြံသူကဲ့သို့ မသန်မာသော်လည်း အနည်းဆုံးတော့ လျှော့တွက်၍မရနိုင်သေးပါ။

ဓားအစေခံများကို သန့်စင်ခြင်းသည် လွယ်ကူသည့် အလုပ်မဟုတ်ပေ၊ တစ်နေ့လုံးလုံး အချိန်ယူပြီးမှ

ဓားအစေခံတစ်ယောက်သာ

သန့်စင်နိုင်၏။

၃ ရက်အကြာတွင် ယန်ယွဲ့ သည်

ဓားအစေခံ ၃ ဦးကို

အောင်အောင်မြင်မြင်နဲ့

သန့်စင်နိုင်ခဲ့သည်။ လက်ရှိ သူ့အနားတွင်

ဓားအစေခံ ၅ ယောက် ရှိနေပါပြီ။

မူလနတ်ဘုရားအဆင့် ၆

အလောင်းအနည်းငယ်တော့

ကျန်နေသေး၏။

သို့သော်လည်း နောက်ထပ်

မသန့်စင်နိုင်တော့ပေ။ အကြောင်းမှာ

မူလနတ်ဘုရားအဆင့် ၆ ဓားအစေခံ

(၅)ယောက်က သူ၏ အကန့်အသတ်

ဖြစ်နေလို့ပါ။

ယန်ယဲ့ သည်

ခဏာမျှတုံ့ဆိုင်းသွားပြီးနောက်

ထိုဓားအစေခံ ၅ ယောက်ကို စုချင်းရှီ နှင့်

သူ၏မိသားစုထံ စေလွှတ်ဖို့

ဆုံးဖြတ်လိုက်သည်။ သူ

ထွက်ပြေးလိုပါက လက်ရှိသူ့ခွန်အားဖြင့်

အဆင့်မြင့် မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများပင်

လိုက်မမှီနိုင်မှာမဟုတ်ပေ။

ဆန့်ကျင်ဖက်အနေဖြင့်

တစ်စုံတစ်ယောက်က သူ့ကို

လိုက်မှီနိုင်ရင်တော့ ထိုလူဟာ သူ့ထက်

နှစ်ဆကျော်သန်မာနေကြောင်းသိသာပါ

သည်။ ဓားအစေခံ ၁၀ ယောက်

ရှိနေရင်တောင် ထူးခြားမှာမဟုတ်ပေ။

ထို့အပြင် မူလနတ်ဘုရားအဆင့် ၆

ဓားအစေခံများသာ စုချင်းရှိ

နှင့်သူ၏မိသားစုအနားမှာ ရှိနေလျှင်

ယန်ယဲ့အတွက် ပိုသက်တောင့်သက်သာ ရှိပေမည်။ အဓိကကတော့ ဓားအစေခံ ၅ ယောက်က သူပြန်ရောက်ဖို့ အချိန်ဆွဲထားနိုင်အောင်လို့ပါ။

ယန်ယဲ့ သည် ခဏမျှ တုံ့ဆိုင်းမနေဘဲ ဓားအစေခံ ၅ ယောက်ကို စုချင်းရှီ နှင့် အခြားသူများထံ ပို့လိုက်သည်။ ထိုဓားအစေခံများ ပိုင်ဆိုင်ထားသည့် ခွန်အားဖြင့် ထိုနေရာသို့ ရောက်ရန်

အနည်းဆုံး အချိန် ၁ ရက်သာ

ယူရပေမည်။

ထို့နောက် ယန်ယဲ့ သည်

သူ့ဘယ်ဖက်လက်ကို

ဖွဲ့ယမ်းလိုက်သည်။ နန်းကုန်းထျန်၏

အလောင်းက သူ့ရှေ့တွင်ပေါ်လာသည်။

သူ့ဘယ်လက်ကို ထပ်ပြီးယမ်းလိုက်ရာ

နန်းကုန်းထျန်၏လက်မှ

သိုလှောင်လက်စွပ်က

သူ့လက်ထဲကို ပျံတက်လာသည်။

ယန်ယဲ့ က

သူ၏နတ်ဘုရားစိတ်အာရုံအသိကို

သိုလှောင်လက်စွပ်ထဲ ပို့လွှတ်ပြီး

စစ်ဆေးကြည့်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူ့စိတ်ထဲ၌

အတော်လေး အံ့အားသင့်သွားသည်။

အကြောင်းကတော့

သိုလှောင်လက်စွပ်ထဲမှ အာကာသက

အတော်ကိုကြီးမားလို့ပါ။ အကျယ်က ၁၀

ကီလိုမီတာကျော်ရှိခဲ့သည်။ ထို့အပြင်

ယန်ယွဲ့ သည် တစ်စုံတစ်ခုကိုပါ

တွေ့လိုက်သည်။

သစ်ပင်တစ်ပင် ပါ။

အမြင့် မီတာ ၃၀၀ ကျော်မြင့်သော
သစ်ပင်ကြီးတစ်ပင် ။
အကိုင်းအခက်များတစ်လျှောက်
တလက်လက်တောက်ပနေသော
သစ်သီးမြောက်များစွာ ရှိနေခဲ့သည်။

ဘဝဝိညာဉ်သစ်သီးတွေ ။

ယန်ယွဲ့ သည် သစ်ပင်ကို
လှမ်းကြည့်လိုက်ရာ အလုံး ၆ဝ နီးပါး
ခန့်မှန်းမိလိုက်သည်။

ဘဝဝိညာဉ်သစ်သီး အလုံး ၆ဝ။

ပြောနေစရာပင်မလိုပေ။ ယန်ယွဲ့ ကတော့
အတော်လေးကို
စိတ်လှုပ်ရှားနေခဲ့သည်။ဘဝဝိညာဉ်သစ်
သီး ဟာ သူ့အတွက်

အသုံးမဝင်သော်လည်း

သက်တမ်းကုန်ဆုံးခါနီး

မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူများအား

လုံးဝကိုသွေးဆောင်ပါသည်။

တစ်နည်းအားဖြင့်တော့

ဘဝဝိညာဉ်သစ်သီး က သူ့အတွက်

အသုံးမဝင်သော်လည်း

အစွမ်းထက်ကျင့်ကြံသူ အများများကို ဖိတ်ခေါ်နိုင်၏။

ဘဝသစ်ပင်အပြင်

အခြားသောအရာများလည်း ရှိနေသေး၏။ သို့သော်လည်း ယန်ယဲ့၏ မျက်လုံးကို ဖမ်းစားနိုင်ခြင်းမရှိပေ။

လက်ရှိတွင်

သူကိုင်ထားသောရတနာလက်နက်များက

မူလအဆင့်သာဖြစ်လေရာ

သာမန်အရာများက အာရုံမရှိပေ။

ယန်ယွဲ့ သည် ဘဝသစ်ပင်ကို

မူလစေတီထဲသို့ ရွှေ့လိုက်သည်နှင့်

ထူးဆန်းသောမြင်ကွင်းတစ်ခု

ဖြစ်လာသည်။ ဘဝသစ်ပင်က

ရုတ်တရက် တုန်လှုပ်လာပြီး

ကြီးထွားလာတာပါ။ သစ်ပင်အမြင့် မီတာ

၃၀၀ လောက်က ၁

ကီလိုမီတာကျော်မြင့်တဲ့အထိ

ကြီးထွားလာခဲ့သည်။ ယန်ယဲ့ သည်

ဤထူးဆန်းသော မြင်ကွင်းကြောင့်

အံ့အားသင့်စွာ ကြည့်နေခဲ့သည်။

ဘဝသစ်ပင် က နဂိုထက်

သုံးဆပိုကြီးလာတာပါ။

ထို့အပြင် အကိုင်းအခက်များပေါ်ရှိ

ဘဝဝိညာဉ်သစ်သီးများဟာ

အရွယ်အစား နှစ်ဆနီးပါး ကြီးလာသည်။

တစ်ချိန်တည်းမှာပင် အသီးတစ်ခုလုံးကို

သေးငယ်သောအသီးများဖြင့်

ဖုံးအုပ်ထားသည်။ အသီးများက

အလွန်သေးငယ်ပြီး

လက်မအရွယ်သာရှိကြသည်။

အားလုံးက ဘဝဝိညာဉ်သစ်သီး များပါ။

ယန်ယဲ့ သည် တော်တော်လေးကို

အံ့အားသင့်သွားသည်။

ဤအချိန်တွင် ကောင်းကင်ငယ် နှင့်

နှင်းပွင့် က ယန်ယဲ့၏ဘေးနားမှ

ရုတ်တရက် ပေါ်လာသည်။

"ဒါက

မူလခရမ်းရောင်စွမ်းအင်ကြောင့်ဖြစ်တာ

ပါ" ကောင်းကင်ငယ်က

စကားစရင်းပြောပါသည် “ဒီမှာရှိတဲ့

မူလခရမ်းရောင်စွမ်းအင်က

အပြင်ဖက်က ဝိညာဉ်စွမ်းအင်ထက်

သာလွန်တယ်။ ဒါဟာ

လူသားတွေနဲ့နတ်ဆိုးတွေအပေါ်မှာတင်မ

ဟုတ်ဘူး၊

သဘာဝရတနာတွေအပေါ်မှာပါ

သက်ရောက်မှုရှိတယ်။ ဒါမှမဟုတ်

သက်ရှိသတ္တဝါအားလုံးအတွက်
ထိရောက်မှုရှိတယ်လို့ ဆိုရမှာပါ”

ထို့နောက် ဘဝသစ်ပင်ကို စိုက်ကြည့်ကာ
ဆက်ပြောပါသည်
"ဒီမူလခရမ်းရောင်စွမ်းအင်က သူ့ရဲ့
အလားအလာကို
လှုံ့ဆော်ပေးလိုက်တာဖြစ်ရမယ်။ ဒါဟာ
သူ့ရဲ့ အကောင်းဆုံး အလားအလာကို
ကြီးထွားအောင် ကူညီပေးလိုက်တယ်၊

ပြီးတော့ ဒီခရမ်းရောင်စွမ်းအင်က

လူတွေ၊ နတ်ဆိုးသားရဲတွေ၊ နှင်းပွင့်၊ နင်၊

ငါနဲ့ လူတိုင်းအတွက်

အရမ်းအကျိုးရှိပါတယ်။ တခြားဒီမှာ...."

နှင်းပွင့်က ကောင်းကင်ငယ်၏

ပုခုံးပေါ်မှာထိုင်နေရင်း ကမန်းကတန်း

ခေါင်းညိတ်ပြရင်း

သူမ၏လက်သည်းများကို

ဝှေ့ယမ်းလိုက်သည်။

သူမ၏ခြေသည်းဘေးများကြား၌

ခရမ်းရောင်စွမ်းအင်ချည်မျှင်များကပ်ပါ

လာသည်။ နှင်းပွင့်က

သူမ၏ပါးစပ်သေးသေးလေးကို ဟကာ

မျိုချလိုက်သည်။

ထို့နောက် သူမ၏ဗိုက်သေးသေးလေးကို

ညင်သာစွာ ပွတ်သပ်လိုက်သည်။

ခဏအကြာတွင် လက်မအရွယ်ခန့်

ခရမ်းရောင် ရောင်သလင်းကျောက်ကို

ထွေးထုတ်လိုက်သည်။

ခရမ်းရောင်သလင်းကျောက် ကို

မြင်လိုက်သောအခါ ယန်ယွဲ့ သာမကဘဲ

ကောင်းကင်ငယ် လည်း

အံ့အားသင့်သွားသည်။

တစ်ချိန်တည်းမှာပဲ နှင်းပွင့်က

ယန်ယွဲ့ကိုပေးလာသည်။

ယန်ယဲ့က

ခရမ်းရောင်သလင်းကျောက်ကို

လက်ခံယူလိုက်ရင်း မျက်နှာပေါ်တွင်

အလွန်လေးနက်သောအမူအရာတစ်

ခုပေါ်လာခဲ့သည်။

ခရမ်းရောင်သလင်းကျောက်ထဲမှ

စွမ်းအင်က

လုံးဝကိုသန့်စင်နေမှန်းသတိပြုမိလို့ပါ။

အရင်က သူမျိုချနေကျ

စွမ်းအင်ပုလဲများထက်ကို အနည်းဆုံး ၃ ဆလောက် သန့်စင်နေတာပါ။

တစ်နည်းဆိုရသော် သူသည် နောင်လာမည့် တိုက်ပွဲများအတွင်း ဆန်းကြယ်ချီစွမ်းအင်အတွက် စိတ်ပူစရာမလိုတော့ပေ။ တိုက်ခိုက်နေရင်း ခရမ်းရောင်သလင်းကျောက်ကို မျိုချလိုက်သည်နှင့် သူ၏

ဆန်းကြယ်ချီစွမ်းအင်ဟာ

အဆက်မပြတ်ပြန်ပြည့်လာပေမည်။

ယန်ယွဲ့ သည် ဤအချက်ကို

တွေးတောရင်း စိတ်လှုပ်ရှားလာသည်။

ခဏအကြာတွင်တော့ သူ့စိတ်ထဲက

စိတ်လှုပ်ရှားမှုများကို မျိုသိပ်လိုက်ပြီး

နှင်းပွင့်ကို စိုက်ကြည့်ရင်း "နှင်းခဲလေး၊

မင်း

ဘယ်လောက်လုပ်နိုင်လဲ"ဟုမေးပါတော့

သည်။

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး

လက်သည်းများကို

ဝှေ့ယမ်းလိုက်ပါတော့သည်။

ယန်ယွဲ့၏ မျက်နှာပေါ်ရှိ အပြုံးသည်

တဖြည်းဖြည်း

ပျောက်ကွယ်သွားသည်။အကြောင်းမှာ

ခရမ်းရောင်သလင်းကျောက် ဟာ

စွမ်းအင်ပုလဲများထက်

ဖန်တီးရပိုခက်လို့ပါ။

အရှင်းဆုံးပြောရင်တော့

ခရမ်းရောင်သလင်းကျောက်က

နှင်းပွင့်အတွက်

ဖန်တီးရအတော်လေးခက်ခဲပါသည်။

ယခုတစ်ခါ

အမြန်ဖန်တီးနိုင်သည့်အကြောင်းအရင်း

က

မူလခရမ်းရောင်စွမ်းအင်အများမပြားကို

ဆက်တိုက်စုပ်ယူထားလို့ပါ။ ထို့အပြင်

နှင်းပွင့်လေးကိုယ်တိုင်

သေချာအာရုံစိုက်ထားလျှင်ပင်

ခရမ်းရောင်သခင်းကျောက်တစ်လုံးဖန်

တီးဖို့ကာ အချိန် ၂

ပတ်လောက်ကြာပေမည်။

၂ ပါတ် သို့မဟုတ် လဝက်နီးပါး

သဘာဝအတိုင်း နေးကွေးလွန်းသည်။

ယန်ယွဲ့ သည် ထိုအကြောင်းကို တွေးတောမိသောအခါ နှင်းပွင့်ကို စိုက်ကြည့်ရင်း "နှင်းခဲလေး၊ မင်းငါ့အတွက် ဒီထက်ပိုပြီး လုပ်ပေးနိုင်မလား။ နည်းနည်းပိုမလား"ဟုထပ်မေးလိုက်သည်။

နှင်းပွင့် က မျက်တောင်ခတ်လိုက်ပြီး ခေါင်းညိတ်ပြသည်။ ယန်ယဲ့ သည် အတော်လေးပျော်ရွှင်သွား၏။ သို့သော်လည်း နှင်းပွင့် က သူမ၏လက်သည်းလေးများကို ရုတ်တရက်မြှောက်ပြီး ငေ့ယမ်းလိုက်သည်။

အခြေအနေတွေရှိတာလား။

ယန်ယဲ့ သည်

ဘာပြန်ပြောရမှန်းပင်မသိတော့ပေ။

May Be:

၂၁၇၇

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၁၇၇ - ငရဲချောက်နက်

အခြေအနေတွေလား။

နှင်းပွင့်က

အတော်လေးဆိုးသွမ်းလာပုံပါ။

သို့သော် ယန်ယဲ့ သည်

စိတ်ဆိုးသွားခြင်းမရှိပေ။

နှင်းပွင့်၏ခေါင်းလေးကို

ညင်သာစွာပွတ်သပ်ပြီး ပြုံးကာ "မင်းရဲ့

အခြေအနေ ဘယ်လိုရှိလဲ ပြောပြပါ"

နှင်းပွင့်က အပြုံးမပျက်ဘဲ
လက်သည်းများကို
ဝှေ့ယမ်းလိုက်ပါတော့သည်။

သိပ်မကြာလိုက်ပေ၊ ယန်ယဲ့ သည်
နှင်းပွင့်ပြောသည့်အကြောင်းအရာကို
နားလည်လိုက်သည်။

သူမလေး၏ အခြေအနေက
အတော်လေးရိုးရှင်းပါသည်။
အပြင်ထွက်လာပြီးကစားချင်တာပါ။

သို့သော်လည်း ယန်ယဲ့ သည် နှင်းပွင့်ကို
အပြင်ထွက်ခွင့်မပေးလိုခဲ့ပေ။ သူသည်
အချိန်မရွေး
တိုက်ပွဲများရင်ဆိုင်ရပေမည်။

ထို့အပြင် ကောင်းကင်တိုင်တောင်တန်း

သည်

မမြင်နိုင်သောအန္တရာယ်များပြည့်နှက်နေ

ခဲ့သည်။ ထို့ကြောင့် အဆောမကသော

နှင်းပွင့်ကို အပြင်ထွက်ခွင့်မပေးခဲ့ပေ။

ယန်ယဲ့ က ငြင်းရန်ပြင်လိုက်ပြီးမှ

နှင်းပွင့်၏မျက်လုံးလေးများထဲရှိ

မျှော်လင့်ချက်ကို မြင်လိုက်သောအခါ

စကားပြောဖို့အားမရှိတော့ပေ။

ယန်ယဲ့ သည်

သူမ၏ခေါင်းလေးကိုညင်သာစွာ

ပွတ်သပ်ပြီး ပြောပါသည် “မင်းကို

အပြင်ထွက်ခွင့်ပြုမယ် ။ ဒါပေမဲ့

မင်းငါ့ကို ကတိနှစ်ခုပေးရမယ်။

ခေါင်းညိတ်မပြနဲ့ဦးလေ။ အရင်ဆုံး

ငါ့အခြေအနေက ဘယ်လိုလဲဆိုတာ

မင်းကိုတောင် မပြောရသေးဘူး"

နှင်းပွင့်က ချစ်စဖွယ် ပြုံးလိုက်ပြီး

ခေါင်းသေးသေးလေးနှင့်

ယန်ယဲ့၏မျက်နှာကိုပွတ်သပ်လိုက်သည်

။ သူမက သဘောတူကြောင်း

ပြောနေတာပါ။

ယန်ယဲ့က တိုးတိုးလေးပြောလိုက်သည်

“မင်း အပြင်ထွက်ပြီး ဆော့လို့ရပေမယ့်

ငါတိုက်ခိုက်တဲ့အခါကျ မှုလစေတီထဲကို

ချက်ချင်း ဝင်ရမယ်။ ဒါဆိုရင်

အပြင်ထွက်ပြီးကစားခွင့်ပေးမယ်။
အဆင်ပြေတယ်မဟုတ်လား"

နှင်းပွင့်က မျက်တောင်ခတ်ပြီး အမြန်
ခေါင်းညိတ်ပြသည်။

ယန်ယဲ့ က ထပ်ပြောသည် “နောက်ထပ်
အခြေအနေတစ်ခုပါ။ မဆင်မခြင်
ဆော့ကစားလို့တော့မရဘူး”

နှင်းပွင့်က ယခင်ထက်
ပိုပြီးဆိုးသွမ်းလာလို့ပါ။ အထူးသဖြင့်
လက်ရှိတွင် သူမက
ဓားနည်းစနစ်မျိုးစုံကိုပါ သင်ယူထား၏။
ယန်ယဲ့ သည်ပင် နှင်းပွင့်၏ညာဏ်ရည်ကို
အတော်လေးကြောက်လန့်မိသည်။

နှင်းပွင့် ကတော့ အပြင်ထွက်ချင်နေပုံပါ။
ထပ်ပြီးခေါင်းညိတ်ပြပါသည်။

ယန်ယွဲ့ သည် ပြုံးလိုက်သည်။ သူသည် မူလစေတီထဲမှ ထွက်သွားရန် မရွေးချယ်ဘဲ တတိယအထပ်သို့ တက်သွားလိုက်သည်။

တတိယထပ်ရှိ အချိန်ပြောင်းပြန်အခန်းထဲ၌ ကောင်းကင်ကေရီ၊ အမှောင်ကေရီ နှင့် အန်နန်ကျင်း တို့သုံးယောက် ရှိနေကြသည်။

ဤအချိန်တွင် အန်နန်ကျင်း က

ကောင်းကင်ဧကရီ ကိုကြည့်နေသည်။

ယန်ယဲ့၏ အကြည့်များလည်း

ကောင်းကင်ဧကရီ ပေါ်သို့

ကျဆင်းသွားသည် ။

ဤအခိုက်အတန့်တွင် ကောင်းကင်ဧကရီ

သည် မျက်လုံးများကို

တင်းတင်းမှိတ်ထားလျက်

ငြိမ်သက်နေခဲ့သည်။ သို့သော်လည်း သူမထံမှ အစွမ်းထက်အရှိန်အဝါတစ်ခု ထွက်ပေါ်လာသည်။

ယန်ယဲ့ သည် ကောင်းကင်ဧကရီ ဆီသို့ လျှောက်သွားရန် ပြင်လိုက်စဉ် အန်နန်ကျင်း က ရုတ်တရက် တားလိုက်ပြီး "သတိထားပါ"ဟုပြောခဲ့သည်။

ယန်ယဲ့ က "ဘာဖြစ်လို့လဲ"

အန်နန်ကျင်း က “သူမရဲ့ ၃ မီတာအကွာမှာ မနေပါနဲ့။ အဲဒီမှာ အရမ်းပြင်းထန်တဲ့ ဝါးမျိုခြင်းစွမ်းအား ရှိတယ်။ အရမ်းအန္တရာယ်များတယ်”

ဝါးမျိုခြင်းစွမ်းအား ။

ယန်ယဲ့ သည် ကောင်းကင်ဧကရီ ကို
လှည့်ကြည့်လိုက်သည်။ သူသည် သူမ၏
အရည်အချင်းကို
ကောင်းကောင်းသိထားလို့ပါ။
အတိတ်တွင် ယင်ယင်၏
ထူးခြားသောခန္ဓာကိုယ်ဟာ
အရာအားလုံးကိုဝါးမျိုနိုင်ခဲ့သည်။
ထို့အပြင် အဘိုးမှတ်ဆိတ်ဖြူထံမှ
ကောင်းကင်ဘုံဝါးမျိုခြင်းနည်းစနစ်ကို

ရရှိပြီးနောက် ပို၍ပင်
ကြောက်စရာကောင်းလာခဲ့သည်။

အဲဒီအဘိုးကြီးက ဘယ်သူလဲ။

ယန်ယဲ့ သည် အတော်လေး
သိချင်နေခဲ့သည်။ ကံမကောင်းစွာပဲ
ကောင်းကင်ဧကရီ က သူ့ကို
ပြောမပြခဲ့ပေ။ အဓိကကတော့ ယင်ယင်
မဟုတ်တော့လို့ပါ။ သူမက ယင်ယင်

တစ်ယောက်တည်းသာ

ဖြစ်နေသေးရင်တော့ ဖြစ်နိုင်ပါသည်။

ယန်ယဲ့ သည် သူ့အတွေးကို ထိန်းလိုက်ပြီး

အန်နန်ကျင်း ကို စိုက်ကြည့်ကာ "မင်း

အပြင်ထွက်ချင်လား"ဟုမေးလိုက်သည်။

အန်နန်ကျင်းက  ခေါင်းယမ်းရင်း "ဒီမှာ

ကျင့်ကြံချင်တယ်"ဟုပြန်ဖြေသည်။

သူမက စကားခဏရပ်ပြီး “ဒီနေရာက ကျင့်ကြံခြင်းနတ်ဘုရားနယ်မြေတစ်ခုပဲ”

ယန်ယဲ့ က ပြုံးလိုက်သည် "ငါလည်း တွေးမိတယ်"

အမှန်တော့ သူ၏ သဘာဝစွမ်းရည်က အန်နန်ကျင်း၊ ငရဲဧကရီ နှင့် အခြားခန်းမသခင်များ ထက် နိမ့်ကျခဲ့သည်။ ဤနေ့အဆင့်ထိ

ရောက်နေသည်မှာကား

မူလစေတီကြောင့်သာ။ အထူးသဖြင့်

မူလစေတီ၏ တတိယမြောက်အထပ်ရှိ

အခန်းက သူ့အား

အမြန်ဆုံးကျင့်ကြံနိုင်စေသည်။

အန်နန်ကျင်း၏ သဘာဝစွမ်းရည်အရ

အချိန်ပြောင်းပြန်အခန်းမှာသာ

ကျင့်ကြံမည်ဆိုလျှင် လုံး၀

ကြောက်စရာကောင်းလာပေမည်။

သို့သော် အန်နန်ကျင်း

သန်မာလာတာကလည်း သူ့အတွက်

ဝမ်းသာစရာသတင်းကောင်းတစ်ခုပင်။

ထို့နောက်တွင် ယန်ယွဲ့သည် အန်နန်ကျင်း

နှင့် ခဏတဖြုတ်

စကားစမြည်ပြောပြီးနောက်

အမှောင်ဧကရီ ဆီသို့ သွားလိုက်သည်။

အမျောင်ဧကေရီ က ဤအခိုင်အတန့်တွင်

ယခင်ထက် ပိုသန်မာလာပုံပါ။ မှန်သည်၊

အဓိကကတော့

မူလခရမ်းရောင်စွမ်းအင်ကြောင့်ပါ။

ယန်ယဲ့ က အမျောင်ဧကေရီ ကို

ခဏစိုက်ကြည့်ပြီး "တတိယအစ်မ၊ မင်း

ဘယ်လိုခံစားရလဲ"ဟုမေးလိုက်ပါသည်။

နတ်ဘုရားနယ်မြေမြို့တော်၏

အကာအကွယ်အစီအရင်ကို

ချိုးဖျက်လိုက်သည့်နောက်

အမှောင်ဧကရီက

အားကုန်လုနီးပါးဖြစ်သွားမှန်း သူ့စိတ်ထဲ

ကောင်းကောင်းသတိပြုမိခဲ့သည်။

ထိုသို့မဟုတ်လျှင် သွေးဧကရီ က

အမှောင်ဧကရီ ကို မှုလစေတီထဲ

ခေါ်သွားခိုင်းမည်မဟုတ်ပေ။

အမျောင်ဧကေရီ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည် “ငါ

အခုအဆင်ပြေပါတယ်။ ဒီနေရာက

ထူးခြားတယ်” သူမက ခဏရပ်ပြီး “ဒါကို

အပြင်လူမသိစေနဲ့။မဟုတ်ရင် နင်က

အတော်လေးဒုက္ခရောက်နိုင်တယ်”

ယန်ယဲ့ က ပြုံးပြီး "မင်းက

အပြင်လူမဟုတ်ဘူး"

အမှောင်ဧကေရီ က

အနည်းငယ်ကြောင်သွားသည်။ ထို့နောက်

သူမ၏ပါးစပ်ထောင့်မှ

ပါးလွှလွှအပြုံးတစ်ခုပေါ်လာသည်။

အချိန်အနည်းငယ်ကြာပြီးနောက်

သူမ၏ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး “ဟမ့်။

ငါ့စကားကို နားထောင်ပါ။ လူသားတွေရဲ့

စိတ်နှလုံးက ရှုပ်ထွေးတယ်။

ဒီလိုမျိုးအဖိုးတန်ရတနာကို ပိုင်ဆိုင်ဖို့က ဘယ်သူမဆိုသွေးဆောင်နိုင်တယ်။ ဒါကြောင့် မလိုအပ်ရင် မထုတ်တာ အကောင်းဆုံးပါပဲ”

ယန်ယဲ့ က ခေါင်းညိတ်ပြသည်
"ငါနားလည်ပါတယ်"

သူ့အနီးနားရှိ ရင်းနှီးသူများ ကလွဲ၍ အခြားမည်သူ့ကိုမျှ မူလစေတီအကြောင်း

အသိမပေးရဲပေ။ သူ့လက်ထဲမှာ
လူသားမျိုးနွယ်၏ နံပါတ်တစ်
နတ်ရတနာရှိနေကြောင်း
သတင်းပြန့်သွားခဲ့ရင်တော့
သူ့ဘဝတစ်လျှောက်လုံး
ငြိမ်းချမ်းတော့မည်မဟုတ်ပါ။

သို့မဟုတ် သေချာပေါက်
အသတ်ခံရမည်ဟု ပြောသင့်သည်။

ရှေးဟောင်းကျင့်ကြံသူများ အပြင်

လောကသုံးပါးရှိ အန္တတန်ခိုးရှင်များပင်

သူ့ဆီကိုရောက်လာကြပေမည်။

ထိုအချိန်တွင်

တာအိုဝတ်ရုံဝတ်အဘိုးအိုသာ

အပြင်ထွက်မလာပါက သူ့အနေဖြင့်

သေချာပေါက် အသတ်ခံရပါပြီ။

ယန်ယဲ့ သည် အမှောင်ဧကေရီ နှင့်

ခဏကြာ

စကားပြောပြီးနောက်တွင်

သူ့ပခုံးပေါ်တက်ထိုင်နေသော နှင်းပွင့်ကို

စိုက်ကြည့်လိုက်သည်။ သူက ပြုံးပြီး

"လာ၊ အပြင်ထွက်ရအောင်"

စကားပြောပြီးနောက် နှစ်ယောက်စလုံး

နေရာမှာပင် ပျောက်သွားခဲ့သည်။

အပြင်ကမ္ဘာတွင် ။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
အဆောင်တစ်ခုကို ထုတ်ကာ
ချေမွလိုက်သည်။
အနည်းငယ်ကြာပြီးနောက် သူ့ရှေ့ရှိ
အာကာသပြင်က တုန်လှုပ်သွားသည်။

နောက်ထပ် အသက်ရှူချိန် ၂

ရှိုက်စာလောက်အကြာတွင် ယန်ယဲ့ သည်

နှင်းပွင့်ကို ပွေ့ချီထားလျက်

နေရာမှာပင်ပျောက်သွားသည်။

ကောင်းကင်တိုင်တောင်တန်း သည်

တောင်တန်းတစ်ခုမျှသာရှိသော်လည်း

၎င်းသည် အလွန်ပင်ကြီးမားလှသည်။

မြို့ကြီး ၄ မြို့အပြင်

ကောင်းကင်တိုင်တောင်တန်း တစ်ဝိုက်

တောင်ကုန်းအများအပြား ရှိခဲ့သည်။

တောင်ကုန်းအများအပြားက

ကောင်းကင်တိုင်တောင်တန်းရှိ

အလွန်အန္တရာယ်များသော

နေရာများပင်။

အကြောင်းအရင်းမှာ တောင်ကုန်းတိုင်း

မျိုးဆက်ဟောင်းကျင့်ကြံသူများ၊

ရှေးဟောင်းကျင့်ကြံသူများ
ရှိနေနိုင်လို့ပါ။

ပုံမှန်အားဖြင့်
ကောင်းကင်တိုင်တောင်တန်းသို့
ရောက်လာကြသော ကျင့်ကြံသူများဟာ
ထိုတောင်ကုန်းများ ဆီကို
ခြေမချရဲကြပေ။

အခြားတစ်ဖက်တွင် ယန်ယဲ့သည်
ထိုမျှလောက် မတွေးခဲ့ပေ။ သူသည်
အကန့်အသတ်မဲ့သော
တောင်တန်းကြီးအတွင်းပိုင်းသို့သာ
ဝင်ရောက်လာခဲ့သည်။ သို့သော် သူသည်
ပေါ်တင်ဝင်လာခြင်းတော့မဟုတ်ပါ၊
သူ၏အရှိန်အဝါကို လုံးဝ
ဖုံးကွယ်ထားသည်။

နှင်းပွင့် ကတော့ မျက်နှာတွင်
စိတ်လှုပ်ရှားမှုအပြည့်ဖြင့်
ပတ်ဝန်းကျင်တစ်ခုလုံးကို
လှမ်းကြည့်နေသည်။

အချိန်တော်တော်ကြာပြီးနောက်တွင်
ယန်ယဲ့ သည် တောင်ပေါ်သို့
ရောက်လာပြီး ရပ်တန့်သွားခဲ့သည်။
ခဏအကြာမှာပဲ သွေးစေကရီ

နှင့်အခြားသူများ
သူ့ရှေ့တွင်ပေါ်လာကြသည်။

ယန်ယဲ့ကို အကောင်းတိုင်း
မြင်လိုက်သောအခါ လူတိုင်း
သိသိသာသာ သက်သာရာရသွားခဲ့သည်။

အစောပိုင်းက လူတိုင်း
အတော်လေးစိုးရိမ်နေကြတာပါ။ ယန်ယဲ့
သည် မူလနတ်ဘုရားအဆင့် ၆

ကျင့်ကြံသူ အယောက် ၅၀ ကျော်ကို

တစ်ယောက်တည်း ရင်ဆိုင်နေလို့ပါ။

သူတို့တစ်ဖွဲ့လုံး ထွက်မသွားဘဲ

ဆက်ပြီးတိုက်ခိုက်နေရင်တောင်

မူလနတ်ဘုရားအဆင့် ၅ ကျင့်ကြံသူ

အယောက် ၅၀ ကျော်အား

အနိုင်ယူဖို့မဖြစ်နိုင်ပေ။ သို့ရာတွင်

ယန်ယဲ့ သည် အားလုံးကို

သူတစ်ယောက်ပဲ ရင်ဆိုင်ခဲ့သည်။

ကံကောင်းထောက်မစွာ ယန်ယဲ့ သည်

အသတ်မခံရဘဲ

အကောင်းတိုင်းရှိနေသေး၏။

သွေးကေရီ က

ရုတ်တရက်မေးလိုက်သည်

"ငါတို့ရဲ့ အကြီးဆုံးအစ်မ

အဆင်ပြေရဲ့လား"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည် “အခု

သူမက

အတော်လေးအဆင်ပြေနေတယ်။ ဒါ

ပေမဲ့ ဘယ်ချိန်ပြီးမလဲတော့မသိဘူး"

သွေးကေရီ က ခေါင်းခါလိုက်ပြီး

“ငါလည်း မသိနိုင်ဘူး။ ဒါပေမဲ့

သူတည်ငြိမ်နေသရွေ့တော့

ကောင်းပါတယ်” ထို့နောက် ယန်ယွဲ့ ကို

စူးစိုက်ကြည့်ပြီး "နင့်ကိုကူညီဖို့အပြင်

သူတို့ကို နင့်ဆီသွားခိုင်းလိုက်တာက
တခြားအကြောင်းပြချက်တစ်ခုနဲ့
ကူညီခိုင်းလိုက်တာ။ အဲဒါက နင် ငါတို့ကို
တစ်ခုခုကူညီပေးမယ်လို့
ငါမျှော်လင့်ထားလို့"

ဤအချိန်တွင် သွေးကေရီ က
တစ်စုံတစ်ခုကို တွေးတောနေပုံရပြီး
"နင့်ရဲ့အကူအညီလိုတယ်ဆိုပေမယ့်
ငါတို့က များများစားစားမကူညီခဲ့ဘူး"

ယန်ယဲ့ က ပြုံးပြီး “ဒုတိယအစ်မ၊ အဆင်ပြေပါတယ်။ ဒီလိုမျိုး တစ်ခါမှ မတွေ့ဖူးဘူး။ ငါအလေးအနက်ပြောနေတာပါ။ ငါသာ တခြားစိတ်ရှိနေရင် မင်းကို ငါ့ရဲ့ ဒုတိယအစ်မလို့ မခေါ်ဘူး"

သွေးကောရီက ယန်ယဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ရင်း

ပြိုးပြသည် "ငါပဲ
အတွေးလွန်နေတာထင်တယ်"

ယန်ယဲ က "ဆက်ပြောပါဦး၊
မင်းငါ့အကူအညီလိုတာ ဘာလဲပြောပါ"

သွေးကေရီ က "ချိတ်ပိတ်စည်းတစ်ခုကို
ချိုးဖျက်ဖို့ ကူညီပါ"

"ချိတ်ပိတ်စည်း...." ယန်ယဲ့က ဆက်ပြောလိုက်သည် "ဒုတိယအစ်မ၊ မင်း ငါ့ကို ကောင်းကင်တိုင်ပေါ်က ချိတ်ပိတ်စည်းကိုချိုးဖျက်ဖို့တော့ ပြောမှာမဟုတ်လောက်ဘူး၊ ဟုတ်တယ်မလား"

သွေးဧကရီ က ခေါင်းခါလိုက်သည် “နင့်မှာ သစ်သားဓားရှိရင်တောင် အခုလက်ရှိနင့်ခွန်အားနဲ့

အဲဒီချိတ်ပိတ်စည်းကို မဖြုတ်နိုင်ဘူး။

နင့်ကို အကူအညီတောင်းနေတဲ့ ကိစ္စက

အဲဒါထက် အများကြီး ပိုလွယ်တယ်။

ဒါပေမဲ့

သိပ်တော့မလွယ်သေးဘူး၊အနည်းဆုံး

တော့ ငါတို့အားလုံး ဘာမှ မလုပ်နိုင်ဘူး"

ယန်ယဲ့ သည် ပါးစပ်ထောင့်များ

တုန်လှုပ်သွားသည်။

ဒါကိုလွယ်တယ်လို့ ခေါ်သလား။

သူသည် သွေးကေရီ၊ အမှောင်ကေရီ နှင့် အခြားခန်းမသခင်များ၏ အင်အားကို ကောင်းကောင်းသိထားခဲ့သည်။ သို့သော်လည်း ချိတ်ပိတ်စည်းတစ်ခုကို ချိုးဖျက်နိုင်စွမ်းမရှိခဲ့ကြပေ။ ထိုသို့ဆိုလျှင် ချိတ်ပိတ်စည်းက မည်မျှအထိ ကြောက်စရာကောင်းမှန်းသိသာပါသည်။

ဤအတောအတွင်း သွေးကေရီ က

တက်ပြောခဲ့သည် “အဲဒီနေရာက

ခန်းမသခင်ရှောင်စီးယောင်

အနားယူခဲ့တဲ့နေရာပါ။ဒါပေမဲ့ သူမက

အဲဒီနေရာကို ချိတ်ပိတ်ထားခဲ့တယ်။

ငါတို့ခွန်အားက ဒီချိတ်ပိတ်စည်းကို

ချိုးဖျက်ဖို့အထိ လုံးလုံး

မလုံလောက်ဘူး။ နင်တစ်ယောက်ပဲ ၊

မဟုတ်သေးဘူး သေချာပြောရရင်

နင့်ခွန်အားနဲ့သစ်သားဓားကို
ပေါင်းစပ်လိုက်ရင်တော့
ချိတ်ပိတ်စည်းကိုချိုးဖျက်ဖို့အခွင့်အရေး
ရှိတယ်”

သစ်သားဓား ။

ယန်ယွဲ့ က သူ့လက်ဝါးကို လှန်ရင်း
သစ်သားဓားကို ဆုပ်ကိုင်လိုက်သည်။
ပြောစရာမလိုအောင်ပါ၊ သူသည်

သစ်သားဓား ဖြင့် ချိတ်ပိတ်စည်းများကို ချိုးဖျက်တာမျိုးမမြင်ဖူးသေးပေ။

သို့သော် သေချာပေါက် ကြောက်စရာကောင်းမည်ကိုတော့ သိနေပေသည်။

သွေးကေရီက ထပ်ပြောပါသည် “ဒါက ခန်းမသခင်ရှောင်စီးယောင် ကို နောက်ဆုံးတွေ့ခဲ့တဲ့နေရာပါ၊ ငါတို့က

အဲဒီနေရာကို သွားကြည့်ရမယ်။ ဒါမှပဲ သူမက လောကသုံးပါး ဒါမှမဟုတ် တခြားတစ်နေရာရာကို ရောက်သွားသလားဆိုတာ သိနိုင်မှာ”

ယန်ယဲ့က "ငရဲခန်းမရဲ့ အဖွဲ့ဝင်တွေအကုန်ရောက်လာတာလား၊ ဒါမှမဟုတ် မင်းတို့တင်ပဲလား"

သွေးကေရီ က “ခန်းမသခင်အသစ်လည်း

ဒီမှာပါ ။ ဒါပေမဲ့ ဖန်းယင်ယု နဲ့ သူမက

ငါတို့နဲ့အတူလိုက်မလာသေးဘူး။

သူတို့ဘယ်မှာရှိတယ်ဆိုတာတော့

ငါမသိသေးဘူး။

ဒီကိုရောက်တာနဲ့ ငါတို့က သူတို့နဲ့

အဆက်အသွယ်ရခဲ့တယ်”

ယန်ယွဲ့ က ခဏတုံ့ဆိုင်းသွားပြီး

"ဒုတိယအစ်မ၊ မင်းတို့တွေက

အရင်ခန်းမသခင်ဘယ်မှာရှိတယ်ဆိုတာ

သိဖို့ သူ့နေရာကို

ရှာနေကြတာလား"

သွေးဧကရီ က

ရုတ်တရက်ငြိမ်သွားသည်။

ယန်ယဲ့ က ထပ်ပြောပါသည်

“အဆင်ပြေပါတယ်။ မင်းမပြောချင်ရင်

ငါမေးမှာမဟုတ်ဘူး။ သွားကြရအောင်"

ဤအတောအတွင်းမှာပဲ သွေးကေရီ က

တိုးတိုးလေးပြောပါသည်

"ငါနင့်ကိုအခုမပြောနိုင်သေးဘူး။

အခုကသိလို့မကောင်းသေးဘူး။ ဒါပေမဲ့

အချိန်ကျရင် သိလာမှာပါ”

ယန်ယဲ့က ပြုံးပြီး "ကောင်းပြီ။

ချိတ်ပိတ်စည်း က ဘယ်မှာလဲ"

သွေးကေရီ က အဝေးဆီသို့

လှမ်းမျှော်ကြည့်လိုက်သည်။ ထို့နောက်

အချိန်တော်တော်ကြာသည်အထိ

တိတ်ဆိတ်နေပြီးမှ ပြန်ဖြေခဲ့သည် “

ငရဲချောက်နက်။

ကောင်းကင်တိုင်တောင်တန်းရဲ့

တားမြစ်နယ်မြေ”

###Book.134